# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်၊ အင်္ဂါနေ့ အတွဲ (၆၂)၊ အမှတ် (၁၁၁)


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သဗ္ဗညုဘုရားသို့ လာရောက်ဖူးမြော်ကြသည့် ခရီးသွားပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

## ကုလားပဲစိုက်ပျိုးချိန်နီး၍ မျိုးပဲများ အရောင်းအဝယ်သွက်

**နေပြည်တော် အောက်တိုဘာ ၁၀**

မန္တလေးကုန်စည်ဒိုင်တွင် အောက်တိုဘာလ ပထမပတ်၌ ကုလားပဲ ပြန်လည်စိုက်ပျိုးချိန်နီး၍ မျိုးပဲများ အရောင်းသွက်နေကြောင်း၊ လက်ကျန်နည်းလာပြီး ပြည်တွင်းပဲခွဲစက်သမားများနှင့် ကုလားပဲစိုက်ရန် မျိုးပဲများ အရောင်းအဝယ်သွက်နေကြောင်း၊ အများဆုံး စိုက်ပျိုးသော မျိုးပဲများမှာ ကုလားပဲဖြူလုံးကြီး (V2)၊ ကုလားပဲထိုင်ဝမ်နှင့် ကုလားပဲ 929 မျိုးများကိုသာ အဓိကစိုက်ပျိုးကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ကုလားပဲ (ထိုင်ဝမ်) ၅၇ ဒသမ ၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ငွေကျပ် ၁၇၂၀၀၀ မှ ၁၇၅၀၀၀၊ ယခင်တစ်ပတ်က ငွေကျပ် ၁၆၅၀၀၀၊ ယခင်လက ငွေကျပ် ၁၈၇၀၀၀ မှ ၁၈၈၀၀၀ ဖြစ်ခဲ့သည်။

*စာမျက်နှာ ၄ ကော်လံ ၅* ❐

## သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်သူ များပြားလျက်ရှိ

**ညောင်ဦး အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ အောက်တိုဘာ ၁၀ ရက် (သီတင်းကျွတ်လပြည့်ကျော် ၁ ရက်) တွင် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးမိဘပြည်သူများ လာရောက်လည်ပတ်လျက်ရှိရာ သမိုင်းဝင်အထင်ကရဘုရားများနှင့် သမိုင်းဝင်အဆောက်အအုံ၊ သာသနိကအဆောက်အအုံများတွင် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သည့် ပြည်သူများပြားလျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ)မှ ဦးမျိုးမင်းအောင် (လက်ထောက်ညွှန်ကြားရေးမှူး)ထံမှ သိရသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❖

## ပျဉ်းမနားမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေး


**ပျဉ်းမနား အောက်တိုဘာ ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေကြသည့် တောင်သူများအတွက် သွင်းအားစုလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးစရိတ် ချေးငွေကျပ်သိန်း ၄၅၀၀ ကို ထုတ်ချေးပေးရန် လျာထားဆောင်ရွက်ထားရှိရာ သတ်မှတ်အုပ်စုများအလိုက် စတင်ထုတ်ချေးပေးနေလျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၅* ◆

**ယနေ့ ဖတ်စရာ**


ရောဝတီမြစ်၏ ရေဝေရေလဲဒေသ “ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော” ဇီဝစုံလင် သဘာဝဝန်းကျင် စာ - ၁၆


လူမှုစီးပွားဘဝမြှင့်တင်ဖို့ နေကြာအထွက်တိုးအောင် စိုက်ကြစို့ ဆောင်းပါး စာ - ၂၀

ပြည်တွင်းစက်သုံးဆီဖူလုံစေရေးအတွက် စက်သုံးဆီများ ပုံမှန်တင်သွင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ စီးပွားရေးသတင်းများ စာ - ၁၂

# အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ရတနာ အစဉ်ထာဝရ တည်တံ့ရေး

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို တင့်တယ်ခမ်းနား စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပပြီဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် (၂၂)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ကျင်းပခဲ့ပြီးနောက် ပြိုင်ပွဲကျင်းပမှုများ ရပ်ဆိုင်းသွားခဲ့သည့် ခြောက်နှစ်တာကာလပတ်လုံး ရတနာထုပ်ပျောက်ဆုံးသွားသည့်နှယ် နှမြောတသ ဝမ်းနည်းခံစားကြရကြောင်း ရိုးရာယဉ်ကျေးမှု ချစ်မြတ်နိုးသူ အနုပညာရှင်ကြီးများက တညီတညွတ်တည်း ဆိုကြပြီး ယခုနှစ်တွင် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြန်လည်ကျင်းပသည့်အပေါ် အထူးဂုဏ်ယူဝမ်းမြောက်ဝမ်းသာစွာဖြင့် ထောက်ခံအားပေးကြကြောင်း ကြားသိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တစ်နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့် ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်းတွင် "မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပညာရပ်တွေဟာ National Treasure တွေဖြစ်ပါတယ်။ ပြီးခဲ့တဲ့ကာလများမှာ မြန်မာ့ယဉ်ကျေးမှုအကကို ဖက်စပ်ဖန်တီးမှုတွေကြောင့် ဖက်စပ်အကတွေ ခေတ်စားလာရပြီး မြန်မာ့ယဉ်ကျေးမှုအတွက် စိုးရိမ်ရမှတ် အနေအထားထိ ဖြစ်လာပါတယ်။ ရွှေတိဂုံစေတီပုံရိပ်ပေါ်မှာ ဖိနပ်နင်းအက ကခဲ့ရတဲ့အထိ ဘာသာရေးနဲ့ ယဉ်ကျေးမှုနယ်ပယ် ပျက်စီးခဲ့ရပါတယ်။ မြန်မာ့ဓလေ့ရဲ့ ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနားဆိုတဲ့ မွန်မြတ်လှသော အလေ့အကျင့်တွေအပေါ် Online Media တွေ အသုံးချကာ လူငယ်တို့ရဲ့ ယဉ်ကျေးသိမ်မွေ့မှု အခြေခံစိတ်ဓာတ်တွေကို ဖျက်ဆီးခံခဲ့ရပါတယ်"ဟူ၍ ထည့်သွင်းပြောကြားခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၉)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" ဟူသည့် လူမှုရေးဦးတည်ချက်တစ်ရပ်လည်း ပါဝင်သည်။

၁၉၉၃ ခုနှစ်မှစကာ ၂၀၁၆ ခုနှစ်အထိ နှစ်စဉ်ကျင်းပခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများမှ မျိုးဆက်သစ်အနုပညာရှင် အများအပြားပေါ်ထွက်လာပြီး မြန်မာ့ယဉ်ကျေးမှုအနုပညာများ ဆက်လက်ရှင်သန်ရေး လက်ဆင့်ကမ်းပေးနိုင်ခဲ့သည်။ ပြိုင်ပွဲကျင်းပမှု ရပ်ဆိုင်းသွားခဲ့သည့် ကာလများတွင်မူ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်သည် ဘက်ပေါင်းစုံမှ နည်းပေါင်းစုံဖြင့် ထိပါးမှုများကို ခံခဲ့ရသည်။ စင်စစ် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုကိုဖျက်ဆီးခြင်းသည် ထိုလူမျိုး၏ အမျိုးသားဝိသေသလက္ခဏာကို ဖျက်ဆီးခြင်းဖြစ်ပြီး အနှစ်သာရအားဖြင့် လူမျိုးကို ဖျက်ဆီးခြင်းပင်ဖြစ်သည်ကို သတိပြုကြရမည်ဖြစ်သည်။ မိမိတို့နိုင်ငံသည် နှစ်ပေါင်းထောင်ချီကြာမြင့်ပြီဖြစ်သည့် ကိုယ်ပိုင်အမှတ်သရုပ်လက္ခဏာ၊ ကိုယ်ပိုင်ယဉ်ကျေးမှုတို့ ခိုင်ခိုင်မာမာ၊ မြင့်မြင့်မားမား ရှိထားပြီးဖြစ်သည့်အလျောက် လက်ဆင့်ကမ်းအမွေခံယူကာ ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သကဲ့သို့ မျိုးဆက်သစ်များသို့လည်း ပခုံးပြောင်းတာဝန် ပေးအပ်ကြရမှာဖြစ်သည်။

နေပြည်တော်တွင် ယနေ့စတင်ကျင်းပပြီဖြစ်သည့် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ပြိုင်ပွဲဝင် ၂၀၀၀ကျော်တို့ ယှဉ်ပြိုင်ရန် ရောက်ရှိနေကြပြီဖြစ်ပြီး မိမိတို့၏ အနုပညာအရည်အသွေးများကို အမြင့်မားဆုံးဖော်ထုတ်ပြသ သွားကြတော့မည်ဖြစ်သည်။ နိုင်ငံတော်အဆင့်ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ခမ်းနားတင့်တယ်စွာ ပြင်ဆင်ထားသကဲ့သို့ ပြိုင်ပွဲဝင်အဖွဲ့များနှင့် ဒိုင်အဖွဲ့ဝင်များအတွက် နေထိုင်စားသောက်ရေး၊ ကျန်းမာရေး အစရှိသည်တို့အတွက်လည်း လိုလေသေးမရှိ ဖြည့်ဆည်းပေးထားသည့်အားလျော်စွာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် ပွဲဝင်ယှဉ်ပြိုင် အောင်ပန်းဆင်နိုင်ကြပါစေကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## (၂၉)ကြိမ်မြောက် နိုင်ငံတကာ သွေးတိုးရောဂါဆေးပညာအဖွဲ့ အစည်းအဝေး တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၁၀**

ဂျပန်နိုင်ငံ ကျိုတိုမြို့၌ ကျင်းပမည့် (၂၉) ကြိမ်မြောက် နိုင်ငံတကာ သွေးတိုးရောဂါ ဆေးပညာအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ဂျပန်နိုင်ငံသို့ ထွက်ခွာကြသည်။**(ယာပုံ)**



အဆိုပါ အစည်းအဝေးကို အောက်တိုဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်းနှင့် ကမ္ဘာ့နိုင်ငံများမှ သွေးတိုးရောဂါ ဆေးပညာအဖွဲ့အစည်း ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များအဖြစ် ကျန်းမာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံ သွေးတိုးရောဂါ ဆေးပညာအဖွဲ့ အထွေထွေ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာရဲမြင့်၊ တွဲဖက်အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမင်းဇော်ဦးနှင့် အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာရှင်နှောင်းလွင်တို့ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ယင်း အစည်းအဝေးတွင် သွေးတိုးရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများ၊ ပြောင်းလဲလာသည့် သွေးတိုးရောဂါဆိုင်ရာ ဆေးကုသမှု နည်းစနစ်များ၊ ဆေးဝါးများ၊ သုတေသနလုပ်ငန်းများနှင့်ပတ်သက်၍ အမြင်ချင်း ဖလှယ်ဆွေးနွေးကြမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတကာနှင့် ဆေးပညာနယ်ပယ်တွင် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိရာ မကြာမီကာလများတွင်လည်း ဆေးပညာဆိုင်ရာ ဆွေးနွေးပွဲများနှင့် သင်တန်းများ တက်ရောက်ရန် ကိုယ်စားလှယ်များ ထပ်မံစေလွှတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **"ပန်းခင်း"**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်း ဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်) ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

**ရေချိုးတာရေး နည်းလမ်းများ**

- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ အပန်းဖြေနေရာများ၌ အများပြည်သူများဖြင့် စည်ကား

**နေပြည်တော် အောက်တိုဘာ ၁၀**

ယနေ့သည် ၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညိုခြင်း၊ တရားဘာဝနာ ပွားများကျင့်ကြံအားထုတ်ခြင်း၊ ဒါနပြုကုသိုလ်ယူ သီလဆောက်တည်ခြင်း၊ အထင်ကရနေရာများ၊ ပန်းခြံများ၊ အပန်းဖြေနေရာများ၌ အပန်းဖြေခြင်းတို့ဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး **(ယာပုံ)**၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလအခါသမယအဖြစ် ဆီမီးများ ပူဇော်ခြင်းနှင့် ဖူးမြော်ကြည်ညိုခြင်းများကို ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူခဲ့ကြသည်။ ၎င်းအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့၍ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများ ကျွေးမွေးခြင်းများ၊ ဘုရားဖူးလာ မိဘပြည်သူများအား စတုဒိသာ ကျွေးမွေးခြင်းများကိုလည်း မြန်မာ့ရိုးရာ ထုံးတမ်းအစဉ်လာများနှင့်အညီ ပြုလုပ်ခဲ့ကြသည်။

ထို့အပြင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ တပ်တွင်းဓမ္မာရုံကြီး၌ ဝတ်ဖြူတော်အသင်းက ကြီးမှူးကျင်းပသည့် နှစ်ကျိပ်ရှစ်ဆူဘုရားများ မြို့တွင်းလှည့်လည်ပူဇော်ပွဲ ကျင်းပသည်။





ပုသိမ်မြို့ သမိုင်းဝင်ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

နှစ်ကျိပ်ရှစ်ဆူဘုရားများကို မော်တော်ယာဉ်များဖြင့် ပင့်ဆောင်ပူဇော်ပြီး မြို့လုံးပတ် (ပျဉ်းမနားမြို့အတွင်း) လှည့်လည်ပူဇော်ခံခဲ့ပြီး စေတနာရှင်ပြည်သူများက ဆီမီး၊ ပန်း၊ အလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းခဲ့သည်။ အဆိုပါ နှစ်ကျိပ်ရှစ်ဆူသော ဘုရားများကို နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့၌ ဝတ်အသင်းများဖြင့် လှည့်လည်ပူဇော်ခံခဲ့ကြသည်။

၎င်းအပြင် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ လမ်းများပေါ်တွင်လည်း ဘုရားဖူးပြည်သူများ၊ အပန်းဖြေခရီးသွားရောက်သူများဖြင့် စည်ကားလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပန်းခြံများ၊ အပန်းဖြေဥယျာဉ်များနှင့် ကမ်းခြေများ၌လည်း သီတင်းကျွတ်ရုံးပိတ်ရက် လာရောက်အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ထို့အပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်းရှိ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများ တပ်ဆင်ခြင်း၊ မီးရောင်စုံများ တပ်ဆင်ထားသည့် ပုံစံငယ်များဖြင့် မီးအလှများ ဆင်ယင်ထားသကဲ့သို့ နေပြည်တော် ရေပန်းဥယျာဉ်တွင်လည်း ရောင်စုံမီးများတပ်ဆင်ထားပြီးလာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌လည်း ဆီမီးများ ပူဇော်ထွန်းညှိခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ဥယျာဉ်၊ ပန်းခြံများနှင့် အများပြည်သူ အပန်းဖြေနေရာများတွင်လည်း ရောင်စုံမီးများဖြင့် မီးအလှများ တပ်ဆင်ထားရှိကာ ပြည်သူများ လာရောက်အနားယူ အပန်းဖြေလျက်ရှိကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက် ရှိသည်ကို တွေ့ရစဉ်။



ပျဉ်းမနားမြို့၌ နှစ်ကျိပ်ရှစ်ဆူ ဘုရားများ မြို့တွင်းလှည့်လည် အပူဇော်ခံစဉ်။



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဦးပိန်တံတား၌ လာရောက်လည်ပတ် အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် အထက်မြန်မာပြည်ခရစ်ယာန်အသင်းတော်ကောင်စီနှင့် ပြင်ဦးလွင်ခရစ်ယာန် အသင်းတော်များကောင်စီမှ ဆရာတော်များ၊ သင်းအုပ်ဆရာများနှင့် တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၀**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်သည် အောက်တိုဘာ ၉ ရက် မွန်းလွဲ ၂ နာရီခွဲက မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနွမ်၊ တာဝန်ရှိသူများနှင့်အတူ ပြင်ဦးလွင်မြို့ Saint Peter Angelecan Church ဘုရားကျောင်း၌ အထက်မြန်မာပြည် ခရစ်ယာန်အသင်းတော်များ ကောင်စီနှင့် ပြင်ဦးလွင် ခရစ်ယာန်အသင်းတော်များ ကောင်စီများမှ ဆရာတော်များ၊ သင်းအုပ်ဆရာများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းများနှင့်အညီ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ရောဂါ ကာလဖြစ်သော်လည်း မိသားစုအသွင် Social Distancing ဖြင့် တွေ့ဆုံခွင့်ရသည့်အတွက် ကျေးဇူးတော်ချီးမွမ်းရမည်ဖြစ်ကြောင်း၊ တိုင်းပြည်အတွက် လိုအပ်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး Unity, Peace and Development တို့ကို ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မေတ္တာကရုဏာထားခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဝိုင်းဝန်းဖော်ဆောင်နိုင်ကြောင်း၊ တိုင်းသူပြည်သားအားလုံးအကျိုးကိုရှေးရှု၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ဝိုင်းဝန်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်ပြီး တိုင်းပြည်အေးချမ်းသာယာဖွံ့ဖြိုးအောင် တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနွမ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။



ယင်းနောက် အထက်မြန်မာပြည် ခရစ်ယာန်အသင်းတော်များ ကောင်စီနှင့် ပြင်ဦးလွင် ခရစ်ယာန်အသင်းတော်များ ကောင်စီများ၏ အသင်းတော်များမှ ဆရာတော်များနှင့် သင်းအုပ်ဆရာများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်နယ်လက်ရွေးစင်အသင်းအား တွေ့ဆုံအားပေး

**မြစ်ကြီးနား အောက်တိုဘာ ၁၀**

နေပြည်တော်၌ အောက်တိုဘာ ၂၀ ရက်တွင် ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၁၆) နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ကချင်ပြည်နယ် လက်ရွေးစင်ဘောလုံးအသင်းအား အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီက ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများက မြစ်ကြီးနားလေဆိပ်၌ လိုက်လံနှုတ်ဆက်အားပေးသည်။




ရှေးဦးစွာ နေပြည်တော်သို့ သွားရောက် ယှဉ်ပြိုင်ကြမည့် ဘောလုံးအသင်းနည်းပြ၊ အုပ်ချုပ်သူများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲတွင် အကောင်းဆုံးနှင့် အသန့်ရှင်းဆုံးဖြစ်အောင် ယှဉ်ပြိုင်ကစားကြရေး၊ ကြိုးစားယှဉ်ပြိုင်ကြရန်နှင့် အောင်ပွဲကိုရရှိပြီး ပြည်နယ်၏ ဂုဏ်ကို ဆောင်နိုင်ခဲ့သည့် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားကြရေးနှင့် ကျန်းမာရေး အထူးဂရုစိုက်ကြရန် အားပေးပြောကြားသည်။

ထို့နောက် နောင်ရာမိသားစုကုမ္ပဏီလီမိတက်၊ ပြည်နယ် ဖူဆယ်ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးဂျပ်မွန်းအောင်က ကစားသမားများနှင့် နည်းပြအုပ်ချုပ်သူများအား ထောက်ပံ့ငွေကျပ် ၁၃ သိန်းကို ပေးအပ်သည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် အောက်တိုဘာ ၉ ရက် ညနေပိုင်းက မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ အောက်တိုဘာ ၆ ရက်မှ စတင်ကျင်းပလျက်ရှိသည့် ကချင်ပြည်နယ်အမျိုးသမီး အားကစားအဖွဲ့ ဆပ်ကော်မတီနာယကဖလား ခရိုင်ပေါင်းစုံ အသက် (၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင် ကစားနေမှုကို အောက်တိုဘာ ၉ ရက် ညနေပိုင်းက ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အမျိုးသမီးအားကစားအဖွဲ့ ဆပ်ကော်မတီနာယက၊ အဖွဲ့ဝင်များ၊ ဒေသခံများနှင့်အတူ သွားရောက်ကြည့်ရှု အားပေးသည်။

ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် မြစ်ကြီးနားခရိုင်အသင်းနှင့် ပူတာအိုခရိုင်အသင်း၊ မိုးညှင်းခရိုင်အသင်းနှင့် ဗန်းမော်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပူတာအိုခရိုင်အသင်းက မြစ်ကြီးနားခရိုင်အသင်းကို ငါးဂိုး- နှစ်ဂိုးဖြင့်လည်းကောင်း၊ ဗန်းမော်ခရိုင်အသင်းက မိုးညှင်းခရိုင် အသင်းကို ခြောက်ဂိုး - တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရကြရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးတို့က ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ပြိုင်ပွဲဝင် အသင်းများအား ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သန်လျင်မြို့နယ် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**သန်လျင် အောက်တိုဘာ ၁၀**

သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ငါးပြေမကျေးရွာ၌ မြင့်မြတ်ဥမ္မာကုမ္ပဏီမှ ဆောင်ရွက်ခဲ့သော ကုန်ထုတ်မြေသားလမ်းခင်းခြင်းလုပ်ငန်းနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် Stong Marlion ကုမ္ပဏီက ဆက်လက်ဆောင်ရွက်မည့် မြေသားလမ်းခင်းခြင်းလုပ်ငန်းများကို အောက်တိုဘာ ၇ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးတေဇာနေမျိုးဝင်းနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးကျော်သူကိုကို တို့နှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ခရိုင်နှင့်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ ဦးစီးမှူးများက လိုက်လံရှင်းလင်းပြသပြီး တာဝန်ရှိသူများနှင့်လုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေးအတွက် ညှိနှိုင်းဆွေးနွေးသည်။

**သန်းဝင်း(သန်လျင်)**

❒ *ရွှေဖိုးမှ*

ယခင်တစ်ပတ်ထက် ငွေကျပ် ၇၀၀၀ မှ ၁၀၀၀၀ မြင့်တက်လာပြီး ယခင်လထက် ငွေကျပ် ၁၃၀၀၀ မှ ၁၅၀၀၀ လျော့နည်းနေသေးကြောင်း သိရသည်။

ကုလားပဲဖြူလုံးကြီး (V-2) ၅၆ ဒသမ ၂၅ ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ငွေကျပ် ၁၈၈၀၀၀ မှ ၁၉၀၀၀၀၊ ယခင်တစ်ပတ် ငွေကျပ် ၁၈၃၀၀၀ မှ ၁၈၄၀၀၀၊ ယခင်လ ငွေကျပ် ၂၀၈၀၀၀ မှ ၂၁၀၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ငွေကျပ် ၅၀၀၀ မှ ၆၀၀၀ မြင့်တက်လာပြီး ယခင်လထက် ငွေကျပ် ၂၀၀၀၀ လျော့နည်းကြောင်း သိရသည်။

ကုလားပဲ(929) ၅၆ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ငွေကျပ် ၁၈၀၀၀၀ မှ ၁၇၈၀၀၀၊ ယခင်တစ်ပတ် ငွေကျပ် ၁၇၃၀၀၀ မှ ၁၇၄၀၀၀၊ ယခင်လ ငွေကျပ် ၁၉၅၀၀၀ မှ ၁၉၆၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ငွေကျပ် ၅၀၀၀ မှ ၆၀၀၀ မြင့်တက်လာပြီး ယခင်လထက် ငွေကျပ် ၂၂၀၀၀ လျော့နည်းသည်။

ကုလားပဲဖြူလုံးကြီး(V-7) ၅၇ ဒသမ ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ငွေကျပ် ၁၉၅၀၀၀ မှ ၂၀၀၀၀၀၊ ယခင်တစ်ပတ် ငွေကျပ် ၂၀၀၀၀၀၊ ယခင်လ ငွေကျပ် ၂၁၅၀၀၀ မှ ၂၂၀၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ငွေကျပ် ၅၀၀၀၊ ယခင်လထက် ငွေကျပ် ၂၀၀၀၀ လျော့နည်းနေသေးကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**မြန်မာ့အလင်း**

◆ *ရွှေဖိုးမှ*

ဆောင်းသီးနှံစိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးပေးနေမှုနှင့် စပ်လျဉ်း၍ ပျဉ်းမနားမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဒေါ်နန့်တင်စန်းက "တောင်သူတွေအနေနဲ့ သွင်းအားစုတွေ ထည့်သွင်းကြတဲ့နေရာမှာ သုံးစွဲနေရတဲ့ ကုန်ကျစရိတ်တွေအတွက် အထောက်အကူဖြစ်အောင် ကျွန်မတို့မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေပြီး အတိုးနှုန်းသက်သာစွာနဲ့ စိုက်ပျိုးစရိတ်ချေးငွေတွေကို ရာသီအလိုက် ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ပျဉ်းမနားမြို့နယ်အနေနဲ့ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေအတွက် ကျပ်သိန်း ၄၅၀၀ ကို တင်ပြတောင်းခံပြီး ဆောင်းသီးနှံစိုက်ပျိုးကြတဲ့တောင်သူတွေကို တစ်ဧကငွေကျပ်တစ်သိန်းနှုန်းနဲ့ စတင်ထုတ်ချေးပေးနေတာဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

ချေးငွေထုတ်ချေးပေးမှုအနေဖြင့် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာအုပ်စုအတွင်းရှိ တောင်သူ ၁၇၇ ဦးတို့၏ မတ်ပဲစိုက်ပျိုးဧက ၈၆၀ အတွက် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၈၆၀ ကို ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း ကျေးရွာအုပ်စုများအလိုက် ချေးငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ ငြိမ်းချမ်းရေးဆွေးနွေးရန် နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၀**

တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးတို့အတွက် ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ချက်အရ မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Resort သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ တိုင်းရင်းသားတိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက **ထာဝရငြိမ်းချမ်းရေးကိုရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ** စသည့် မွန်ဘာသာနှင့် မြန်မာဘာသာစာသားပါ ဆိုင်းဘုတ်များ ကိုင်ဆောင်၍လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍လည်းကောင်း ကြိုဆိုခဲ့ကြသည်။

မွန်ပြည်သစ်ပါတီ (NMSP) ဒုတိယဥက္ကဋ္ဌဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့နှင့် ပထမအကြိမ် တွေ့ဆုံဆွေးနွေးမှုများကို ၂၀၂၂ ခုနှစ် မေလ ၂၃ ရက်မှ ၂၅ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့်



ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းကြရန် သဘောတူညီနိုင်ခဲ့ကြသည်။ ယခု ဒုတိယအကြိမ် လာရောက်ဆွေးနွေးရာတွင်လည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ နိုင်ငံရေးလိုလားချက်နှင့်အနာဂတ်လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းရန် လမ်းဖွင့်ထားကြောင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ မလာရောက်သေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း မည်သည့်အခြေအနေမျိုးတွင်မဆို ကြိုတင်ကန့်သတ်ချက်မထားဘဲ လာရောက်ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုင်းတုံမြို့ အမောဒေတောင်ထိပ် ရှုခင်းအလှများ ကြည့်ရှုရန် ခရီးသွားများအား ဖိတ်ခေါ်

**ရန်ကုန် အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့မှ ၁၉ မိုင်အလွန် ကျိုင်းတုံ-မိုင်းခွန်၊ မိုင်းခုတ်-မိုင်းဆတ် လမ်းပေါ်တွင် တည်ရှိသော အမောဒေတောင်ကြော သဘာဝရှုခင်းနေရာသို့ နှစ်စဉ်ဆောင်းဦးပွင့်လင်းရာသီ၌ အပန်းဖြေသွားရောက်သူများပြားခဲ့ရာ ယခုအောက်တိုဘာလဆန်း၌ပင် အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိပြီး(ယာပုံ) ပွင့်လင်းခရီးသွားရာသီ နိုဝင်ဘာလတွင် အဆိုပါအမောဒေတောင်ထိပ်၌ သဘာဝရှုခင်းအလှကို ကြည့်ရှုကြသည့် အပန်းဖြေသူများ ယမန်နှစ်ထက် ပိုမိုဝင်ရောက်နိုင်ရန် ဒေသခံတိုင်းရင်းသားတို့က ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။

စိမ်းစိုနေသော တောင်တန်းများအကြား ဖောက်လုပ်ထားသော ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်-မိုင်းဆတ် လမ်းပေါ်တွင်ရှိသောအမောဒေတောင်ကြော၌ မြူနှင်းများ ဝေသီလျက် တိမ်ပင်လယ်ပမာ တိမ်စိုင်များ မျက်စိတဆုံးဖြန့်ကြက်လျက်ရှိရာ အောက်တိုဘာလဆန်း၌ ကျိုင်းတုံမြို့မှ လူငယ်များ၊ မိသားစုများနှင့် တာချီလိတ်မှ နိုင်ငံခြားခရီးသွားအချို့ သဘာဝရှုခင်းအလှကို ကြည့်ရှုခံစားရန် တစ်နေ့တာ အပန်းဖြေ လည်ပတ်လျက်ရှိသည်။



အဆိုပါ သဘာဝအလှရှုခင်းတည်ရှိရာနေရာသို့ ခရီးသွားများအနေဖြင့် ကျိုင်းတုံနှင့် ကျိုင်းတုံ-မိုင်းဖြတ်လမ်းမှ သွားရောက်ကြလေ့ရှိကာ ကျိုင်းတုံအခြေပြု ခရီးသွားကုမ္ပဏီများ အလုပ်အကိုင်ပွင့်လန်းလျက်ရှိသည်။ ကျိုင်းတုံမြို့မှ တောင်ပေါ်သို့ကားဖြင့် တစ် နာရီခွဲခန့်ခရီးတွင် ကနဦး ၁၉ မိုင် သဘာဝတရားရိပ်သာသို့ရောက်ရှိပြီး ထိုမှတစ်ဆင့် ၃ မိုင်ခန့်ဆက်သွားပါက အမြင့်ပေ ၆၇၇၀ ရှိသော လားဟူတိုင်းရင်းသားတို့နေထိုင်ရာ လွယ်ပိကော်လာတောင်ထိပ်ဖြစ်သော အမောဒေရွာသို့ရောက်ရှိ၍ လမ်းခရီးကောင်းမွန်မှုကြောင့် နွေ၊ မိုးဆောင်း အပန်းဖြေခရီးသွားများဖြင့် စည်ကားလျက်ရှိသည်။

၁၉ မိုင် သဘာဝတရားရိပ်သာတောင်ပေါ်တွင် သဘာဝအလှဖြင့် ဆွဲဆောင်လျက်ရှိသည့်နည်းတူ ဆောင်းရာသီတွင်လည်း မြေပြင်တောတောင်အလှ၊ ကောင်းကင်မှသဘာဝအလှနှင့် ဥတုရာသီအလှတို့ ပေါင်းစုံမှုကြောင့် သဘာဝအလှများ စုဝေးပေါ်ထွန်းမှုဖြင့် ခရီးသွားများကို ဆွဲဆောင်လျက်ရှိရာ ယာဉ်များ၊ စက်ဘီး/ ဆိုင်ကယ်များ အဖွဲ့လိုက်လာရောက် အပန်းဖြေလည်ပတ်လျက်ရှိသည်။ ၂၀၂၁ ခုနှစ်တွင် လူသိများလာသော ကျိုင်းတုံမြို့ ၁၉ မိုင်အလွန် သဘာဝတရားရိပ်သာနှင့် အမောဒေတောင်ထိပ် သဘာဝရှုခင်းအလှသို့ လာရောက်ကြသည့်ခရီးသွားတို့အနေဖြင့် လားဟူတိုင်းရင်းသားရိုးရာ အစားအစာနှင့် ဒေသထွက်သီးနှံများ၊ စားသောက်ကုန်များ ဝယ်ယူကြခြင်းကြောင့် ဒေသခံတိုင်းရင်းသားများ စီးပွားရေးအဆင်ပြေလျက်ရှိကာ နိုဝင်ဘာလ ဆောင်းဦးရာသီ၌ အပန်းဖြေခရီးသွားများ ပိုမိုဝင်ရောက်နိုင်ရန် ခရီးသွားဝန်ဆောင်မှုကုမ္ပဏီများနှင့် ဒေသခံတောင်ပေါ်တိုင်းရင်းသားတို့က ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# မင်းဘူးမြို့နယ် ကန်ရေ-၁ ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှုစစ်ဆေး

**မင်းဘူး အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာတွင်းလမ်းများ ရေရှည်ပိုမိုကောင်းမွန်ခိုင်ခံ့စေရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ကန်ရေ-၁ ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကန်ရေ-၁ ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၆၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဖွံ့ဖြိုးရေး လုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားခဲ့ပြီး ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို VDP စီမံကိန်း ပံ့ပိုးငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၀သိန်း စုစုပေါင်းငွေကျပ် ၁၁၁ သိန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီမံခန့်ခွဲမှုဖြင့် စက်တင်ဘာ ၁၂ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်းနှင့် မင်းဘူးမြို့နယ်အတွင်း ယခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၁၂ ရွာ၌ VDP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကို ထံမှ သိရသည်။

**ဇင်မာ**



# ပဲခူးမြို့ သံဃမဟာပဝါရဏာပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက် လောင်းလှူပူဇော်ကြည်ညို

ပဲခူး အောက်တိုဘာ ၁၀

**ပဲခူးမြို့ သံဃမဟာပဝါရဏာပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၉ ရက်) မွန်းလွဲပိုင်းက ပဲခူးမြို့ ရွှေမော်ဓောဘုရား အနောက်ဘက်မုခ်ရှိ မဟာသီဝလိသိမ်တော်၊ ကြခတ်ဝိုင်းကျောင်းတိုက်သိမ်တော်၊ မဟာကလျာဏီ သိမ်တော်နှင့် ကမ္ဘဋ္ဌာန်းကျောင်းတိုက်သိမ်တော် စသည့်နေရာများတွင် ကျင်းပသည်။**

သံဃမဟာပဝါရဏာပွဲတော်အား ရွှေမော်ဓောဘုရားအနောက်ဘက်မုခ်ရှိ မဟာသီဝလိ သိမ်တော်ကြီး၌ ပဲခူးမြို့ မြို့မစာသင်တိုက်ဆရာတော် ဦးဆောင်၍ သုဓမ္မာဂိုဏ်းဝင် ကျောင်းပေါင်း ၃၅၈ ကျောင်းမှ သံဃာတော် ၂၈၅၂ ပါးတို့က (၁၀၃၁) ကြိမ်မြောက် ပဝါရဏာပြုပွဲကိုလည်းကောင်း၊ ကြခတ်ဝိုင်းကျောင်းတိုက် သိမ်တော်ကြီးတွင် ကြခတ်ဝိုင်းကျောင်းတိုက် ဆရာတော်ကြီးကဦးဆောင်၍ ရွှေကျင်ဂိုဏ်းဝင် သံဃာတော် အပါး ၁၉၀ က (၁၅၇)ကြိမ်မြောက် ပဝါရဏာပြုပွဲကိုလည်းကောင်း၊ မဟာကလျာဏီ သိမ်တော်ကြီးတွင် သာသနာ့မဏ္ဍိုင်ကျောင်းတိုက်ဆရာတော်ကြီးက ဦးဆောင်၍ ရွှေကျင်ဂိုဏ်းဝင်ကျောင်းပေါင်း ၃၉ ကျောင်းမှ သံဃာတော် ၄၈၉ ပါးတို့က (၁၄၁)ကြိမ်မြောက် ပဝါရဏာပြုပွဲကိုလည်းကောင်း၊ ကမ္ဘဋ္ဌာန်းကျောင်းတိုက် သိမ်တော်ကြီးတွင် ကမ္ဘဋ္ဌာန်းကျောင်းတိုက် ဆရာတော်ကြီးက ဦးဆောင်၍ မဟာဒွါရဂိုဏ်းဝင်ကျောင်းပေါင်း ၁၅ ကျောင်းမှ သံဃာတော်အပါး ၈၀ တို့က (၂)ကြိမ်မြောက် ပဝါရဏာပြုပွဲကို သက်ဆိုင်ရာဂိုဏ်းဝင် ဆရာတော်များက နေရာခွဲ၍ ပဝါရဏာပြုတော်မူကြကြောင်း သိရသည်။

သံဃမဟာပဝါရဏာပြုတော်မူကြသည့် ရဟန်းသံဃာများအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင် အေးကျော်၊ အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ တပ်ရင်း/တပ်ဖွဲ့မိသားစုများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်၊ အလှူရှင်များက နဝကမ္မအလှူငွေများ၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်တော်များ လောင်းလှူကြကြောင်း သိရသည်။



ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် စုပေါင်းလှူဒါန်းမှုတန်ဖိုးငွေကျပ်၃၅၁၃၃၆၀၀ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကား

ပြည် အောက်တိုဘာ ၁၀

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) တွင် ပြည်မြို့ ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလှသည်။

အဘိဓမ္မာ အခါတော်နေ့ ညနေပိုင်းတွင် စေတီတော်ရင်ပြင်မြတ်စွယ်တော်တိုက်၌ (၁၂)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကျင်းပပြီး စေတီတော်အောက်ပစ္စယံရှိ မုခ်ဦးစောင်းတန်းများ၊ ခတ်လှေကားများ၊ ကားပါကင်နှင့်ဆိုင်ကယ် အပ်နှံရေးစခန်းတို့တွင် ယာဉ်ကြီး/ယာဉ်ငယ် အသွယ်သွယ်တို့ဖြင့် ဘုရားဖူးလာသူများအထူးစည်ကားများပြားကာ ဗိုလ်ချုပ် လမ်းမကြီးဘေး မြောက်စောင်းတန်းရှေ့ အနီးတစ်ဝိုက်တွင်လည်း ကောက်ညှင်းကျည်တောက်၊ ရေမုန့်နှင့် လမ်းသရဲမုန့်များ အပါအဝင် ဒေသထွက် ရိုးရာအစားအစာများ၊ သစ်သီးဝလံ ပန်းမန်များနှင့် သီတင်းကျွတ်ရိုးရာ မီးပုံးအလှများ၊ အမှတ်တရလက်ဆောင်ပစ္စည်းများ ရောင်းသူ/ဝယ်သူများဖြင့် စည်ကားသည်။ ထို့အတူ အလယ်ပစ္စယံနှင့် အထက်ပစ္စယံ ရင်ပြင်တော်တို့၌လည်း ဘုရားရေသပ္ပာယ်သူများ၊ ဆီမီး၊ ပန်း၊ ရေချမ်းကပ် လှူပူဇော်သူများ၊ တရားဘာဝနာပွားများသူ များဖြင့် အထူးစည်ကားသည်။

ရွှေဆံတော် စေတီတော်မြတ်ကြီးအား အများပြည်သူဖူးမြော်ကြည်ညိုနိုင်ရန် နေ့စဉ်နံနက် ၅ နာရီမှ ည ၉ နာရီအထိ ဘုရားဖူးချိန် ပုံမှန်ဖွင့်လှစ်ထားရှိပေးထားပြီး ယခုသီတင်းကျွတ်ကာလတွင် ပြည်မြို့နှင့်အနီးတစ်ဝိုက်ရှိ ဒေသတွင်းပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများပြားကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

“ဘုရားဖူး လာသူတွေများတယ်။ အခါကြီးနေ့ကြီး လည်းဖြစ်၊ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်လည်း ဖြစ်တာကြောင့် ဘုရားဖူးလာများတယ်။ လာတာကတော့ မြို့ခံတွေရော၊ အခြားမြို့တွေကရော အစုံပဲ”ဟု ရွှေဆံတော်ဘုရား၌ နေ့/ညခတ်လှေကား တာဝန်ထမ်းဆောင်သူတစ်ဦးက ပြောသည်။

ထို့အတူ ပြည်ရွှေဆံတော်စေတီမြတ်ကြီးအနီးရှိ ဆယ်ထပ်ကြီးဘုရား အပါအဝင် မြို့ပေါ်ရပ်ကွက်အသီးသီးရှိ သမိုင်းဝင်ဘုရားစေတီပုထိုးများနှင့် ပြည်မြို့ ဧရာဝတီမြစ်အနောက်ဘက်ကမ်း ပန်းတောင်းမြို့နယ်ရှိ ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးတို့တွင်လည်း အလားတူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)



# မိုးညိုမြို့နယ် ညောင်ဝိုင်းကျေးရွာ၌ ဗုဒ္ဓရုပ်ပွားတော်မြတ်အား လှည့်လည်အပူဇော်ခံခြင်းနှင့် မီးထွန်းပွဲပြုလုပ်

မိုးညို အောက်တိုဘာ ၁၀

၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာနေ့) တွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်ညောင်ဝိုင်းကျေးရွာရှိကိုးတောင်ပြည့်ဘုရား၌ ကျေးရွာနေပြည်သူများ၊ အလှူရှင်များစုပေါင်း၍ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဒေသစာရီလှည့်လည် အပူဇော်ခံခြင်း၊ မီးထွန်းပွဲနှင့် စတုဒိသာကျွေးမွေး လှူဒါန်းခြင်းများကို ယမန်နေ့က ပြုလုပ်သည်။

ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဒေသစာရီလှည့်လည် အပူဇော်ခံရာတွင် ဂေါပကအဖွဲ့ဝင်များ၊ ပရိတ်ရွတ်အသင်းများ၊ ကျေးရွာနေပြည်သူများ လိုက်ပါလျက် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ လှည့်လည်အပူဇော်ခံခဲ့သည်။

ထို့နောက် ညနေပိုင်းအချိန်တွင် ဘုရားဖူးလာရောက်သူများ၊ ဆီမီးပူဇော်ရန် လာရောက်သူများအား မုန့်ဟင်းခါးအဟာရဒါန ကျွေးမွေးလှူဒါန်းပြီး ညပိုင်းတွင် ဘုရားပရိဝုဏ်အတွင်းနှင့် ကျေးရွာအတွင်းတို့၌ အလှဆင်မီးပုံးများ ထွန်းညှိပူဇော်ခြင်း၊ ဆီမီး၊ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ခြင်းဖြင့် ပျော်ရွှင်စွာ ကုသိုလ်ပြုဆောင်ရွက်ကြကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း




နေပြည်တော် အောက်တိုဘာ ၁၀

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ လျောင်းတော်မူ ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ ပညာရေးစင်တာ ကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ရွှေဟင်္သာတောရ ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ကျော်အောင်စံထားကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဇေယျာမြိုင်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ ဒဂုံပရိယတ္တိစာသင်တိုက်၊ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ သာသနဟိတပရိယတ္တိ စာသင်တိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သီရိနေဉ် ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ လောကအတုလမာန်အောင်ကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ကိုးသောင်း သာသနာ့မင်္ဂလာကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်ရှိ ပါရမီဓမ္မရိပ်သာကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ပဲခူးပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိစက်ဘပူကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ကန်ကြီးပရိယတ္တိစာသင်တိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်


❖ ရွှေဖုံးမှ

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသသို့ ဘုရားဖူးမြော်ခွင့်ကို ကိုဗစ်-၁၉ ရောဂါ မြန်မာပြည်စတင်ကူးစက်ချိန်မှစတင်ပြီး ပုဂံဒေသရှိဘုရားများ ဖူးမြော်ခွင့်၊ လေ့လာခွင့်ပိတ်ထားခဲ့ရာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှစတင်ပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ဂေါပကအဖွဲ့ထားရှိသည့် ဘုရား ၁၉ ဆူအပါအဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ဘုရား၊ စေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံများ ကိုဗစ်-၁၉ရောဂါ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖူးမြော်ခွင့်ပြုခဲ့ကြောင်း ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

**လာရောက်ဖူးမြော်**

ယခုရက်ပိုင်း ဘုရားဖူးတွေ အတော်များလာကြကြောင်း၊ ဟဲဟိုး၊ တကောင်း၊ တောင်ကြီး၊ ဟိုပုံး၊ နတ်မောက်၊ မကွေး၊ ပဲခူး၊ ပခုက္ကူ၊ ကျောက်ပန်းတောင်း၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပြင်ဦးလွင်၊ လားရှိုး၊ ရေစကြို၊ တောင်သာ၊ မြင်းခြံ၊ သိန္နီမြို့၊ ကွမ်လုံမြို့၊ လောက်ကိုင်မြို့စသည့်မြို့များမှ လာရောက်ကြကြောင်း၊ တုရင်တောင်စွယ်တော်မြတ် စေတီ၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ ရွှေဆံတော်၊ ထီးလိုမင်းလို၊ ရွှေစည်းခုံ၊ မနုဟာ၊ အာနန္ဒာ၊ ဗူးဘုရား၊ အလိုတော်ပြည့်၊ ကျောက်ဂူဥမင်၊ ပြဿ ကြီးဘုရား၊ သဗ္ဗညုဘုရားနှင့် ကန်တော့ပလ္လင်ဘုရားများသို့ လာရောက်ဖူးမြော်သူ ငါးသောင်းကျော်ခန့်အထိ လာရောက်ဖူးမြော်ကြောင်း သိရသည်။

မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးပြည်သူများသည် သမိုင်း အထင်ကရဘုရားများအပြင် ရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ သာသနိက အဆောက်အအုံ၊ စေတီပုထိုး၊ ဘုရားများရှိ နံရံဆေးရေး ပန်းချီများကိုလည်း စိတ်ဝင်စားမှုမြင့်တက်လာကြောင်း၊ ယခုရက်ပိုင်းလို ဘုရားဖူးများလာရောက်ခဲ့ပါက ဈေးဆိုင်များ၊ မြင်းလှည်းအငှား လိုက်သူများ၊ အီးဗိုက်ငှားစားသူများ၊ တုတ်တုတ်ခေါ် သုံးဘီးအငှားသမားများ၊ ဗူးဘုရားမြစ်ဆိပ် စက်လှေအငှားလိုက်သူများ ပြန်လည်အဆင်ပြေလာနိုင်ကြောင်း၊ ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ ဘုရားဖူးလာရောက်သူ များပြားလာသည်မှာ သုံးနှစ်အတွင်း လာရောက်ဖူးမြော်သည့် ဘုရားဖူးဦးရေ မြင့်တက်လာလျက်ရှိရာ အောက်တိုဘာ ၇ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ ဘုရားဖူးလာသူ များပြားလျက်ရှိကြောင်း ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများတွင်လည်း ဘုရားဖူးများဖြင့် ပြည့်နေကြောင်း သိရသည်။



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဗူးဘုရား၌ ဘုရားဖူးလာပြည်သူများကို စည်ကားစွာ တွေ့ရစဉ်။

**ကိုကြေးမုံ**

## ခိုလမ်မြို့နှင့် ကွန်ဟိန်းမြို့တို့၌ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များ ဆွမ်းဆန်တော်များ၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ လောင်းလှူ



**နေပြည်တော် အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့၌ မြို့လုံးကျွတ် စုပေါင်း၍ ဆွမ်းဆန်တော် လောင်းလှူခြင်းကို ယနေ့ နံနက်ပိုင်းတွင် မြို့တွင်းလမ်းမကြီးတစ်လျှောက်၌ ပြုလုပ်ရာ အဆိုပါမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း အသီးသီးမှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များ စုစုပေါင်းအပါး ၄၀၀ ကြွရောက်တော်မူကြပြီး အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဆွမ်းဆန်တော်များ၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများအား စုပေါင်းလောင်းလှူခဲ့ကြပြီး ဒေသခံ ရှမ်းတိုင်းရင်းသားများက ရှမ်းရိုးရာ အိုးစည်ဗုံမောင်းများနှင့် တိုးနယားအကများဖြင့် လှည့်လည်ခဲ့ကြသည်။

အဆိုပါ ဆွမ်းဆန်တော်လောင်းလှူပွဲကို ခိုလမ်မြို့၌ နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ် လပြည့်ကျော် ၁ ရက်နေ့တွင် ကျင်းပလျက်ရှိသည်။

အလားတူ ကွန်ဟိန်းမြို့ပေါ်နှင့် ပတ်ဝန်းကျင်ရှိ ဘုန်းတော်ကြီးကျောင်း ၁၇ ကျောင်းမှ သံဃာတော် ၃၀၄ ပါးကိုလည်း ကွန်ဟိန်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဆွမ်းဆန်တော်များ၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ လောင်းလှူကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ) သတင်းစဉ်**

## ကော်ဖီဆံအရည်အသွေးစစ်ဆေးခြင်းနှင့် ကော်ဖီသောက်သုံးမှု အရည်အသွေးအကဲဖြတ်ခြင်း (အခြေခံ)သင်တန်းကို စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံကော်ဖီအသင်း (MCA)တို့ ပူးပေါင်းဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၁၀**

မြန်မာ့ကော်ဖီသည် ကမ္ဘာ့ကုန်စည်ဈေးကွက်တွင် အထူးတန်းဝင်ကော်ဖီ (Myanmar Speciality Coffee) အဖြစ် နေရာတစ်ခု အခိုင်အမာရရှိထားပြီး ဥရောပ၊ အမေရိကနှင့် ဂျပန်နိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်းများစွာသို့ တင်ပို့လျက်ရှိရာ ဈေးကောင်းရရှိနေသည်မှာ ရှစ်နှစ်ကျော်ခန့်ရှိပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ အရည်အသွေးကောင်း ကုန်းမြင့်ကော်ဖီနှင့် မြေပြန့်ကော်ဖီမျိုးများ စိုက်ပျိုးထုတ်လုပ်နိုင်သည့် ရေမြေရာသီဥတု အခြေခံကောင်းသော ဒေသများစွာရှိနေရာ ကော်ဖီ အဓိက တင်ပို့သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက မြန်မာနိုင်ငံကော်ဖီအသင်း (MCA) နှင့် သက်ဆိုင်ရာ အသင်းအဖွဲ့များ၊ ပုဂ္ဂလိကများ၊ ကော်ဖီတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကော်ဖီအရည်အသွေးစစ်ဆေး**

ကော်ဖီသီးမှည့်ကို စတင်ဆွတ်ခူးသည်မှ သောက်သုံးသည့်အဆင့်အထိ လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ကော်ဖီအရည်အသွေး ကောင်းမွန်ရန် ဆောင်ရွက်ရမည့် လုပ်ငန်းများရှိသကဲ့သို့ ကော်ဖီဆံအရည်အသွေးစစ်ဆေးခြင်းနှင့် ကော်ဖီသောက်သုံးမှု အရည်အသွေး စမ်းသပ် အကဲဖြတ်ခြင်းသည်လည်း အရေးကြီးသော နည်းပညာရပ်တစ်ခုအဖြစ် ပါဝင်လျက်ရှိရာ ကော်ဖီလုပ်ငန်းရှင်များနှင့် ကော်ဖီလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်လိုသူများ Coffee Crop to Cup အသိပညာ ဗဟုသုတများ ရရှိစေရန် ကော်ဖီဆံအရည်အသွေးစစ်ဆေးခြင်းနှင့် ကော်ဖီသောက်သုံးမှု အရည်အသွေး စမ်းသပ်အကဲဖြတ်ခြင်း နည်းပညာဆိုင်ရာ အခြေခံ အခြေခံသင်တန်းကို မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(ပွေးတောင်)ရှိ မြန်မာနိုင်ငံကော်ဖီအသင်း၏ ကော်ဖီဆိုင်ရာ အသိပညာပေးစင်တာ (Coffee Knowledge Center) ၌ အောက်တိုဘာ ၅ ရက်မှ ၆ ရက်အထိ နှစ်ရက်သင်တန်း ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ သင်တန်းဖြစ်မြောက်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီ သီးနှံဌာနခွဲ၊ မြန်မာနိုင်ငံ ကော်ဖီအသင်း(MCA) နှင့် မန္တလေးကော်ဖီ အုပ်စု(MCG) တို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး သင်တန်းတွင် ကော်ဖီကောင်းတစ်ခွက် ရရှိနိုင်ရန် ကော်ဖီသီးမှည့်ကို စတင်ဆွတ်ခူးသည်မှ ကြိတ်ခွဲထုတ်လုပ်သည့် လုပ်ငန်းစဉ်တစ်လျှောက်လုံးနှင့် သိုလှောင်ထိန်းသိမ်းခြင်း၊ ကော်ဖီလှော်ခြင်း၊ အမှုန့်ကြိတ်ခြင်း၊ ကော်ဖီဖျော်စပ်ခြင်းမှ သောက်သုံးသည့်အဆင့်ထိ အဆင့်တိုင်း၏ အရေးပါမှုတို့ကို သက်ဆိုင်ရာ ပညာရှင်များက ပို့ချဆွေးနွေးသည်။

**ထပ်မံဖွင့်လှစ်နိုင်ရေး**

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၀ ဦး တက်ရောက်လေ့လာပြီး ကော်ဖီဆံ အရည်အသွေး စစ်ဆေးခြင်းနှင့် ကော်ဖီသောက်သုံးမှု အရည်အသွေး စမ်းသပ်အကဲဖြတ်ခြင်း နည်းပညာဆိုင်ရာ အခြေခံသင်တန်းများ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံကော်ဖီအသင်း (MCA) တို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# လွိုင်လင်မြို့၌ (၉၃) ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**လွိုင်လင် အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့၌ ၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ အောက်တိုဘာလ ၁၀ ရက် မွန်းလွဲ ၁ နာရီက ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မိန်းလမ်းတစ်လျှောက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(အောက်ပုံ)**

ဝါဆိုဝါကပ်တော်မူကြသော လွိုင်လင်မြို့ပေါ်ရှိ ကျောင်းတိုက်များနှင့် ကျေးရွာဘုန်းကြီးကျောင်းများမှ ရဟန်းသံဃာတော်များ၊ သီလရှင်ဆရာကြီး ဆရာလေးများအား မြို့လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူရခြင်း ဖြစ်ကြောင်း သိရသည်။ ဆွမ်းဆန်စိမ်း လောင်းလှူပွဲတွင် လွိုင်လင်မြို့ မြို့လယ်ကျောင်းတိုက် မဟာမြတ်မုနိဘုရားကြီးစုရပ်မှ မြတ်စွာဘုရားရှင်နှင့် သံဃာစုစုပေါင်း အပါး ၃၂၀ တို့က ဆွမ်းဆန်စိမ်း လောင်းလှူမည့် မုခ်ဦး၊ ရာဇမတ်ကာရံထားသည့် ပန်းခင်းလမ်းသို့ ဒေသစာရီကြွချီ လာရာ လွိုင်လင်မြို့ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ ရဟန်း၊ သာမဏေများနှင့် သီလရှင် ဆရာကြီး ဆရာလေးများအား ဆွမ်းဆန်စိမ်း လောင်းလှူကြကြောင်း သိရသည်။

၁၅၁



○ ကျောဖုံးမှ

မတူရင်မတုနဲ့ လေ့လှော်အသင်းတို့က ပထမပွဲစဉ်အဖြစ် ယှဉ်ပြိုင်လှော်ခတ်ကြပြီး ပြိုင်ပွဲတွင် လေ့လှော်အသင်း ခြောက်သင်း ပါဝင်ယှဉ်ပြိုင်သည်။

ထို့နောက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ စတုတ္ထဆုနှင့် နှစ်သိမ့်ဆုရရှိသော အသင်းများကို ယာဝဘောဇနကျောင်း ဆရာတော်၊ မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကန်ကြီးစေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

သားငယ် (ပြန်/ဆက်)

## မော်လမြိုင်မြို့ရှိ ဘုရား၊ စေတီပုထိုးများ၌ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုသူများဖြင့် အထူးစည်ကားလျက်ရှိ

**မော်လမြိုင် အောက်တိုဘာ ၁၀**

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၀ ရက် ၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့သည်လည်း သီတင်းကျွတ်ရုံးပိတ်ရက်၊ အလုပ်ပိတ်ရက်များဖြစ်သည်နှင့်အညီ မော်လမြိုင်မြို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖူးမြော်ကြည်ညိုလျက်ရှိရာ မော်လမြိုင်မြို့ပေါ်ရှိ ကျိုက်သလ္လံဆုတောင်းပြည့် စေတီတော်မြတ်ကြီး၊ မဟာမြတ်မုနိဘုရား၊ ဦးဇိနဘုရား၊ ဦးခန္တီဘုရား၊နဂါးမောက်စေတီတော်နှင့် အခြား ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလအခါသမယအဖြစ် ပန်း၊ ဆီမီးများပူဇော်ခြင်း၊ မြတ်စွာဘုရားရှင်အား ဖူးမြော်ကြည်ညိုခြင်းများကို ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူခဲ့ကြသည်။

မော်လမြိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်လမ်းများပေါ်တွင်လည်း ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိပြီး တောင်ရိုးတန်းလမ်းတစ်လျှောက် ဘုရား၊ စေတီပုထိုးများ၌လည်း သီတင်းကျွတ်ရုံးပိတ်ရက် လာရောက်အပန်းဖြေ အနားယူကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# သီတင်းကျွတ်ရုံးပိတ်ရက်/ကျောင်းပိတ်ရက် ပလင်းကမ်းသာယာဆင်စခန်းသို့ လာရောက်လည်ပတ်အပန်းဖြေသည့် ခရီးသွားပြည်သူများဖြင့် စည်ကား

**ညောင်ဦး အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အနောက်ပုလင်းကျေးရွာအနီးဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းသို့ သီတင်းကျွတ်လပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်နေ့တို့တွင် အပန်းဖြေခရီးလာရောက်လည်ပတ်သူများနှင့် ဆင်များလေ့လာလိုသူ ခရီးသွားပြည်သူများ လာရောက်လည်ပတ်မှု များပြားခဲ့ပြီး ဆင်စာကျွေးမွေးသူ၊ ဆင်စီးသူများလည်း များပြားခဲ့ကြောင်း ပလင်းကမ်းသာယာဆင်စခန်းတာဝန်ရှိသူများထံမှ သိရသည်။

**ဥယျာဉ်ငယ် ပြုလုပ်ဖန်တီးပေးထား**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းက ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းသည် ညောင်ဦးမြို့နှင့် ငါးမိုင်ခန့်အကွာ ညောင်ဦး -ပခုက္ကူ- မြင်းခြံကားလမ်းမကြီးဘေး ဧရာဝတီမြစ်ကမ်းဘေး၌ ဖွင့်လှစ်ထားရှိပြီး ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ ဘုရားဖူးလာခရီးသွားပြည်သူများ ခရီးတစ်ထောက် လာရောက်အပန်းဖြေနားနေရာ တစ်ခုလည်းဖြစ်ကြောင်း၊ ပလင်းကမ်းသာယာဆင်စခန်းဝင်းအတွင်း ကလေးကစားကွင်းပါရှိပြီး ကလေးဥယျာဉ်အဖြစ် ငယ်စဉ်ကတည်းက သစ်ပင်၊ ပန်းပင် သစ်တောတို့ကို မြတ်နိုးတတ်စေရန် ဥယျာဉ်ငယ် ပြုလုပ်ဖန်တီးပေးထားကြောင်း၊ ဆင်ပြတိုက်တွင်လည်း စုံလင်စွာပြသပေးထားပြီး ကမ္ဘာတွင် မြန်မာတစ်နိုင်ငံသာ အိမ်မွေးဆင်အများစု ပိုင်ဆိုင်ကြောင်း၊ အာဖရိကဆင်နှင့် အာရှဆင်ခွဲခြားပြသထားပြီး အာရှဆင်များသည် အာဖရိကဆင်များထက် ခွန်အားကြီးမားပုံ၊ အာရှဆင်ခေါ် မြန်မာ့ဆင်များ မြန်မာ့သစ်လုပ်ငန်းတွင် အရေးပါခဲ့ပုံ၊ သစ်တောဝန်ထမ်းများနှင့် မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းများ ဆင်များ စောင့်ရှောက်ပုံ၊ ဆင်စွယ်အမျိုးမျိုးနှင့် ဆင်ဝန်ထမ်းအဆင့်ဆင့် နေအိမ်များကို ဆင်ပြတိုက်တွင် ပြသထားပုံနှင့် ဆင်စခန်းဝင်း ဆင်များနေထိုင်ပုံတို့ကို ခရီးသွား၊ အပန်းဖြေလာ ဆင်လေ့လာလိုသူများ သိရှိလိုသည်များကို ဆင်စခန်းတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပေးကြောင်း သိရသည်။



**ဆင်စာဘူဖေးကျွေးသူ များပြား**

သီတင်းကျွတ်လပြည့်နေ့တွင် ဆင်များအတွက် ဆင်စာဘူဖေးကျွေးသူ များပြားခဲ့ပြီး ဧရာဝတီမြစ်ကမ်းဘေးတွင် ဆင်စခန်းလာ ဆင်ချစ်သူများ အပန်းဖြေနားနေနိုင်ရန် ခြေတံရှည်တဲများတွင် အပန်းဖြေသူများဖြင့် စည်းကားခဲ့သည်။ ဆင်စခန်းများသို့ လာရောက်လေ့လာလည်ပတ်ခြင်းဖြင့် မြန်မာ့ဆင်များ ကိုယ်တိုင်ထိန်းသိမ်းရန် အင်အားဖြစ်စေကြောင်းလည်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်ရင်း ပလင်းဆင်စခန်းသို့ လာရောက်လေ့လာခဲ့သည့် နတ်မောက်မြို့ ဘုန်းတော်ပြည့်ကျေးရွာမှ ဦးသန်းဝင်းထွန်းက ပြောသည်။

ကိုကြေးမုံ



# တောင်ငူမြို့ရှိ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ (၆၁) ကြိမ်မြောက် သံဃမဟာပဝါရဏာလောင်းလှူပူဇော်ပွဲ ပြုလုပ်

**နေပြည်တော်  အောက်တိုဘာ  ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ (၆၁)ကြိမ်မြောက် သံဃမဟာပဝါရဏာ လောင်းလှူပူဇော်ပွဲကို အောက်တိုဘာ ၉ ရက်က အဆိုပါစေတီတော်မြတ်ကြီး၌ ပြုလုပ်သည်။

အဆိုပါ သံဃမဟာပဝါရဏာ လောင်းလှူပူဇော်ပွဲသို့ တောင်ငူမြို့နှင့် အနီးတစ်ဝိုက်ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ပရိယတ္တိစာသင်တိုက်များမှ သံဃာတော် အပါး ၅၀၀ နှင့် သာသနာ့နွယ်ဝင် သီလရှင်များ ကြွရောက်တော်မူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီးများ ထွန်းညှိပူဇော်၊ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်သို့ ကြည့်ရှုအားပေး

**နေပြည်တော်  အောက်တိုဘာ  ၁၀**

၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ အောက်တိုဘာ ၉ ရက် ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး စေတီတော်ရင်ပြင်ပတ်လည် ဆီမီးခုံများ၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ၊ ဘုရားဖူးပြည်သူများက ဆီမီး ၁၀၀၀၀ ကို ထွန်းညှိပူဇော်ကြသည်။ **(ယာပုံ)**



ထို့ပြင် ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ မြန်မာ့ရိုးရာသီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို ကျင်းပလျက်ရှိရာ ဈေးရောင်းပွဲတော်တွင် ဈေးဆိုင် ခန်းပေါင်း ၁၇၀ ဖွင့်လှစ်ပြီး လူသုံးကုန်ပစ္စည်း၊ အလှကုန်ပစ္စည်းနှင့် အစားအသောက်သီးနှံများကို ရောင်းချပေးခြင်း၊ ဂီတဖျော်ဖြေပွဲများ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းများဖြင့် စည်ကားလျက်ရှိပြီး အဆိုပါပွဲတော်သို့ တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၁၀**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၂ ဒသမ ၉၆ လက်မ၊ ကျိုက်လတ်မြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ကွမ်းလုံမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ဒသမ ၂၆ လက်မစီ၊ မိုးမိတ်မြို့တွင် ၁ ဒသမ ၂၂ လက်မ၊ တံတားဦး (လေကြောင်းမိုးလေဝသ) နှင့် သထုံမြို့တွင် ၁ ဒသမ ၁၀ လက်မစီ၊ နေပြည်တော် (ဇေယျာသီရိမြို့နယ်) နှင့် ရွှေကျင်မြို့တို့တွင် ၁ ဒသမ ၀၆ လက်မစီ နှင့် ရေးမြို့တွင် ၁ ဒသမ ၀၂ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## မိုးတွင်းကာလအတွင်း မိုးကြိုးအန္တရာယ်ကို ဘယ်လိုကာကွယ်ကြမလဲ?

- ❖ မိုးကြိုးပစ်ခံရပါက ပြင်းထန်စွာဒဏ်ရာ ရရှိနိုင်ပြီး အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပါသည်။
- ❖ မိုးကြိုးနှင့် မိုးကြိုးမုန်တိုင်းအန္တရာယ်ရှိနိုင်ကြောင်း မိုးလေဝသသတင်းကြေညာချက်ရှိပါက လွင်တီးခေါင်ပြင်များတွင် အလုပ်လုပ်ခြင်း၊ ခရီးသွားခြင်းနှင့် လူစုလူဝေးပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

**လျှပ်စီးလက်၍ မိုးထစ်ချုန်းနေစဉ် လွင်တီးပြင်တွင်ရှိနေပါက လိုက်နာရန်-**

- အနီးပတ်ဝန်းကျင်ရှိ လုံခြုံစိတ်ချရတဲ့အဆောက်အဦအတွင်းသို့ ချက်ချင်းဝင်ရောက်ပါ။
- အကယ်၍ နီးစပ်ရာတွင် လုံခြုံစိတ်ချရတဲ့ အဆောက်အဦမရှိပါက ခြေထောက်နှစ်ဖက် ကိုစု၍ ဆောင့်ကြောင့်ထိုင်ချပါ။ ဦးခေါင်းကို ဒူးပေါ်သို့မှောက်ချပြီး လက်နှစ်ဖက်ဖြင့် နားကို အုပ်ထားပါ။ မြေကြီးနှင့် ထိတွေ့နိုင်မှု အနည်းဆုံးဖြစ်အောင် နေပါ။
- တစ်ဦးနှင့် တစ်ဦး ပူးကပ်နေထိုင်ခြင်း မပြုရပါ။
- မြေပြင်ပေါ်သို့လှဲချခြင်း၊ အပင်မြင့်များအောက်တွင်နေခြင်း၊ မြင့်မားသောအဆောက်အဦ၏ အုတ်နံရံများကို မှီခြင်း၊ ရေကူးကန်များနှင့် ရေကန်များအနီး နေထိုင်ခြင်း မပြုပါနှင့်။
- ရေထဲတွင်ရောက်ရှိနေပါကကုန်းပေါ်သို့တက်ပြီး အဆောက်အဦအတွင်းသို့ချက်ချင်းဝင်ပါ။

**လျှပ်စီးလက်၍ မိုးထစ်ချုန်းနေစဉ် နေအိမ်အတွင်းရှိနေပါက လိုက်နာရန်-**

- တီဗွီ၊ ကွန်ပျူတာ၊ အဝတ်လျှော်စက်၊ မီးဖို စသည့် လျှပ်စစ်ပစ္စည်းများကို မီးပလပ် ဖြုတ်ထားပါ။ ရေဒီယိုဖွင့်ခြင်း၊ ဖုန်းပြောခြင်း(အထူးသဖြင့် ကြိုးဖုန်း) ရှောင်ကြဉ်ပါ။
- ပြတင်းပေါက်များ၊ တံခါးပေါက်များ၊ ဆင်ဝင်များအနီးနေထိုင်ခြင်း၊ ကွန်ကရစ်ခင်းများပေါ်တွင် လဲလျောင်းခြင်းတို့ကို ရှောင်ကြဉ်ပါ။



လွင်တီးခေါင်ပြင်တွင်ရှိစဉ် မိုးကြိုးအန္တရာယ်မှ ကာကွယ်ရန် နေထိုင်ရမည့်ပုံစံများ


**မိုးကြိုးပစ်ခံရသောလူနာအား အရေးပေါ်ကယ်ဆယ်နည်းများပြုလုပ်ပြီး ဆေးရုံ/ဆေးခန်းများသို့ အမြန်ဆုံးပို့ဆောင်ပါ။**

ရည်ညွှန်းကိုးကား– US CDC.Lightning.(accessed as of 5-6-2020)

## စားသုံးဆီကိုတတ်နိုင်သမျှ လျှော့စားဖို့ဘာကြောင့်လိုအပ်တာလဲ?

- စားသုံးဆီများတွင် အခြေခံအားဖြင့် **ကျန်းမာရေးအရသင့်တင့်စွာစားသုံးနိုင်သည့်မပြည့်ဝဆီများ (Unsaturated Fats)၊ တတ်နိုင်သမျှလျှော့၍စားသုံးသင့်သည့်ပြည့်ဝဆီများ(Saturated Fats)**နှင့် **လုံးဝမစားသုံးသင့်သောအသွင်ပြောင်းဆီများ(Trans Fats)** ဟူ၍ (၃)မျိုးရှိပါသည်။
- **မပြည့်ဝဆီသင့်တင့်စွာစားသုံးခြင်းဖြင့်** ခန္ဓာကိုယ်အတွက်ကောင်းမွန်သော သွေးတွင်းအဆီဓါတ်(HDL) တို့ကိုမြင့်တက်စေပြီး မကောင်းသောအဆီဓါတ်(LDL)တို့အားလျှော့ချပေးခြင်းဖြင့် နှလုံးရောဂါနှင့်အမျိုးအစား(၂)ဆီးချိုရောဂါစသည့် **မကူးစက်နိုင်သည့်ရောဂါများဖြစ်ပွားနိုင်ခြေကိုလျှော့နည်းစေပါသည်**။(ဥပမာ- မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရသော အဆီများ)
- **ပြည့်ဝဆီစားသုံးခြင်း**ကြောင့် **မကောင်းသောသွေးတွင်းအဆီဓာတ် (LDL)များ လွန်ကဲစွာမြင့်တက်စေ၍ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊** သွေးကြောနံရံတွင်အဆီများကပ်ခဲ၍သွေးကြောများကျဉ်းကာ **နှလုံးသွေးကြောပိတ်ရောဂါနှင့်လေဖြတ်ခြင်း**တို့ကိုဖြစ်စေနိုင်ပါသည်။ (ဥပမာ-စားအုန်းဆီ၊ ဆီကြော်အစားအစာများ၊ တိရိစ္ဆာန်မှရသောအဆီများ)
- **အသွင်ပြောင်းဆီ**သည်အစားအသောက်များပိုမိုတာရှည်ခံ၍အရသာရှိစေရန် ပုံမှန်အသုံးပြုသောဆီတွင် ဟိုက်ဒရိုဂျင်ဓာတ်ထည့်ပေါင်းထားသောဆီဖြစ်ပြီး **ပြည့်ဝဆီစားသုံးခြင်း၏ဆိုးကျိုးများအပြင်သွေးတွင်းဆီ (Triglycerides)များကိုပိုမို၍တက်စေခြင်း၊ ကောင်းမွန်သောသွေးတွင်းအဆီဓါတ်(HDL)ကို ကျစေခြင်းနှင့် ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုများဖြစ်စေခြင်း**ကြောင့်အထက်ဖော်ပြပါရောဂါများအပြင် **အမျိုးအစား(၂)ဆီးချိုရောဂါကိုပါပို၍ဖြစ်ပွားစေနိုင်ပြီးနောက်ဆက်တွဲဆိုးကျိုးများစွာခံစားရနိုင်ပါသည်။** (ဥပမာ- အသင့်စားအစားအစာများဖြစ်သည့်အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်ပေါင်မုန့် စသည်တို့တွင်ပါဝင်သည့်ဆီ၊)

**ပြည့်ဝဆီများကိုတတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများစားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ရမည်ဖြစ်ပါသည်။**



မပြည့်ဝဆီ



ပြည့်ဝဆီ



အသွင်ပြောင်းဆီ

ရည်ညွှန်းကိုးကား-(၁) WHO. Healthy diet fact sheets. (accessed as of 10.6.2020)
(၂) MAYO CLINIC. Dietary fats: Know which types to choose. (accessed as of 10.6.2020)

# သီတင်းကျွတ်လပြည့်နေ့တွင် ပုဂံဘုရားများသို့ ယမန်နှစ်ထက် ခရီးသွားဝင်ရောက်မှုမြင့်တက်

**ပုဂံ အောက်တိုဘာ ၁၀**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တို့စုဝေးရာ ပုဂံယဉ်ကျေးမှုနယ်မြေသို့ အောက်တိုဘာ ၉ ရက် သီတင်းကျွတ်လပြည့်နေ့တွင် ခရီးသွားသိန်းကျော် ဝင်ရောက်ခဲ့ပြီး ယမန်နှစ်ထက် ဘုရားဖူးခရီးသွား ထက်ဝက်ကျော် မြင့်တက်ခဲ့ကြောင်း သိရသည်။

ပုဂံသို့ သီတင်းကျွတ်အဖိတ်နေ့မတိုင်မီတွင် မြန်မာပြည်အထက်ပိုင်းနှင့်အောက်ပိုင်းမှ ဘုရားဖူး ခရီးသွားများ ကားများဖြင့် တဖွဲဖွဲဝင်ရောက်ခဲ့ပြီး အဖိတ်နေ့၊ လပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်နေ့တို့တွင် ဘုရားဖူးခရီးသွား အထူးစည်ကားမှုကြောင့် ဟိုတယ်များလူပြည့်ခဲ့ရာ ဘုရားဖူးများ ကားလမ်းဘေးတစ်လျှောက်တွင် ယာဉ်များပေါ်၊ ဘုန်းတော်ကြီးကျောင်းနှင့်ဘုရားစောင်းတန်းတို့၌ တည်းခိုရသည့်အထိ ပုဂံဒေသသို့ ခရီးသွားဝင်ရောက်မှု အထူးစည်ကားခဲ့သည်။

**ခရီးသွားဝင်ရောက်မှုများ**

ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားချိန်တွင် ပုဂံဒေသသို့ ခရီးသွားဝင်ရောက်မှုယာယီရပ်နားခဲ့ပြီး ၂၀၂၁ ခုနှစ် သင်္ကြန်ကာလ၌ ခရီးသွားအနည်းငယ် စတင်ဝင်ရောက်ခဲ့ကာ အောက်တိုဘာလ သီတင်းကျွတ်ကာလ၌ မထင်မှတ်ဘဲ ခရီးသွားဝင်ရောက်မှုကြောင့် ဖွင့်လှစ်ခဲ့သောဆိုင်များ ရောင်းချရန်ပစ္စည်း ပြတ်လပ်သည်အထိ အရောင်းအဝယ်ကောင်းခဲ့၍ ယခုသီတင်းကျွတ်ကာလတွင် စားသောက်ဆိုင်တန်းများ၌ တစ်ဖွဲ့ပြီးမှ တစ်ဖွဲ့ ဝင်ရောက်စားသောက်ရသည်အထိ ခရီးသွားဝင်ရောက်မှုများခဲ့သည်။ ပုဂံဒေသ၌ သီတင်းကျွတ်လပြည့်နေ့တွင် ပြည်တွင်းခရီးသွားများနည်းတူ နိုင်ငံခြားသား ခရီးသွားအချို့လည်း ဝင်ရောက်ခဲ့ရာ ပုဂံမြို့ဟောင်းနှင့် ညောင်ဦးမြို့ကြားရှိ ဟိုတယ်များနှင့် စားသောက်ဆိုင်များ၌ ခရီးသွားနှင့် ယာဉ်များ ပြည့်ခဲ့ပြီး ပုဂံအမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များ၊ ဒေသထွက်လက်မှုပစ္စည်းဆိုင်များနှင့် ယွန်းထည်အရောင်းဆိုင်များ အရောင်းအဝယ်ကောင်းခဲ့သည်။

**ဒေသခံတွေ စီးပွားရေးအခွင့်အလမ်းရရှိ**

"သီတင်းကျွတ်အဖိတ်နေ့မှာ အထင်ကရဘုရားတစ်ဆူကို ခရီးသွား ၆၀၀၀ နီးပါးနဲ့ လပြည့်နေ့မှာ ၁၂၀၀၀ နီးပါးဝင်ခဲ့တယ်။ ဒီနေ့လပြည့်ကျော် တစ်ရက်မှာ ဘုရားကို ခရီးသွား ၈၀၀၀ နီးပါးဝင်တယ်။ ဘုရားဈေးတန်းလည်းလူပြည့်သလို ကားလမ်းဘေးတစ်လျှောက်လည်း ကားတွေပြည့်နေတယ်။ အထည်ဆိုင်တွေဆိုရင် လပြည့်နေ့မှာ ကျပ်ဆယ်သိန်းအထက် ရောင်းရတာ တွေ့ရတယ်။ မြင်းလှည်း၊ ဘက်ထရီဆိုင်ကယ်၊ စက်ဘီး၊ ရုပ်သေးရုပ်နဲ့လက်ဆွဲပန်းချီဆိုရင် လက်မလည်ကြဘူး။ မနှစ်ကကိုဗစ်ရောဂါကြောင့်





ခရီးသွားမထင်မှတ်ဘဲဝင်ခဲ့သလို ဒီနှစ်သီတင်းကျွတ်မှာလည်း ခရီးသွား မထင်ထားဘဲ သိန်းချီပြီး ဝင်လာခဲ့တာကြောင့် ဒေသခံတွေ စီးပွားရေးအခွင့်အလမ်းများစွာရရှိခဲ့တဲ့အတွက် ဝမ်းသာနေကြပါတယ်။ ဒီပုံအတိုင်းဆိုရင် ပွင့်လင်းရာသီအစမှာ ခရီးသွား မနှစ်ကထက်ပိုပြီး ဝင်လာမယ်လို့ ဒေသခံတွေ မျှော်လင့်နေကြပါတယ်" ဟု ထီးလိုမင်းလိုဘုရားဂေါပကအဖွဲ့မှ အတွင်းရေးမှူး ဦးတင်လှဦးက ပြောသည်။

**နိုင်ငံခြားဘာသာသင်တန်းများဖွင့်ထား**

ယခုကဲ့သို့ ခရီးသွားစည်ကားစွာ ဝင်ရောက်ခဲ့ခြင်း၊ ပွင့်လင်းခရီးသွားရာသီအတွက် ထိုင်းနိုင်ငံရုပ်သံ Channel အချို့နှင့် နှစ်နိုင်ငံခရီးသွားမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတော်မှ ခရီးသွားရာသီတွင် ပြည်သူများစိတ်အေးချမ်းစွာ အပန်းဖြေအနားယူနိုင်ရန် ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ထားခြင်းနှင့် ဒေသခံများ စီးပွားရေးအခွင့်အလမ်းများရရှိရန် ခရီးသွားလုပ်ငန်းကို ကဏ္ဍစုံမှဖော်ဆောင်ထားမှုတို့ကြောင့် ဆောင်းဦးရာသီမှစ၍ ပြည်တွင်း/ပြည်ပခရီးသွားများ စည်ကားစွာဝင်ရောက်မည်ဟု သုံးသပ်ထားရာ ပုဂံတွင် ရုရှား၊ တရုတ်နှင့် ထိုင်းဘာသာအပါအဝင် နိုင်ငံခြားဘာသာသင်တန်းတို့ကို ဖွင့်လှစ်သင်ကြားပေးထားကြောင်း သိရသည်။

**ခရီးသွားဝင်ရောက်မှုများပြား**

၂၀၂၁ ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် ပုဂံယဉ်ကျေးမှုနယ်မြေရှိ အထင်ကရ ဘုရား/စေတီ တစ်နေရာလျှင် ခရီးသွား ၃၀၀၀ ခန့် ဝင်ရောက်ခဲ့ပြီး ၂၀၂၂ ခုနှစ် သီတင်းကျွတ်လပြည့်နေ့၌ ရွှေစည်းခုံ၊ ထီးလိုမင်းလို၊ အလိုတော်ပြည့်၊ အာနန္ဒာစေတီတော်၊ စူဠာမဏိ၊ ဓမ္မရံကြီး၊ ရွှေဆံတော်၊ သဗ္ဗညုစေတီတော်၊ ကန်တော့ပလ္လင်၊ ဗူးဘုရား၊ မနူဟာစေတီတော်၊ မြစေတီ၊ လောကနန္ဒာ၊ ဓမ္မရာဇိက၊ ငှက်ပစ်တောင်၊ တုရင်တောင်နှင့် တန့်ကြည်တောင်တို့တွင် နံနက်စောစောမှ ညပိုင်းဆီမီးပူဇော်သည့် အချိန်အထိ ဘုရားဖူးခြောက်ထောင်မှ တစ်သိန်းနှစ်သောင်းအထိ ခရီးသွားဝင်ရောက်မှု များပြားခဲ့ကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# သီတင်းကျွတ်ရုံးပိတ်ရက် ဒေးစွန်ပါစေတီတော်မြတ်၌ ဘုရားဖူးများ စိတ်အေးချမ်းစွာ ဖူးမြော်ကြည်ညို မိုးယွန်းကြီးအင်း ဘေးမဲ့တောနှင့် ဝင်္ဂဘော်ဆင်စခန်း အပန်းဖြေနေရာများ ပြည်သူများဖြင့် စည်ကားလျက်ရှိ

**ဝေါ အောက်တိုဘာ ၁၀**

၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ အောက်တိုဘာ ၁၀ ရက်တွင် ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာအုပ်စုရှိ ဆုတောင်းပြည့် သမိုင်းဝင်ဆံတော်ရှင် ဒေးစွန်ပါစေတီတော်မြတ်ကြီးတွင် ဘုရားဖူး အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုလျက်ရှိပြီး မိုးယွန်းကြီးအင်းဘေးမဲ့တောနှင့် ဝင်္ဂဘော်ဆင်စခန်း အပန်းဖြေနေရာများ၌လည်း ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖူးမြော်ကြည်ညိုလျက်ရှိရာ ပဲခူးမြို့နယ် ဝမ်းဘဲအင်းကျေးရွာအုပ်စုရှိ ဆုတောင်းပြည့် သမိုင်းဝင်ဆံတော်ရှင် ဒေးစွန်ပါစေတီတော်မြတ်ကြီး အပါအဝင် မြို့နယ်အတွင်းရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလအခါသမယအဖြစ် ဆီမီးများ ပူဇော်ခြင်းနှင့် ဖူးမြော်ကြည်ညိုခြင်းများကို ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညိုကုသိုလ်ယူကြသည်။

အလားတူ ဝေါမြို့နယ်အတွင်းရှိ မိုးယွန်းကြီးအင်း ဘေးမဲ့တောအပန်းဖြေစခန်းတွင် အပန်းဖြေခရီးသွားသူများက ငှက်ကြည့်ခြင်း၊ အင်းအတွင်း စက်လှေစီးခြင်း၊ သဘာဝရှုခင်းနှင့် ရေပျော်ငှက်များကို ဓာတ်ပုံ၊ ဗီဒီယိုရိုက်ယူခြင်း၊ ပဒုမ္မာကြာ၊ ဒေသခံများ၏ မိရိုးဖလာ ငါးဖမ်းဆီးခြင်းနှင့် သဘာဝပတ်ဝန်းကျင် ပညာပေးပြခန်းတို့တွင် အပန်းဖြေလေ့လာကာ စည်ကားလျက်ရှိပြီး ပဲခူးမြို့နယ် ဘုရားကြီးလမ်းဆုံမှ(၄)မိုင် အမြန်လမ်းမကြီးမှ တစ်မိုင်ခွဲခန့်အကွာတွင် တည်ရှိသော ဝင်္ဂဘော်ဆင်စခန်းတွင်လည်း ဆင်များအား ကိုယ်တိုင်ရေချ (ရေချိုး) ပေးခြင်း၊ ဆင်များ၏ သရုပ်ပြမှုကို ကြည့်ရှုခြင်း၊ ဆင်စီးခြင်းနှင့် ဆင်စာကျွေးခြင်း၊ အပန်းဖြေအနားယူကြသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁ -၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၂၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၅ | ၂၀၈၀ | ၂၀၅၅ | ၂၁၅၀ | ၂၁၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၃၀ | ၂၇၃၅ |
| 95 Ron | ၂၀၈၀ | ၂၁၂၅ | ၂၁၂၅ | ၂၀၉၀ | ၂၁၂၅ | ၂၁၄၅ | ၂၁၃၅ | ၂၁၀၀ | ၂၂၀၅ | ၂၂၂၀ | ၂၁၂၀ | ၂၁၃၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၅ | ၂၃၈၅ | ၂၈၂၀ |
| HSD (500 ppm) | ၂၈၀၀ | ၂၈၅၅ | ၂၈၅၅ | ၂၈၁၅ | ၂၈၅၅ | ၂၈၇၅ | ၂၈၇၅ | ၂၈၄၀ | ၂၉၅၅ | ၂၉၅၀ | ၂၈၄၅ | ၂၈၅၅ | ၂၈၉၀ | ၂၈၉၀ | ၂၈၉၅ | ၃၁၁၅ | ၃၄၁၅ |
| HSD (50 ppm) | ၂၈၈၅ | ၂၉၃၀ | ၂၉၃၀ | ၂၈၉၀ | ၂၉၃၀ | ၂၉၅၀ | ၂၉၅၀ | ၂၉၁၅ | ၃၀၃၀ | ၃၀၂၅ | ၂၉၂၀ | ၂၉၃၅ | ၂၉၆၅ | ၂၉၆၅ | ၂၉၇၀ | ၃၁၉၀ | ၃၄၅၀ |
| HSD (10 ppm) | ၂၈၈၅ | ၂၉၃၀ | ၂၉၃၀ | ၂၈၉၀ | ၂၉၃၀ | ၂၉၅၀ | ၂၉၅၀ | ၂၉၁၅ | ၃၀၃၀ | ၃၀၂၅ | ၂၉၂၀ | ၂၉၃၅ | ၂၉၆၅ | ၂၉၆၅ | ၂၉၇၀ | ၃၁၉၀ | ၃၄၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၂၆ | ၁၉၉၈ |
| 95 Ron | ၁၉၇၉ | ၂၀၅၂ |
| HSD (500 ppm) | ၂၆၈၉ | ၂၇၇၂ |
| HSD (50 ppm) | ၂၇၆၀ | ၂၈၄၅ |
| HSD (10 ppm) | ၂၇၆၀ | ၂၈၄၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၃၈၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၁၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှား နိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ အောက်တိုဘာ ၁၁ ရက်မှ ၁၆ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်း ဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၃၈၈၀ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm ၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

## ၂၀၂၂ ခုနှစ် အောက်တိုဘာလ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၁၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၂ ခုနှစ် အောက်တိုဘာ (၁၁ - ၁၃) ရက်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာသွားဖွယ်ရာရှိပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆ ရက်မှ ၈ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် ၃ ရက်မှ ၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ နှစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ နှစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် ပေဝက်ခန့်စီ၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် တစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုး/ဇလ

# ပြည်တွင်းစက်သုံးဆီဖူလုံစေရေးအတွက် စက်သုံးဆီများ ပုံမှန်တင်သွင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

စက်သုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီသည် ပြည်တွင်းစက်သုံးဆီ ဖူလုံမှုရှိစေရေးအတွက် စက်သုံးဆီအမျိုးအစားများ အလိုက် ပုံမှန် စိစစ်တင်သွင်းဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၀ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းရှိ Terminal များတွင် MT YU DONG သင်္ဘောမှ ဓာတ်ဆီ 92 Ron ၀ ဒသမ ဝ၂ ဂါလန်သန်းနှင့် ပရီမီယံဒီဇယ်ဆီ ၂ ဒသမ ၈၀ ဂါလန်သန်းကို လည်းကောင်း၊ MT Bowmore သင်္ဘောမှ ဓာတ်ဆီ 92 Ron ၀ ဒသမ ၁၄ ဂါလန် သန်းကိုလည်း ကောင်း ဆီချလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ပရီမီယံဒီဇယ်ဆီ ၂ ဒသမ ၉ ဂါလန်သန်း တင်ဆောင်လာသည့် MT Aulac Vision သင်္ဘောနှင့် ရိုးရိုး ဒီဇယ်ဆီ ၁ ဒသမ ၆ ဂါလန်သန်းနှင့် ပရီမီယံဒီဇယ်ဆီ ၁ ဒသမ ၈၆ ဂါလန်သန်း တင်ဆောင်လာသည့်




MT Yu Yi သင်္ဘောများသည်လည်း ထပ်မံဆိုက်ကပ်လာပြီး ဆီချလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ စက်သုံးဆီ လက်ကျန်အခြေအနေအရ စက်သုံးဆီဖူလုံမှုရှိကြောင်း တွေ့ရှိရသည်။

ယခုရက်သတ္တပတ်အတွင်း စက်သုံးဆီဈေးနှုန်းများသည် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းမြင့်တက်လာမှုကြောင့် အနည်းငယ်မြင့်တက်လာသည်ကို တွေ့ရသည်။

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကုမ္ပဏီပိုင် စက်သုံးဆီအရောင်းဆိုင်များနှင့် ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်များသို့ စက်သုံးဆီပြတ်လပ်မှုမရှိစေရေး အချိန်မီပို့ဆောင်ပေးလျက်ရှိသော်လည်း ယခင်ရက်သတ္တပတ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မြောင်စက်သုံးဆီအရောင်းဆိုင်သို့ စက်သုံးဆီပြတ်လပ်မည်ဖြစ်သောကြောင့် အရေးပေါ် စက်သုံးဆီ ပို့ဆောင်စဉ် မြောင်-ပရိမ္မလမ်းပိုင်းတွင် အမည်မသိ အကြမ်းဖက်လက်နက်ကိုင်တစ်စုမှ အဆိုပါ စက်သုံးဆီတင်ယာဉ်နှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ဖမ်းဆီးခေါ်ဆောင်သွားသည့်အတွက် သက်ဆိုင်ရာ စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီများ အချိန်မီရောက်ရှိနိုင်ခြင်း မရှိခဲ့ကြောင်း သိရှိရသည်။

## စစ်ကိုင်းတိုင်းဒေသကြီးတွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းတည်ငြိမ်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အောက်တိုဘာလ ပထမပတ်တွင် ဓာတ်မြေဩဇာအမျိုးအစားများဖြစ်သည့် ယူရီးယား(ရွှေတောင်) (50 Kg) တစ်အိတ်လျှင် ငွေကျပ် ၁၀၅၀၀၀၊ တီစူပါ၄ဖြာခိုင်နှုန်း (သံကွင်း (တရုတ်)) (50Kg)တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀၊ ကွဲနက်(၁၅:၁၅:၁၅) (50 Kg) တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀၊ နိုက်ထိုဖောစကာ(ဩဘာ) (50 Kg) တစ် အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀၊ ပန်းဖူး (မြန်မာ့ဩဘာ)(50 Kg) တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀၊ MC(ကွန်ပေါင်း) (50 Kg) တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀၊ ဓာမဏီ (ကွန်ပေါင်း)(50 Kg) တစ်အိတ်လျှင် ငွေကျပ် ၇၈၀၀၀ ဖြင့် အရောင်းအဝယ်ရှိခဲ့သည်။

ပိုးသတ်ဆေး အမျိုးအစားများဖြစ်သည့် ဆိုင်ကလုံး (မြန်မာ့ဩဘာ) (500 CC) တစ်ဘူးလျှင် ငွေကျပ် ၅၅၀၀၊ တင်းရှန့်(Aventine) (500 CC) တစ်ဘူးလျှင် ငွေကျပ် ၅၅၀၀၊ မိုရယ်မုန်(ဩဘာ) (500 CC) တစ်ဘူးလျှင် ငွေကျပ်၂၂၀၀၀၊ အစီဖိတ် (ဩဘာ)(500 g) တစ်ဘူးလျှင် ငွေကျပ်၂၀၀၀၀၊ ရွှေတောနစ် (မြင်း ကြား) (500 CC) တစ်ဘူးလျှင် ငွေကျပ် ၁၄၀၀၀၊ ဖို့စတင်း(ဩဘာ)(1 liter) တစ်ဘူးလျှင် ငွေကျပ် ၂၁၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာလ ဒုတိယပတ်တွင် ဓာတ်မြေဩဇာအမျိုးအစားများဖြစ်သည့် ယူရီးယား (ရွှေတောင်)(50 Kg) တစ်အိတ်၊ တီစူပါ၄ဖြာခိုင်နှုန်း (သံကွင်း (တရုတ်)) (50 Kg) တစ်အိတ်၊ ကွဲနက် ၁၅:၁၅:၁၅ (50 Kg) တစ်အိတ်၊ MC (ကွန်ပေါင်း) (50 Kg) တစ်အိတ်၊ ဓာမဏီ(ကွန်ပေါင်း) (50 Kg) တစ်အိတ်၊ တင်းရှန့် (Aventine) (500 CC) တစ်ဘူး၊ အစီဖိတ်(ဩဘာ)(500g)တစ်ဘူး ဈေးနှုန်းတို့သည် ယခင်အပတ်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

နိုက်ထို ဖောစကာ(ဩဘာ)(50 Kg) တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀၊ ပန်းဖူး (မြန်မာ့ဩဘာ) (50 Kg) တစ်အိတ်လျှင် ငွေကျပ်၁၂၂၀၀၀ ဖြင့် ရောင်းဝယ်နေသောကြောင့် ဈေးအနည်းငယ်ကျလျက်ရှိပြီး ပိုးသတ်ဆေး အမျိုးအစားများဖြစ်သည့် ဆိုင်ကလုံး (မြန်မာ့ဩဘာ) (500 CC)တစ်ဘူးလျှင် ငွေကျပ် ၆၀၀၀၊ မိုရယ်မုန် (ဩဘာ)(500 CC) တစ်ဘူးလျှင် ငွေကျပ် ၂၁၀၀၀၊ ရွှေတောနစ် (မြင်းကြား)(500 CC) တစ်ဘူးလျှင် ငွေကျပ် ၁၂၅၀၀၊ ဖို့စတင်း(ဩဘာ) (1 liter) တစ်ဘူးလျှင် ငွေကျပ် ၃၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည့်အတွက် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းများ အတက်အကျအနည်းငယ်သာရှိပြီး ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း သိရသည်။

DOCA (စစ်ကိုင်းတိုင်း)

## ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ လယ်ယာထွက်ကုန်များ ပိုမိုတင်ပို့

မြန်မာ - တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းသည် လတ်တလောတွင် တစ်ဖက်နိုင်ငံသို့ အဓိကပို့ကုန်ပစ္စည်းများ အနေဖြင့် ဆန်ကွဲ၊ လက်ဖက် ခြောက်၊ နံ့စားပြောင်းနှင့် ရော်ဘာတို့ကို အများဆုံးတင်ပို့နိုင်ခဲ့သည်။ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ၂၀၂၂ ခုနှစ် စက်တင်ဘာလနှင့် ဩဂုတ်လ ပို့ကုန်တင်ပို့မှုပမာဏတို့ကို နှိုင်းယှဉ်ရာ၌ ပိုမိုတင်ပို့နိုင်ကြောင်းတွေ့ရှိရပြီး အဓိကပို့ကုန်များဖြစ်သည့် လယ်ယာထွက်ကုန်အုပ်စုမှ ရော်ဘာR.S.S(3)၊ နှမ်းဖြူ၊ ဝါဂွမ်း၊ မန်ကျည်းသီး (အစေ့ပါ)၊ ဆီးဖြူသီးခြောက်၊ ဝဥ(အခြောက်)၊ ဝဥ(အစို)၊ ရော်ဘာ R.S.S(2) ၊ ရော်ဘာ MSR(20)၊ နံ့စားပြောင်း၊ ကွမ်းသီးခြောက်တို့ ဖြစ်သည်။

ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းတွင် သွင်းကုန်တင်သွင်းမှုအနေဖြင့် လတ်တလောတွင် တစ်ဖက်နိုင်ငံမှ စားသောက်ကုန်၊ ဆေးနှင့် ဆေးဝါးပစ္စည်းများ၊ ဆောက်လုပ်ရေးသုံး ပစ္စည်းများ၊ မြေဆီများ အများဆုံးတင်သွင်းနိုင်ခဲ့သည်။ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ ၂၀၂၂ ခုနှစ် စက်တင်ဘာလနှင့် ဩဂုတ်လတို့၏ သွင်းကုန်တင်သွင်းမှုများကို နှိုင်းယှဉ်ကြည့်ရာ ပိုမိုတင်သွင်းနိုင်ကြောင်း တွေ့ရှိရပြီး အဓိကသွင်းကုန်များဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုအုပ်စု၊ လုပ်ငန်းသုံးအုပ်စုနှင့် လူသုံးအုပ်စုတို့တွင် ပိုမိုတင်သွင်းနိုင်ခဲ့သဖြင့် သွင်းကုန်ကုန်သွယ်မှုပမာဏပိုမိုရခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ အထိ ငွေကြေးပြောင်းလဲမှုအနေဖြင့် ပြင်ပငွေလဲနှုန်းမှာ ၁ ယွမ်လျှင် ငွေကျပ် ၄၀၀၊ ၄၀၅ ကျပ် ဝန်းကျင်ဖြစ်ကြောင်း သိရှိရပြီးကုန်သွယ်မှုလမ်းကြောင်း မှာလည်း ပုံမှန်အခြေအနေရှိကြောင်း သတင်းရရှိသည်။




## မြန်မာ့တညင်းသီး ဘင်္ဂလားဒေ့ရှ် ဈေးကွက်သို့ ထိုးဖောက်လာ

မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ တင်ပို့နေသော ပို့ကုန်အမယ်များတွင် တညင်းသီးသည်လည်း အမယ်တစ်ခုအဖြစ် ပါဝင်သည်။ တညင်းသီးကို ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ် နောင်ချို၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် များစွာစိုက်ပျိုးဖြစ်ထွန်းပြီး ပူအိုက်စွတ်စိုသည့် ရာသီဥတုနှင့် အပူအအေး ကွာခြားမှုရှိသည့် ရာသီဥတုမျိုးကို နှစ်သက်သည်။ မိုးရေချိန် ၁၀၀ လက်မမှ ၂၀၀ လက်မအတွင်းမှာ စိုက်ပျိုး နိုင်ပြီး အပင်သက်တမ်းအားဖြင့် လေးနှစ်မှ ငါးနှစ်အတွင်း အသီးသီးကြသည်။ တညင်းသီး တစ်ပင်ကို အလုံး ၃၀၀၀ မှ ၅၀၀၀ ထိ သီးတတ်ပြီး တစ်ဧကကို ၄၈ ပင် စိုက်ပျိုးနိုင်၍ တညင်း သီးနှင့် စာလေးတညင်းသီးဟူ၍ နှစ်မျိုးရှိကြောင်း သိရသည်။

တညင်းသီးတွင် Amino Acid ခေါ်သည့် Protein ဓာတ်များ၊Djenkolic Acid ဓာတ်တွေ ပါဝင်ကြပြီး အဆိပ်အတောက်ဖြစ်တတ်၍ ကျန်းမာရေးအရ စားသုံးသူများ မရှိသလို တချို့ဒေသများတွင်မူ သရေစာအဖြစ် နှစ်ခြိုက်စွာစားသုံးတတ်ကြသည်။ အဆိပ်အတောက် မဖြစ်စေရန် တညင်းသီးကို ဆား၊ ထန်းလျက်တို့ဖြင့် ပြုတ်ပြီး စားပြီးပါက ရှောက်ရွက်၊ သံပရာရည်တို့ သုံးဆောင်ပေးခြင်းဖြင့် အဆိပ်အတောက်ပြေကြောင်း၊ တညင်းသီးကို ထွက်ရှိရာဒေသအသီးသီးတွင် ကြိုက်နှစ်သက်သလို ပုံစံမျိုးစုံ လုပ်စားတတ်ကြသည်။ ဒေသတွင်း ရောင်းချမှုရှိသကဲ့သို့ စီးပွားဖြစ်ဝယ်ယူစုဆောင်းပြီး ပြည်ပဈေးကွက်သို့ ထိုးဖောက်ရောင်းချနိုင်ခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ရှိ ကျောက်တော်နှင့် ရသေ့တောင်တို့မှ ထွက်ရှိသောတညင်းသီးများအား ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) မောင်တောကုန်သွယ်ရေးစခန်းမှ တညင်းသီးတန်ချိန် ၇၂၄ ဒသမ ၃ တန်တင်ပို့နိုင်ခဲ့ပြီး တစ်ဖက်နိုင်ငံဘင်္ဂလားဒေ့ရှ်ဈေးကွက်၌ နှစ်ခြိုက်စွာ စားသုံးသည့်ကုန်ပစ္စည်းဖြစ်သဖြင့် ဘင်္ဂလားဒေ့ရှ်ဈေးကွက်တွင် တညင်းသီးများအား ဝယ်လိုအား အမြဲရှိနေကြောင်း သတင်းရရှိသည်။

## လွယ်ဂျယ်နယ်စပ်မှ ရော်ဘာတင်ပို့နိုင်မှု ယခင်နှစ် ကာလတူထက် ပိုမိုတင်ပို့နိုင်

လွယ်ဂျယ်ကုန်သွယ်ရေးစခန်း၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) လွယ်ဂျယ်နယ်စပ်ဒေသမှ ထွက်ရှိသောရော်ဘာများကို တင်ပို့နိုင်မှုမှာ တန်ချိန် ၁၉၉ ဒသမ ၅၇ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၄၈ သန်းဖြစ်ပြီး ယခင်နှစ်ကာလတူ ရော်ဘာတင်ပို့နိုင်မှုအခြေအနေနှင့် နှိုင်းယှဉ်ပါက ယခင်နှစ်က တင်ပို့နိုင်ခြင်းမရှိသောကြောင့် ကာလတူထက်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၄၈သန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ ရော်ဘာတင်ပို့မှုများကို ဘိန်းအစားထိုးသီးနှံအနေဖြင့် အခွန်ကင်းလွတ်ခွင့်ရရှိပြီး စက်တင်ဘာလမှ ဒီဇင်ဘာလအတွင်း တင်သွင်းခွင့်ပြုလျက်ရှိကြောင်း သိရသည်။ လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် ၁-၁၀-၂၀၂၂ ရက်တွင် ၁ ယွမ်လျှင် ၃၇၀ ဒသမ ၃၇ ကျပ်ဖြစ်ခဲ့ပြီး ၁၀-၁၀-၂၀၂၂ရက်တွင် ၁ ယွမ်လျှင် ၄၀၈ ကျပ်ထိ မြန်မာကျပ်ငွေဈေး ပြန်လည်လျော့ကျခဲ့ကြောင်း သတင်းရရှိသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# ၂၀၂၂ စီးပွားရေးဆိုင်ရာ နိုဗယ်ဆုကို ပညာရှင် သုံးဦး ပူးတွဲဆွတ်ခူး

**စတော့ဟုမ်း အောက်တိုဘာ ၁၀**

တော်ဝင်ဆွီဒင်သိပ္ပံအကယ်ဒမီက အဲဖရက်ဒ် နိုဗယ်ကိုအမှတ်ရသောအားဖြင့် စီးပွားရေးသိပ္ပံဆိုင်ရာ 2022 Sveriges Riksbank ဆုကို ဘန်အက်စ်ဘာနန်ကီ၊ ဒေါက်ကလပ်ဒဗလျူဒိုင်းမွန်းနှင့် ဖီးလစ်အိတ်ချ်ဒိုင်ဗစ်ချ်တို့ကို ပေးအပ်ချီးမြှင့်ရန် အောက်တိုဘာ ၁၀ ရက်က ဆုံးဖြတ်ခဲ့သည်။ ၎င်းတို့သည် ဘဏ်များနှင့် စီးပွားရေးအကျပ်အတည်းများအကြောင်းကို စွမ်းစွမ်းတမံသုတေသနပြုဖော်ထုတ်နိုင်ခဲ့သဖြင့် ယခုလို ၂၀၂၂ စီးပွားရေးဆိုင်ရာ နိုဗယ်ဆု ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

စီးပွားရေးသိပ္ပံဆိုင်ရာ ယခုနှစ် နိုဗယ်ဆုရှင်သည် ယခုလို ငွေကြေးကဏ္ဍတွင် အခက်အခဲများရှိနေချိန်တွင် မိမိတို့အား စီးပွားရေးတွင် ဘဏ်များ၏အခန်းကဏ္ဍကို ထင်ရှားစွာ နားလည်စေခဲ့ကြောင်း တော်ဝင်ဆွီဒင်သိပ္ပံအကယ်ဒမီက ၎င်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

၎င်းတို့၏ သုတေသနပြု တွေ့ရှိချက်တွင် အရေးကြီးသော တွေ့ရှိချက်မှာ ဘဏ်များပြိုလဲခြင်းကို မည်သို့ရှောင်ရှားရမလဲဆိုသည့် အချက်မှာ အရေးပါလှကြောင်း အကယ်ဒမီက ၎င်း၏ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြခဲ့သည်။

ခေတ်မီဘဏ်လုပ်ငန်းသုတေသန၏ အခြေခံ အုတ်မြစ်များကို ၁၉၈၀ ပြည့်လွန်နှစ်အစောပိုင်းတွင် စီးပွားရေးသိပ္ပံဆိုင်ရာပညာရှင်များက ချမှတ်ခဲ့သည်။ နိုဗယ်ဆုရှင်များ၏ သုတေသနပြုခွဲခြမ်းစိတ်ဖြာမှုများသည် ဘဏ္ဍာရေးဈေးကွက်များကို ထိန်းညှိခြင်းနှင့် ဘဏ္ဍာရေးအကျပ်အတည်းများကို ကိုင်တွယ်ဖြေရှင်းရာတွင် အလွန်လက်တွေ့ဆန်ပြီး အရေးကြီးကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဆက်လက် ဖော်ပြထားသည်။

၁၉၅၃ ခုနှစ်တွင် မွေးဖွားခဲ့သော ဘာနန်ကီသည် အမေရိကန်အခြေစိုက် ဘရွတ်ကလင်းအင်စတီကျူ၏ အဆင့်မြင့်စီးပွားရေးပညာရှင်တစ်ဦးဖြစ်သည်။ အလားတူ ၁၉၅၃ ခုနှစ်ဖွား ဒိုင်းမွန်းသည် ချီကာဂိုတက္ကသိုလ်ဘုဒ် စီးပွားရေးကျောင်းဘဏ္ဍာရေးပါမောက္ခတစ်ဦး ဖြစ်သည်။ ၁၉၅၅ ခုနှစ်ဖွား ဒိုင်ဗစ်သည် စိန့်လူးဝစ်၊ ဝါရှင်တန်တက္ကသိုလ် အိုလင်စီးပွားရေးကျောင်းမှ ဘဏ္ဍာရေးနှင့် ငွေကြေးပါမောက္ခတစ်ဦးဖြစ်သည်။ စီးပွားရေးဆိုင်ရာနိုဗယ်ဆုသည် ဆွီဒင် ငွေကရိုနာ ၁၀ သန်းဖြစ်ပြီး ဆုရရှိသူများခွဲယူရမည်ဖြစ်သည်။ **ဆင်ဟွာ**




စီးပွားရေးဆိုင်ရာ နိုဗယ်ဆုရရှိသူများကို တွေ့ရစဉ်။

# မလေးရှားဝန်ကြီးချုပ် ရွေးကောက်ပွဲအတွက် ပါလီမန်ဖျက်သိမ်းကြောင်းကြေညာ

**ကွာလာလမ်ပူ အောက်တိုဘာ ၁၀**

မလေးရှားဝန်ကြီးချုပ် အစ္စမေးလ် ဆာဘရီယာကော့ဘ်သည် အောက်တိုဘာ ၁၀ ရက်က ပါလီမန်ကို ဖျက်သိမ်းကြောင်း ကြေညာခဲ့ပြီး လာမည့်ရက်ပေါင်း ၆၀အတွင်း ကျင်းပမည့် အမျိုးသား ရွေးကောက်ပွဲအတွက် လမ်းခင်းပေးခဲ့သည်။

ရုပ်မြင်သံကြား မိန့်ခွန်းတွင် အစ္စမေးလ်ဆာဘရီက နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ ဘုရင် ဆူလ်တန်အဗ္ဗဒူလာဆူလ်တန်အာမက်ရှာ့ဟ်၏သဘောတူညီချက်ကိုရရှိခဲ့ကြောင်းပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ် အမျိုးသား ရွေးကောက်ပွဲပြီးနောက် မမျှော်မှန်းနိုင်သော ဖွံ့ဖြိုးတိုးတက်မှုများ ရရှိခဲ့ကြောင်း အစ္စမေးလ်က ပြောကြားခဲ့သည်။

အဆိုပါ ကြေညာချက်နှင့် အတူ လုပ်ပိုင်ခွင့်ကို ပြည်သူသို့ ပြန်လည် ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ပြည်သူ့ထောက်ခံမှုကြောင့်ဖြစ်ပေါ်လာသောလုပ်ပိုင်ခွင့်သည် နိုင်ငံတော်အတွက် နိုင်ငံရေး တည်ငြိမ်မှုရှိအောင် လုပ်ဆောင်ရာတွင် စွမ်းအားရှိသော ဖြေဆေးဖြစ်ကြောင်း ၎င်းက ပြောသည်။ **ဆင်ဟွာ**




မလေးရှားဝန်ကြီးချုပ် အစ္စမေးလ်ဆာဘရီယာကော့ဘ်။

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၄၂၄ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ အောက်တိုဘာ ၁၀**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၂၄၂၄ ဦး တွေ့ရှိလာသဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသူစုစုပေါင်း ၄၄၆၁၄၄၃၇ ဦး ရှိကြောင်း အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ထားသည်။ အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ရောဂါထပ်မံကူးစက်ခံရသူများအပါအဝင် လက်ရှိတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၈၀၇၉ ဦးရှိသည်။ အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၅ ဦးရှိရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၈၈၁၄ ဦး ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရပြီး ပြန်လည်ကျန်းမာလာသူ ၂၉၂၃ ဦးရှိသဖြင့် ရောဂါပျောက်ကင်းပြီး ဆေးရုံမှဆင်းခွင့်ရသူစုစုပေါင်း ၄၄၀၅၇၅၄၄ ဦးရှိကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ အောက်တိုဘာ ၉ ရက်တွင် စစ်ဆေးပြုလုပ်ခဲ့သည့် ၉၁၄၅၈ ခု အပါအဝင် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုပေါင်း ၈၉၇ သန်းကျော် ပြုလုပ်ခဲ့ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ အောက်တိုဘာ ၁၀ ရက် နံနက်အထိ အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး စုစုပေါင်း ၂၁၈၉၉၇၂၆၄၄ လုံးကို ထိုးနှံပေးပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

# နိုင်ဂျီးရီးယားနိုင်ငံ၌ လှေတိမ်းမှောက်မှုကြောင့် သေဆုံးသူ ၇၆ ဦးရှိလာ

**အဘူဂျာ အောက်တိုဘာ ၁၀**

နိုင်ဂျီးရီးယားနိုင်ငံ တောင်ပိုင်း အန်းဘရာပြည်နယ်တွင် ပြီးခဲ့သည့် သီတင်းပတ်ကုန်က လှေတစ်စင်း တိမ်းမှောက်ခဲ့ပြီးနောက် လူ ၇၆ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း နိုင်ဂျီးရီးယားသမ္မတ မူဟမ်မက်ဒူ ဘူဟာရီက အောက်တိုဘာ ၉ ရက်က အတည်ပြု ပြောကြားသည်။

ကယ်ဆယ်ရေးအေဂျင်စီများသည် အောက်တိုဘာ ၇ ရက်က လှေတိမ်းမှောက်မှုကြောင့် စုစုပေါင်းသေဆုံးသူ စာရင်းကို တရားဝင် သတင်းထုတ်ပြန်ခဲ့ကြောင်း သမ္မတ ဘူဟာရီက အသိအမှတ်ပြုခဲ့ပြီး ဝမ်းနည်းကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ခရီးသည် ၈၅ ဦး တင်ဆောင်ထားသည့် အဆိုပါလှေမှာ သောကြာနေ့က အန်းဘရာပြည်နယ် အော့ဘာရူဒေသတွင် တိမ်းမှောက်သွားပြီး အဆိုပါဒေသတွင် ရေကြီးမှုများ မြင့်တက်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါမတော်တဆမှုဖြစ်ပွားပြီးနောက် နိုင်ဂျီးရီးယားအမျိုးသားပြည်တွင်းရေကြောင်း အာဏာပိုင်နှင့် အင်န်အီးအမ်အေတို့သည် အန်းဘရာ ပြည်နယ်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး တာဝန်များကို စတင် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**



လှေတိမ်းမှောက်မှု ဖြစ်ပွားရာနေရာကို တွေ့ရစဉ်။

# ဗင်နီဇွဲလားနိုင်ငံ၌ မြေပြို၊ ၂၂ ဦး သေဆုံး

**ကာရာကတ် အောက်တိုဘာ ၁၀**

ဗင်နီဇွဲလားနိုင်ငံ မြောက်ပိုင်း အရာဂူပြည်နယ်တွင် မြေပြိုမှုဖြစ်ပွားပြီးနောက် ၂၂ ဦးထက်မနည်း သေဆုံးပြီး ၅၂ ဦးပျောက်ဆုံးနေကြောင်း ဒုတိယသမ္မတ ဒယ်စီ ရိုဒရီဂွက်ဇ်က အောက်တိုဘာ ၉ ရက်တွင် ပြောကြားသည်။ မြို့တော် ကရာကတ်မှ ကီလိုမီတာ ၆၀ ခန့်အကွာတွင်ရှိသော လတ်စ်တီဂျာရီးရပ်စ် မြို့အနီးတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများကြောင့် မြစ်ရေများ လျှံတက်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၉ ရက်က သဘာဝဘေးဖြစ်ပွားခဲ့သည့်နေရာကို သွားရောက်ခဲ့သည့် ဒုတိယသမ္မတ ရိုဒရီဂွက်ဇ်က ပျောက်ဆုံးနေသူများကို ရှာဖွေရန်အတွက် ဘိုလီဗာရီယန် အမျိုးသားလက်နက်ကိုင်တပ်ဖွဲ့ကို စေလွှတ်ထားကြောင်း ပြောကြားသည်။ သဘာဝဘေးကြောင့် ထိခိုက်ခံစားရသည့် မိသားစုများအတွက် အမိုးအကာများ ထူထောင်ထားပြီး ပျက်စီးသွားသော စီးပွားရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးသွားမည်ဟုလည်း ၎င်းက ပြောကြားသည်။ ဗင်နီဇွဲလားနိုင်ငံ လုံခြုံရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အေဂျင်စီများမှ အရာရှိ ၁၀၀၀ ကျော်သည် အရေးပေါ်အခြေအနေအတွက် ဆောင်ရွက်နေကြောင်း ပြည်တွင်းဆက်ဆံရေး၊ တရားမျှတရေးနှင့် ငြိမ်းချမ်းရေးဝန်ကြီး ရီမီဂျီရိုဆယ်ဘာလို့စ်က ပြောကြားသည်။ **ဆင်ဟွာ**

# ကမ္ဘာ့စားနပ်ရိက္ခာနှင့် ကုန်စျေးနှုန်းများ ကျဆင်းနေသည့်တိုင် အမြင့်ဆုံးအဖြစ် ဆက်လက်ရှိနေဆဲ စျေးနှုန်းများ

ထွန်းကျော်

ဝယ်လိုအားလျော့နည်းမှုနဲ့ ထုတ်လုပ်မှု မြင့်မားခြင်းက အဆင့်မြင့်စွမ်းအင်နဲ့ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်တွေအပေါ် ဟန်ချက်ညီအောင် လုပ်ဆောင်ပေးလိုက်တဲ့အတွက် ကမ္ဘာ့စားနပ်ရိက္ခာစျေးနှုန်းများဟာ စက်တင်ဘာလအထိ ခြောက်လဆက်တိုက် အနည်းငယ်ကျဆင်းလာတယ်လို့ ကုလသမဂ္ဂစားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က မကြာသေးမီက ထုတ်ပြန်လိုက်ပါတယ်။

### ခြောက်လဆက်တိုက် အနည်းငယ်ပြန်ကျ

လစဉ် အက်ဖ်အေအိုရဲ့ စားနပ်ရိက္ခာအညွှန်းကိန်းဟာ ပျမ်းမျှအားဖြင့် ၁၃၆.၃ ပွိုင့်ရှိပါတယ်။ ဒါဟာ ဩဂုတ်လနဲ့နှိုင်းယှဉ်ကြည့်ရင် ၁ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့တာဖြစ်ပါတယ်။ စားနပ်ရိက္ခာအညွှန်းကိန်းဟာ မတ်လမှာ အမြင့်ဆုံးအထိ ရောက်ရှိခဲ့ပြီးနောက်မှာ ခြောက်လဆက်တိုက် အနည်းငယ်ပြန်လည်ကျဆင်းလာခဲ့တာဖြစ်ပါတယ်။

ကမ္ဘာ့စားနပ်ရိက္ခာစျေးနှုန်းကျဆင်းလာခဲ့တယ်ဆိုသော်လည်း ယခုနှစ်အစနဲ့ယှဉ်လိုက်ရင် အများကြီး ကွာဟနေသေးတာကိုတွေ့ရပါတယ်။ စားနပ်ရိက္ခာစျေးနှုန်းဆက်လက်မြင့်နေသေးတာကိုတွေ့ရပါတယ်။ အမှန်တကယ်ပြောရမယ်ဆိုရင် ၁၉၇၀ ပြည့်လွန်နှစ်များက စပြီး ၂၀၂၂ ခုနှစ် အစောပိုင်းလများအထိ မည်သည့်အချိန်ကို ပြန်ကြည့်ပြန်ကြည့် အခုလက်ရှိ ကမ္ဘာ့စားနပ်ရိက္ခာစျေးနှုန်းဟာ မြင့်မားနေသေးတာကို တွေ့ရမှာဖြစ်ပါတယ်။


### ဆန်စျေးနှုန်းအနည်းငယ်ကျဆင်း

စပါး၊ ပြောင်း၊ ဂျုံပါဝင်တဲ့ အစေ့အဆန်စျေးနှုန်းတွေရဲ့ စျေးနှုန်းများဟာ ပင်လယ်နက်ကိုဖြတ်ပြီး မသေချာမရေရာတဲ့ ဂျုံထောက်ပံ့မှုများနဲ့ဆက်စပ်နေတဲ့အတွက် ၂ ဒသမ ၂ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပါတယ်။ ဒ့ါအပြင် ယူကရိန်းပဋိပက္ခက ကုန်သွယ်ရေးလမ်းကြောင်းအပေါ် များစွာသက်ရောက်မှုရှိစေခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုနဲ့ အာဂျင်တီးနားနိုင်ငံတို့ရဲ့ ရာသီဥတုခြောက်သွေ့မှုများက အဲဒီနိုင်ငံတွေရဲ့ ထုတ်လုပ်မှုအပေါ် များစွာသက်ရောက်စေခဲ့ပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ပို့ကုန်မူဝါဒအပြောင်းအလဲတွေကြောင့် ဆန်စျေးနှုန်းတွေလည်း အနည်းငယ်ကျဆင်းလာခဲ့ပါတယ်။

### အနိမ့်ဆုံးကျဆင်း

အောက်တိုဘာ ၇ ရက်က ထုတ်ပြန်လိုက်တဲ့ သီးသန့်ထုတ်ပြန်ချက်တစ်ခုမှာ အခုနှစ် ကမ္ဘာ့ဂျုံ၊ နှံစားပြောင်းထုတ်လုပ်မှုဟာ ၂ ဒသမ ၇၆၈ ဘီလီယံတန်ရှိပြီး ၂၀၂၁ ခုနှစ်နဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ ၁ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။




လန်ဒန်ရှိကုန်တိုက်တစ်ခုတွင် အမျိုးသားတစ်ဦး စျေးဝယ်နေသည်ကို တွေ့ရစဉ်။

အစေ့အဆန်နဲ့ ဂျုံ၊ ပြောင်းတွေနဲ့ပတ်သက်တဲ့ စျေးနှုန်းမြင့်တက်လာခြင်းဟာ ဟင်းရွက်ဆီစျေးနှုန်းကြီးမားစွာကျဆင်းခြင်းနဲ့ ထေမိသွားပါတယ်။ ဟင်းရွက်ဆီစျေးနှုန်းဟာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကတည်းကစပြီး ၆ ဒသမ ၆ ရာခိုင်နှုန်းအထိ အနိမ့်ဆုံးကျဆင်းခဲ့ပါတယ်။

### ၂၀ရာခိုင်နှုန်းကျော်မြင့်နေသေး

အရှေ့တောင်အာရှရဲ့ ထုတ်လုပ်မှုမြင့်တက်လာခြင်းကလည်း အခုလို ကျဆင်းခြင်းရဲ့အကြောင်းရင်းတစ်ခုဖြစ်တယ်လို့ အက်ဖ်အေအိုက ပြောကြားထားပါတယ်။

နို့ထွက်ပစ္စည်းစျေးနှုန်းတွေလည်း ၀ ဒသမ ၆ ရာခိုင်နှုန်းအထိ ကျဆင်းလာပါတယ်။ သို့သော်လည်း လွန်ခဲ့တဲ့တစ်နှစ်နဲ့ နှိုင်းယှဉ်ရင်တော့ ၂၀ ရာခိုင်နှုန်းကျော် မြင့်နေပါသေးတယ်လို့ အက်ဖ်အေအိုက ပြောပါတယ်။

### လစဉ်အပြောင်းအလဲရှိ

အသားစျေးနှုန်းတွေကလည်း ၀ ဒသမ ၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သလို သကြားစျေးနှုန်းတွေလည်း ၀ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။

> ❖ စားနပ်ရိက္ခာစျေးနှုန်းတွေမြင့်တက်နေရာကနေ ကျဆင်းသွားတဲ့အပေါ် ကြိုဆိုပါတယ်လို့ အက်ဖ်အေအိုရဲ့ စီးပွားရေး အရာရှိချုပ် မက်ဆီမိုတိုရီရိုက ပြောကြား
>
> ❖ သို့သော်လည်း မကျိမ်းသေမှုတွေ အမြောက်အမြားရှိသေးတယ်၊ ဓာတ်မြေသြဇာစျေးနှုန်းတွေ မြင့်တက်မှုတွေက အနာဂတ်ထုတ်လုပ်နိုင်မှု အလားအလာနဲ့ တောင်သူလယ်သမားတွေရဲ့ ဘဝအပေါ် ရိုက်ခတ်မှုရှိလာနိုင်တယ်၊ အခြေအနေ ထင်သလောက်မကောင်းနိုင်သေးတဲ့ ကမ္ဘာ့စီးပွားရေးအလားအလာ၊ ငွေကြေးစျေးကွက် အပြောင်းအလဲတွေက ကမ္ဘာ့စားနပ်ရိက္ခာအပေါ် အများကြီးပြောင်းလဲမှုတွေ ဖြစ်စေနိုင်တယ်လို့ သူက ဆက်ပြော

အဓိကအားဖြင့် အစားအသောက်ခြောက်မျိုးဖြစ်တဲ့ ဂျုံ၊ ဟင်းသီးဟင်းရွက်၊ ဆီ၊ နို့ထွက်ပစ္စည်း၊ အသားနဲ့ သကြားတွေရဲ့ နိုင်ငံတကာစျေးနှုန်းတွေဟာ လစဉ် အပြောင်းအလဲရှိပါတယ်လို့ ကုလသမဂ္ဂအေဂျင်စီက ပြောပါတယ်။

### ကမ္ဘာ့စားနပ်ရိက္ခာအပေါ် အများကြီးပြောင်းလဲမှုတွေဖြစ်စေ

စားနပ်ရိက္ခာစျေးနှုန်းတွေမြင့်တက်နေရာကနေ ကျဆင်းသွားတဲ့အပေါ် ကြိုဆိုပါတယ်လို့ အက်ဖ်အေအိုရဲ့ စီးပွားရေး အရာရှိချုပ် မက်ဆီမို တိုရီရိုက ပြောကြားလိုက်ပါတယ်။

သို့သော်လည်း မသေချာမှုတွေ အမြောက်အမြားရှိသေးတယ်။ ဓာတ်မြေသြဇာ စျေးနှုန်းမြင့်တက်မှုတွေက အနာဂတ်ထုတ်လုပ်နိုင်မှုအလားအလာနဲ့ တောင်သူလယ်သမားတွေရဲ့ ဘဝအပေါ် ရိုက်ခတ်မှုရှိလာနိုင်တယ်။ အခြေအနေထင်သလောက်မကောင်းနိုင်သေးတဲ့ ကမ္ဘာ့စီးပွားရေးအလားအလာ၊ ငွေကြေးစျေးကွက်အပြောင်းအလဲတွေက ကမ္ဘာ့စားနပ်ရိက္ခာအပေါ် အများကြီးပြောင်းလဲမှုတွေ ဖြစ်စေနိုင်တယ်လို့ သူက ဆက်ပြောထားပါတယ်။

ဇူလိုင်လမှာ အက်ဖ်အေအိုရဲ့ ဟင်းသီးဟင်းရွက်အညွှန်းကိန်းဟာ ဇွန်လနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ၁၉ ဒသမ ၂ ရာခိုင်နှုန်းလောက် ကျဆင်းလာခဲ့ပါတယ်။ ဒါဟာ ၁၀ လ အတွင်း အနိမ့်ဆုံးဖြစ်ခဲ့ပါတယ်။

### အကျဘက်ကိုဦးတည်နေ

ဆီအမျိုးအစားအားလုံးအတွက် နိုင်ငံတကာစျေးနှုန်းတွေလည်း ကျဆင်းခဲ့တယ်လို့ အက်ဖ်အေအိုက ပြောပါတယ်။ ထို့အတူ နေကြာဆီစျေးနှုန်းလည်း ကျဆင်းခဲ့ပါတယ်။ ရေနံစိမ်းစျေးနှုန်းကျဆင်းခြင်းနဲ့ အတူ ဟင်းရွက်ဆီစျေးနှုန်းတွေရဲ့ တန်ဖိုးလည်းကျဆင်းခဲ့ပါတယ်။

ကမ္ဘာ့စီးပွားရေးနှေးကွေးကျဆင်းမှုတွေအပေါ် စိုးရိမ်စိတ်တွေရှိလင့်ကစား သကြားစျေးနှုန်းတွေလည်း လေးရာခိုင်နှုန်းလောက်ကျဆင်းခဲ့ပါတယ်။ နို့မှုန့်စျေးနှုန်းတွေနဲ့ ထောပတ်စျေးနှုန်းတွေကျဆင်းခဲ့သော်လည်း ဒိန်ခဲစျေးနှုန်းကတော့ တည်ငြိမ်လျက်ရှိပါတယ်။ ထို့အတူ အသားစျေးနှုန်းများလည်း ဆက်လက်ပြီးအကျဘက်ကို ဦးတည်နေပါတယ်။

အခုလို နိုင်ငံတကာကုန်စျေးနှုန်းတွေ ကျဆင်းလာတဲ့အပေါ် ဝမ်းသာစွာ ကြိုဆိုလိုက်သော်လည်း ကမ္ဘာ့စားနပ်ရိက္ခာနဲ့ ကုန်စျေးနှုန်းများဟာ အမြင့်ဆုံးအဖြစ်ဆက်လက်ရှိနေဆဲ ဖြစ်ပါကြောင်း။ ။

ကိုးကား – ဆင်ဟွာ

# ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၃၂ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

(၁၀–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၀,၂၁၅) ခုအားစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၃၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၂၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၁၈၆,၀၆၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၆,၆၉၀) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၉၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၀,၅၅၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၆၇) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၂၆–၉–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့်နာတာရှည်ရောဂါ အခံတစ်ခုခု ရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝ ထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရသူ နာတာရှည်ရောဂါအခံရှိသူများ၏ မိသားစုဝင်များထံမှ သိရှိချက်အရ အဆိုပါသေဆုံးရသူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံမှုကို ခံယူမှု မရရှိခဲ့ခြင်း၏ အဓိကအကြောင်းရင်းများမှာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းဖြင့် မိမိတွင်ရှိနေသည့် နာတာရှည်ရောဂါအခံသည် ပိုမိုဆိုးရွားလာမည်ဟူသည့် လွဲမှားသော အယူအဆကြောင့် စိုးရိမ်စိတ်ဖြစ်ပေါ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို လာရောက်မခံယူခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် နာတာရှည်ရောဂါအခံကြောင့် ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ရန် အခက်အခဲရှိခြင်းတို့ကြောင့် ဖြစ်သည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရပါက အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားသည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့်နာတာရှည်ရောဂါ အခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန်နှင့် ၎င်းတို့၏မိသားစုဝင်များ၊ မိတ်ဆွေများမှလည်း အဆိုပါ နာတာရှည်ရောဂါ အခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်–၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့်ထိုးနှံမှုခံယူရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက်ထိုးနှံမှုခံယူနိုင်ရေးအတွက် နီးစပ်ရာ ကာကွယ်ဆေးထိုးစုရပ်များ၊ ကျန်းမာရေးဌာနများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများနှင့် မပျက်မကွက် ဆက်သွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ **moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

### ၁၀-၁၀-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၈၅၅၅၀၇၂ | ၉၅၇၂၉၃၂၉ | ၁၀၈၇၈၈၀ |
| ၂။ | အိန္ဒိယ | ၄၄၆၁၄၄၃၇ | ၄၄၀၅၇၅၄၄ | ၅၂၈၈၀၄ |
| ၃။ | ပြင်သစ် | ၃၅၈၆၆၂၅၃ | ၃၄၇၆၆၁၈၁ | ၁၅၅၄၂၂ |
| ၄။ | ဘရာဇီး | ၃၄၇၆၄၆၆၁ | ၃၃၉၀၅၁၂၀ | ၆၈၆၉၁၀ |
| ၅။ | ဂျာမနီ | ၃၃၉၄၈၆၃၂ | ၃၂၆၃၆၅၀၀ | ၁၅၀၅၃၅ |
| ၆။ | တောင်ကိုရီးယား | ၂၄၉၇၉၇၇၀ | ၂၄၅၀၇၂၆၅ | ၂၈၆၉၈ |
| ၇။ | ဗြိတိန် | ၂၃၇၃၅၂၇၃ | ၂၃၃၈၉၀၃၈ | ၁၉၀၈၈၈ |
| ၈။ | အီတလီ | ၂၂၈၁၅၇၃၆ | ၂၂၁၃၀၃၂၆ | ၁၇၇၅၁၉ |
| ၉။ | ဂျပန် | ၂၁၅၅၂၃၅၇ | ၂၀၄၃၁၅၂၉ | ၄၅၅၁၁ |
| ၁၀။ | ရုရှား | ၂၁၂၁၈၉၉၃ | ၂၀၄၃၉၀၄၃ | ၃၈၈၂၉၅ |


### ၁၀-၁၀-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၁၄၈၇၄၅၉ | ၁၀၅၉၆၅၀၉ | ၄၃၁၅၃ |
| အင်ဒိုနီးရှား | ၆၄၄၆၁၄၃ | ၆၂၇၂၀၅၃ | ၁၅၈၂၁၉ |
| မလေးရှား | ၄၈၅၄၉၇၆ | ၄၇၉၅၈၀၄ | ၃၆၄၀၀ |
| ထိုင်း | ၄၆၈၂၁၃၂ | ၄၆၄၂၈၉၄ | ၃၂၇၇၁ |
| ဖိလစ်ပိုင် | ၃၉၆၉၉၈၇ | ၃၈၈၀၆၇၆ | ၆၃၂၉၇ |
| စင်ကာပူ | ၁၉၅၃၁၉၇ | ၁၈၆၃၄၀၄ | ၁၆၂၉ |
| မြန်မာ | ၆၂၆၆၉၀ | ၆၀၀၅၅၈ | ၁၉၄၆၇ |
| ဘရူနိုင်း | ၂၂၇၇၅၆ | ၂၂၂၁၄၀ | ၂၂၅ |
| လာအို | ၂၁၆၀၀၂ | ၂၀၈၃၄၄ | ၇၅၈ |
| ကမ္ဘောဒီးယား | ၁၃၇၉၃၆ | ၁၃၄၈၀၅ | ၃၀၅၆ |

မျိုးရိုးဗီဇပြောင်း ကိုဗစ်–၁၉ ရောဂါပိုး အိုမီခရွန် နှင့် ၎င်း၏မျိုးစိတ်အသစ်များကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းဖြင့်သာ ထိရောက်စွာ ကာကွယ်နိုင်သောကြောင့် မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာ ကျန်းမာရေးဌာနများတွင် ထပ်ဆောင်းကာကွယ်ဆေးကို မပျက်မကွက် ထိုးနှံမှုခံယူရန် တိုက်တွန်းအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရောဝတီမြစ်၏ ရေဝေရေလဲဒေသ
# “ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော”


သိန်းညွန့် PZL

**မြစ်မင်းရောဝတီ၏ ရေဝေရေလဲဒေသအစိတ်အပိုင်း တစ်ခုဖြစ်သော “ရွှေဥဒေါင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော” သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ် သပိတ်ကျင်း မြို့နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့နယ် သုံးမြို့နယ်အတွင်း တည်ရှိသော ဘေးမဲ့တောကြီး တစ်ခု ဖြစ်ပါသည်။**

မူလကနဦးအစက “ကြံ့၊ ကျား၊ ဆင်၊ ကျားသစ်၊ ပြောင်နှင့် တောဆိတ် ”စသော တိရစ္ဆာန်များ ပေါများမှုကြောင့် ၁၉၂၇ ခုနှစ်က စနစ်တကျ အမဲလိုက်ရန် ဧရိယာတစ်ခုအဖြစ် သတ်မှတ်ခဲ့ပါ၏။ နောက်ပိုင်းတွင်မူ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေ(၁၉၉၄) အရ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အဖြစ် သစ်တောဦးစီးဌာနက သတ်မှတ်ဖွဲ့စည်းကာ စနစ်တကျ အကောင်အထည်ဖော်ခဲ့သည်။

“ဘိုးတော်ကြီးတောင်” ဟု ခေါ်ဆိုကြသည့် ရွှေဥဒေါင်းတောင်မကြီးသည် အမြင့် ၆၂၀၇ ပေ ရှိပြီး “နှမတော်လေးတောင်” (ကျောက်ဖျာတောင်)မှာ အမြင့်ပေ ၅၅၂၀ ရှိကာ တောင်စွယ်၊ တောင်တန်း အဖုံဖုံဖြင့် သိုင်းခြုံတည်ရှိသော ဘေးမဲ့တော ဖြစ်သည်။

**ဘေးမဲ့တောဧရိယာအတွင်း အဓိကစီးဆင်း**

ရွှေဥဒေါင်း၊ အုံဒါန်နှင့် တုံခါးချောင်းတို့သည် ဘေးမဲ့တောဧရိယာအတွင်း အဓိကစီးဆင်းနေပြီး “နမ့်စစ်၊ ကင်း၊ သွေးခြောက်၊ ရေညှာဦးနှင့် ကနစိုး ချောင်းအသွယ်သွယ်တို့သည်လည်း ဘေးမဲ့တော အတွင်းမှတစ်ဆင့်ချောင်းဖျားခံကာ ရောဝတီမြစ် အတွင်း စီးဝင်နေကြောင်း သိမှတ်ရပါ၏။

ဤဘေးမဲ့တောဧရိယာအတွင်း တောဆင်ကောင်ရေ မျိုးဆက်ပျက်သုဉ်းမှုအန္တရာယ်မှ ကာကွယ်ထိန်းသိမ်းရန် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပြီး သစ်တောဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေးအတွက်ပါ ရည်ရွယ်လုပ်ဆောင်နေပေသည်။

ဘေးမဲ့တောဧရိယာအတွင်း တောဆင်ရိုင်း အပါအဝင် ဝက်ဝံ၊ ကျားသစ်၊ အင်းကျား၊ ဆတ်၊ ပြောင်၊ နှင့်စိုင် စသောနို့တိုက်သတ္တဝါ ၄၈ မျိုး၊ တွားသွားသတ္တဝါများဖြစ်သည့် စပါးကြီး၊ စပါးအုံးမြွေ အပါအဝင် ၅၉ မျိုး၊ အောက်ချင်း၊ အောင်လောင်စသည့် ငှက်မျိုးစိတ် ၁၆၁ မျိုးနှင့်အတူ လိပ်ပြာမျိုးစိတ် ၄၃ မျိုး ကျက်စားနေထိုင်ကြကြောင်းမှတ်တမ်းများအရ သိပါ၏။

လွန်ခဲ့သော ၂၀၂၁- ၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ကွင်းဆင်းမှတ်တမ်းပြုချက်အရ တောဆင်ရိုင်းကောင်ရေ ၃၅ ကောင်မျှသာကျန်ရှိကြောင်း၊ ထူးခြားသော သဘာဝအနေအထားမှာ လင်းနို့လိုဏ်ဂူများ သပိတ်ကျင်းမြို့နယ်နှင့် မိုးမိတ်မြို့နယ် ဘေးမဲ့တောဧရိယာအတွင်း တည်ရှိနေခြင်းပင်ဖြစ်ပေသည်။

“ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော” ကို ရည်ရွယ်ချက်ငါးရပ်ဖြင့် စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိရာ အဆင့်အတန်း နိမ့်သဘာဝတောများ ပြန်လည်ဆန်းသစ်ရေးနှင့် သစ်တောလွှမ်းခြုံမှု ကောင်းမွန်ရေးအတွက် အဓိကဖော်ဆောင်နေခြင်း ဖြစ်ပါ၏။

**❊ “ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော”ကို ရည်ရွယ်ချက်ငါးရပ်ဖြင့် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ အဆင့်အတန်းနိမ့်သဘာဝတောများ ပြန်လည်ဆန်းသစ်ရေးနှင့်သစ်တောလွှမ်းခြုံမှု ကောင်းမွန်ရေးအတွက် အဓိကဖော်ဆောင်နေခြင်းဖြစ်**

ထို့ပြင် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး လုပ်ဆောင်ရာ၌ ဒေသခံပြည်သူများ သိမြင်နိုးကြားကာ ပူးပေါင်းပါဝင်လာရေးအတွက် မျှော်မှန်းထားပါ၏။ တောဆင်ရိုင်းများအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ နေရင်းဒေသများ ပြန်လည်ကောင်းမွန်ရေးအတွက်သာမက သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအထောက်အကူပြုနိုင်ရန်လည်းရည်ရွယ်ချက်ထားရှိပေသည်။

**စည်းလုံးချစ်ကြည်မှုကို အထောက်အကူပြုလျက်ရှိ**

ဤဘေးမဲ့တော ပတ်ဝန်းကျင်ဒေသတစ်ဝိုက်တွင် ရှမ်း ၊ လီဆူ၊ ကချင်၊ လားဟူနှင့် မြန်မာတိုင်းရင်းသားများ စုဖွဲ့နေထိုင်ခြင်းကလည်း ထူးခြားသော ပွဲတော်များ ကျင်းပကြခြင်းဖြင့် စည်းလုံးချစ်ကြည်မှုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိပါသည်။

အချုပ်ဆိုရပါသော် တောတောင်ရေတံခွန်၊ စိမ့်စမ်းအသွယ်သွယ်၊ တောတောင်အလှ သဘာဝရှုခင်းအဖုံဖုံ၊ ဂေဟစနစ်၊ ဇီဝမျိုးစုံမျိုးကွဲများ စေ့ငုလေ့လာနိုင်ကြမည့် “ရွှေဥဒေါင်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တော”သို့ သပိတ်ကျင်း၊ မိုးကုတ်၊ မိုးမိတ်မြို့များမှတစ်ဆင့် ရာသီမရွေး မော်တော်ယာဉ်၊ ဆိုင်ကယ်များဖြင့် လာရောက်နိုင်ကြပါကြောင်း သတင်းစကားပါးလိုက်ရပါ၏။ ။










## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပြီး မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါ ဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

( ၁ ) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ) ကူးစက်ခြင်းမရှိပါ၊

( ၂ ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

( ၃ ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ် ဆောင်ရွက်ရန်၊

( ၄ ) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမည်ဆိုပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

( ၅ ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

( ၆ ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

( ၇ ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

( ၈ ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

( ၉ ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၁၀) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အအေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(၁၂) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၃) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# နိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ ကာကွယ်ရေး အရှိန်မြှင့်တင်ဆောင်ရွက်

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်တွင်းကူးစက်မှုများ ပိုမိုများပြားလာလျက်ရှိရာ အမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ရောဂါကူးစက်မှု မဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ မြို့နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ဆောင်ရွက်မှုများကို ဖော်ပြလိုက်ပါသည်။

## စစ်တွေမြို့ပေါ်ရှိ ဈေးများနှင့် လူစည်ကားရာနေရာများ၌ နှာခေါင်းစည်းကမ်ပိန်းဆောင်ရွက်

**စစ်တွေ အောက်တိုဘာ ၁၀**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်း ကမ်ပိန်းဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များ၊ လူစည်ကားရာ နေရာများနှင့် ဈေးများ၌ ပြုလုပ်သည်။

အဆိုပါ နှာခေါင်းစည်းကမ်ပိန်းဆောင်ရွက်ရာသို့ စစ်တွေခရိုင်နှင့် စစ်တွေမြို့နယ်တို့မှ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ကျန်းမာရေး ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပူးပေါင်း၍ ခရီးသွား ပြည်သူများနှင့် ဈေးရောင်း၊ ဈေးဝယ်ပြည်သူ များအား ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ပေးထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးလမ်းညွှန် ချက်များနှင့်အညီ ကျန်းမာရေးအသိဖြင့် စည်းကမ်းရှိစွာ နေထိုင်သွားလာစေရေး အသိ ပညာပေးကာ နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးကြောင်း သိရသည်။



ထိုသို့ နှာခေါင်းစည်းများ ဖြန့်ဝေရာတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များသည် စစ်တွေမြို့ စည်ပင်သာယာမြို့မဈေး၊ မြို့လယ်ချောင်း တံတားထိပ်၊ လောကာနန္ဒာဘုရားရှေ့၊ ဦးဥတ္တမ ပန်းခြံရှေ့၊ စက်ရုံစုရပ်ကွက်ဈေးရှေ့၊ ရွှေပြား ရပ်ကွက်ဈေးရှေ့၊ အတုလမာရဇိန်ပြည်လုံး ချမ်းသာဘုရားကြီးရှေ့၊ မင်းဂံရပ်ကွက်ဈေး ရှေ့နှင့် ဝေသာလီဘောလုံးကွင်းရှေ့ ရန်ကုန်-စစ်တွေကားလမ်းမကြီး တစ်လျှောက်တို့၌ လမ်းသွားလမ်းလာပြည်သူများ၊ ခရီးသွား ပြည်သူများ၊ ယာဉ်မောင်းများ၊ ဈေးရောင်း ဈေးဝယ်များအား နှာခေါင်းစည်း အခုရေ ၂၅၀၀ ကျော်ကို ဖြန့်ဝေပေးကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## အင်းစိန်မြို့နယ် လမ်းသစ်လမ်းပေါ်ရှိ ပြည်သူများအား နှာခေါင်းစည်းအခမဲ့ဖြန့်ဝေ

**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရန် ရည်ရွယ်၍ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို အောက်တိုဘာ ၆ ရက်က အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် လမ်းသစ်လမ်းပေါ်ရှိ ပြည်သူများကို ဖြန့်ဝေခဲ့သည်။

အဆိုပါ နှာခေါင်းစည်းဖြန့်ဝေရာတွင် အင်းစိန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး သုခလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး သန့်ဇင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများက နှာခေါင်းစည်း အခုရေ ၂၀၀၀ ကို အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ဗွဲထက်ကို (ပြန်/ဆက်)**

## ကျောက်တံခါးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေး

**ကျောက်တံခါး**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ စည်ပင်သာယာဈေး အတွင်းရှိ ဈေးသည်များအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး (Booster Dose) ထိုးနှံပေးခြင်းကို အောက်တိုဘာ ၆ ရက်က တောက္ကျဲအင်းစည်ပင်သာယာဈေးရုံးခန်းမ၌ ထိုးနှံပေးသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရာသို့ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးကြပြီး ကျန်းမာရေး ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး (Booster Dose) ထိုးနှံပေးကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



## သရက်မြို့၌ ပြည်သူများနှင့် မော်တော်ယာဉ်ဖြင့် သွားလာသူများအား နှာခေါင်းစည်းအခမဲ့ဖြန့်ဝေ

**သရက်**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ လမ်းသွားလမ်းလာပြည်သူများနှင့် မော်တော်ယာဉ်ဖြင့် သွားလာသူများအား နှာခေါင်းစည်း အခမဲ့ဖြန့်ဝေခြင်းနှင့် နှာခေါင်းစည်းစနစ်တကျ တပ်ဆင်ခြင်း၊ အသိပညာပေးပိုစတာ ချိတ်ဆွဲခြင်းများကို အောက်တိုဘာ ၇ ရက်က စည်ပင်သာယာမြို့မဈေး ရှေ့၌ ဆောင်ရွက်သည်။ **ဇော်ထက်(သရက်)**

---

## လူအများစုဝေးနေထိုင်ရာနေရာ (Institution) များတွင် နေထိုင်သူများ လိုက်နာဆောင်ရွက်ရမည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းလမ်းညွှန် (Version 2.0)

ဘိုးဘွားရိပ်သာများ၊ မိဘမဲ့ကျောင်းများ၊ ပရဟိတဂေဟာများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ ဘုန်းတော်ကြီးသင် စာသင်ကျောင်းနှင့် သင်တန်းများ၊ ဘော်ဒါဆောင်များ၊ အားကစားသမားများအား စခန်းသွင်း လေ့ကျင့်ခြင်းနှင့် အကျဉ်းထောင်များ၊ အချုပ်ထောင်များအစရှိသော လူအများစုဝေး နေထိုင်ရာနေရာ (Institution)များတွင် ကိုဗစ်-၁၉ ရောဂါ အပါအဝင် ကူးစက်ရောဂါများ ကပ်အသွင် ဖြစ်ပွားနိုင်သဖြင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား အထူးအလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အဆိုပါလူအများစုဝေးနေထိုင်ရာနေရာ (Institution) များ၌ နေထိုင်သူများသည် အောက်ဖော်ပြပါ စည်းကမ်းချက်များကို တိကျစွာပူးပေါင်းလိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်–

**လူအများစုဝေးနေထိုင်ရာနေရာ (Institution) များတွင် နေထိုင်သူများ လိုက်နာရမည့် စည်းကမ်းချက်များ**

၁။ (က) အသက်ငါးနှစ်နှင့် အထက်ရှိသူများအားလုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အကြိမ်ပြည့်ထိုးနှံထားရှိရန်နှင့် အသက်(၁၈)နှစ်နှင့်အထက် ကာကွယ်ဆေးထိုးနှံပြီးစီးမှုကာလ (၆)လပြည့်ပြီးသူများသည် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းကို မပျက်မကွက်ခံယူကြရန်၊

(ခ) အလုံပိတ်အခန်းအတွင်း လူအများနှင့်အတူရှိနေခြင်း၊ အခန်းအတွင်း ပြင်ပမှလာရောက်သူများရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို အမြဲဝတ်ဆင်ထားရန်၊

(ဂ) လက်ကိုမကြာခဏ စက္ကန့်(၂၀)ကြာ ရေ၊ ဆပ်ပြာ သို့မဟုတ် အယ်လ်ကိုဟော(၆၀%) ပါဝင်သောလက်သန့်စင်ဆေးရည် (Hand Sanitizer/Gel) ဖြင့် စနစ်တကျဆေးကြောရန်၊

(ဃ) ရုတ်တရက် နှာချေခြင်း၊ ချောင်းဆိုးခြင်းပြုသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းကို တံတောင်ကွေးဖြင့် လုံခြုံအောင်ဖုံးအုပ်ရန်၊

(င) စားသောက်ရာတွင် အတူစုဖွဲ့စားသောက်ခြင်း၊ မျက်နှာချင်းဆိုင် စားသောက်ခြင်း၊ စားသောက်နေစဉ် စကားပြောဆိုခြင်းများ တတ်နိုင်သမျှ မပြုလုပ်ကြရန်၊

(စ) ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာခံစားရသူရှိပါက သက်ဆိုင်ရာ တာဝန်ကျဝန်ထမ်းထံသို့ ချက်ချင်းသတင်းပေးပို့ရန်။

**လာရောက်တွေ့ဆုံသော ဧည့်သည်များ လိုက်နာရန်အချက်များ**

၂။ (က) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးသူနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပြီးသူများဖြစ်ရန်၊

(ခ) လာရောက်တွေ့ဆုံစဉ် ပါးစပ်နှင့်နှာခေါင်းစည်း (Mask)ကို စနစ်တကျ အမြဲဝတ်ဆင်ထားရန်၊

(ဂ) Institution အဝင်/ထွက်တွင် ကိုယ်အပူချိန် တိုင်းတာစစ်ဆေးမှုခံယူရန်၊

(ဃ) ဖျားနာခြင်းနှင့် အခြား ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများ ခံစားနေရပါက လာရောက်ခြင်းမပြုရန်၊

(င) အတူတကွ ဝိုင်းဖွဲ့စားသောက်ခြင်း လုံးဝမပြုလုပ်ရန်၊

(စ) လူစုလူဝေးမဖြစ်စေရေး ဂရုပြုနေထိုင်ရန်။

**ကျန်းမာရေးဝန်ကြီးဌာန**

---

**လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ကြာဆေးကြောပါ။**

# နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တအကုံရ ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလပ်တော်အား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် သွားရောက်ဖူးမြော်၊ စီးတော်မြင်းဝန်မဟာသိမ်တော်ပြုပြင် ရေစက်ချမင်္ဂလာကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအနောက်ရပ်ကွက် မဏိရတနာမြတောင်ကျောင်းတိုက်၏အဓိပတိမဟာနာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအကုံရ မဟာထေရ်မြတ်ကြီးသည် မန္တလေးမြို့ မင်္ဂလာအထူးကုဆေးရုံကြီးတွင် ဇူလိုင် ၁၉ ရက်မှစ၍ ဆေးကုသမှုခံယူနေစဉ် ၉၆ ပါးသော ရောဂါဖြင့် သက်တော် ၉၀ နှစ်၊ သိက္ခာတော် ၇၀ ဝါအရ ၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်နေ့၊ (၂၀၂၂ ခုနှစ် အောက်တိုဘာ ၉ ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီ ၄၁ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီး ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ် ကလပ်တော်အား သမ္ဗုတစာချကျောင်းတိုက်၌ ပူဇော်ထားလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ကိုကိုဦးနှင့်အဖွဲ့ဝင်များက ဆရာတော်ကြီး၏ ဥတုဇရုပ်ကလပ်တော်အား သွားရောက်ဖူးမြော်ကြည်ညိုသည်။(ယာပုံ)



**ရုပ်ကလပ်တော်အား ဖူးမြော်ကြည်ညို**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ သာဂရာဘိဝံသ အမှူးပြုသည့် အန္တိမအဂ္ဂိစျာပနကျင်းပရေးကော်မတီ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနားပြုလုပ်မည့်အခြေအနေများကို လျှောက်ထားဆွေးနွေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဥတုဇရုပ်ကလပ်တော်အား ဖူးမြော်ကြည်ညိုသည်။

**အရိုး၊ ပြာများ ရေမျှောပွဲကျင်းပသွားမည်**

အဆိုပါဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလပ်တော်အား အောက်တိုဘာ ၁၁ ရက် နံနက် ၈ နာရီတွင် စံကျောင်းတော်ပင့် အခမ်းအနားကျင်းပ၍ အောက်တိုဘာ ၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် အန္တိမစျာပနအခမ်းအနားကို ပုသိမ်ကြီးမြို့နယ် အေးရိပ်ငြိမ်းသုသာန်၌ မီးသင်္ဂြိုဟ်ပူဇော်ပြီး အောက်တိုဘာ ၁၆ ရက်တွင် အရိုး၊ ပြာများကို ဧရာဝတီမြစ်အတွင်း ရေမျှောပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ရေစက်သွန်းချ အမျှပေးဝေ**

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မန္တလေးတက္ကသိုလ်အတွင်း နှစ်ပေါင်း ၁၆၀ ကျော်သက်တမ်းရှိ စီးတော်မြင်းဝန်မဟာသိမ်တော် ပြုပြင်ရေစက်ချပွဲကို အဆိုပါသိမ်တော်၌ ပြုလုပ်ရာ နိုင်ငံတော်သံဃာ့မဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်၊ ပဓာနနာယက ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။ **သတင်းစဉ်**



# တပ်ကုန်းမြို့၌ သီတင်းကျွတ်ကာလ (၁၂)ကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲကျင်းပ

**တပ်ကုန်း အောက်တိုဘာ ၁၀**

ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် ကင်မွန်းတန်းကျေးရွာအုပ်စု ဆင်သေကျေးရွာအတွင်း အသက်(၇၅)နှစ်အထက် အဘိုးအဘွားများအား သီတင်းကျွတ်ကာလ (၁၂) ကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၀ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ မြတ်မင်္ဂလာခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ တက်ရောက်လာသည့် သက်ကြီးအဘိုးအဘွားများ၊ လူငယ်လူရွယ်များနှင့် ဧည့်ပရိသတ်များက ဆင်သေကျေးရွာ မင်္ဂလာကန်ဦးကျောင်းတိုက် ဆရာတော် ဦးကောဏ္ဍည(ဓမ္မစရိယ)ထံမှ ကိုးပါးသီလခံယူဆောက်တည်ခဲ့ပြီးနောက် သက်ကြီးဘိုးဘွားများအား ကန်တော့ကြသည်။ ထို့နောက် သက်ကြီးဘိုးဘွားများက လူငယ်လူရွယ်များအနေဖြင့် သက်ကြီးသူများ၊ မိဘ၊ ဆရာသမားများအား အရိုအသေပေး၍ လေးစားတတ်သည့် အလေ့အထကောင်းများ စိတ်နှလုံးမြဲစေရန်၊ ဘဝတစ်လျှောက်လုံး လိုအင်ဆန္ဒပြည့်ဝစေရန်နှင့် ရပ်ရွာအကျိုး၊ နိုင်ငံ့အကျိုးထမ်းပိုးဆောင်ရွက်နိုင်သည့် သားကောင်းရတနာများဖြစ်ကြစေရန် ဆုမွန်ကောင်းတောင်းချီးမြှင့်စကားများ ပြောကြားသည်။

အဆိုပါ သက်ကြီးကန်တော့ပွဲတွင် သက်ကြီးအဘိုး ၁၇ ဦး၊ သက်ကြီးအဘွား ၃၉ ဦး စုစုပေါင်း ၅၆ ဦးဖြစ်ပြီး တစ်ဦးလျှင် ကန်တော့ငွေကျပ် ၁၅၀၀၀ နှင့်အာဟာရဒါနများဖြင့် ကျွေးမွေးဧည့်ခံကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**


# နေပြည်တော် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား သွားနှင့်ခံတွင်းကျန်းမာရေးအသိပညာပေးခြင်းနှင့် ကုသပေးခြင်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၀**

ကျန်းမာရေး ဝန်ကြီးဌာန ကုသရေးဦးစီးဌာနရှိ သွားကျန်းမာရေးဌာနမှ အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင် ဦးစီးအဖွဲ့သည် ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်(တပ်ကုန်း)ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ ရောက်ရှိကြပြီး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား သွားနှင့်ခံတွင်း ကျန်းမာရေး အသိပညာပေးခြင်းနှင့် ကုသပေးခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါအဖွဲ့တွင် ဆရာဝန်များ၊ သူနာပြုများနှင့် သူနာပြုအကူများဖြင့် စုဖွဲ့ထားပြီး ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား သွားနှင့်ခံတွင်းရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးခြင်း၊ သွားနုတ်ပေးခြင်း၊ သွားဖာခြင်း ကုသရေးလုပ်ငန်းများ ဆောင်ရွက်ကြခြင်းဖြစ်သည်။

ကျန်းမာရေး ဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြစ်သော ကျေးလက်ဒေသအထိ ကွင်းဆင်းဆောင်ရွက်ပေးရန်၊ ပြည်သူလူထုအားလုံး လက်လှမ်းမီနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်ရန် ရည်ရွယ်ချက်များအား ယခုကဲ့သို့ ကွင်းဆင်း ဆောင်ရွက်ခြင်းများ အပြင်ဝေးလံခေါင်ဖျားသည့် ဒေသများအထိ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို တစ်လတစ်ကြိမ်နှုန်းဖြင့် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေ

**နေပြည်တော် အောက်တိုဘာ ၁၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**မိုး/ဇလ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၁၀-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (မေတ္တသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၅၀** ၂၀၂၂ခုနှစ်(၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
**၁၀:၀၀** သတင်းထဲကသတင်း
**၁၂:၃၀** မြန်မာဇာတ်လမ်းတွဲ "အတိုးမပေးတဲ့.....ဒိုးလေး"(အပိုင်း-၂)
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**ချစ်ပန်းရနံ့လွင့်ပျံ့ အပွန်း**' (အပိုင်း-၁၅)
**၁၄:၅၀** မျိုးဝုဏ်တင့်စေဆိုကရေတီးအငွေ
**၁၆:၃၅** မဏ္ဍလီကိုရဲ့သဘာဝရတနာဘုရင်လိပ်ပြာ
**၁၇:၂၀** ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
**၁၇:၃၅** လေ့လာစရာစုံလင်အဓိမြန်ပြည်တစ်ခွင် 'ကျောက်တူးကျောက်သရေ...နမ်းဟုတ်အငွေ'
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ချိုမြမြန်မာတေးအလှ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**ချစ်ပန်းရနံ့လွင့်ပျံ့ အပွန်း**' (အပိုင်း-၂၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** ၂၀၂၂ခုနှစ်(၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ (ပထမနေ့)
**၂၁:၃၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၂:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အချစ်ဆိုသည်မှာ**' (အပိုင်း-၁၆)

**mitv**

**07:01** Evergreen Classic: Thatta Htar Na (Sein Lei Lei)
**07:10** Products of Myanmar - Craft Blacksmithing
**07:35** Myanmar Social & Charitable Association (Ep-2) (Jivitadana Hospital)
**08:01** News
**08:28** Asia Updates: Changsha- A Chinese City of Influences and Heavy Machinery (Part-2
**08:45** Thatbyinnyu Temple
**09:01** Topical Science Topic: Beauty of Marine Life
**09:24** Listening Pleasure, Instrumental Music (Banjo) Yangon Thu
**09:32** Let's Taste Delicious Insects: Red Ant Spaghetti & Crickets, Soy Chips & Fragrant Root Curry
**10:01** News
**10:27** Tray Art Products
**10:37** Sons of the Lake

**MRTV NRC**

**အရှေ့ပိုးကရင် (၆:၀၀) မှ (၇:၀၀) ထိ**
ကရင်ရိုးရာဘဲသားဆန်ပြုတ်
**ချင်း (လိုင်ဇိုး) (၇:၀၀) မှ (၈:၀၀) ထိ**
သင်မယ်၊ရေးမယ်၊တို့ချင်းစာ(အပိုင်း-၃၁)
**ချင်း (ချိုး) (၈:၀၀) မှ (၉:၀၀) ထိ**
ချပ်ကျေးရွာမှတောင်ပေါ်ပန်းသီးများ
**မွန် (၉:၀၀) မှ (၁၁:၀၀) ထိ**
အောင်မြင်ဖြစ်ထွန်းနေတဲ့ မော်လမြိုင်ကျွဲကော
**ရခိုင် (၁၁:၀၀) မှ (၁၃:၀၀) ထိ**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၂)
**ရှမ်း (၁၃:၀၀) မှ (၁၅:၀၀) ထိ**
ရှမ်းတိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး
**"ဝ" (၁၅:၀၀) မှ (၁၇:၀၀) ထိ**
ဒွိမားဆန်ပြုတ်ချက်နည်း
**ကချင် (၁၇:၀၀) မှ (၁၉:၀၀) ထိ**
ကချင်ဘာသာ စကားပြောကြရအောင်(အပိုင်း-၂)
**ကယား (၁၉:၀၀) မှ (၂၁:၀၀) ထိ**
ကယားပက်ရှင်ရှိုး
(ကယားအမျိုးသားတို့၏စုပေါင်းအဲဒိုင်ပေါ်မီ)
**ဝကောကရင် (၂၁:၀၀) မှ (၂၂:၀၀) ထိ**
တလေဒူးခုန်ခြင်း
**အနောက်ပိုးကရင် (၂၂:၀၀) မှ (၂၃:၀၀) ထိ**
အနောက်တောင်အရပ်ဆီက ဟိုင်းကြီးကျွန်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၅၀** ၂၀၂၂ခုနှစ်(၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
**၁၂:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** နိုင်ငံတကာသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "**ပြည်သူ့ဝန်ထမ်း**"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၁)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲရွေးချယ်တင်မြှောက်ပုံစနစ်-ဆွစ်ဇာလန်နိုင်ငံ
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၇:၀၀** စိုက်ပျိုးမွေးမြူသုတဘဏ်
**၀၇:၁၀** အောင်မြင်ဖြစ်ထွန်းသော မွန်ပြည်နယ်ကျွဲကော
**၀၇:၅၅** တောင်သူ့ဘဝသုတကဏ္ဍ
**၀၈:၂၀** ဆန်းသစ်လှပနေသော ကျေးရွာများနှင့်ကလော
**၀၉:၀၀** အညာမြေကိုအလှဆင်သူတို့ရှင်သန်ရာ မကွေးစိုက်သုခြံမှာ
**၀၉:၄၅** ပန်းမြိတ်သဇင်

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ နေပြည်တော် MRTV သို့ လာရောက်ကြည့်ရှုလေ့လာ



**နေပြည်တော် အောက်တိုဘာ ၁၀**

နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများသည် ယနေ့ နံနက်ပိုင်းက နေပြည်တော် - တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်ကြပြီး ရုပ်သံထုတ်လွှင့်မှု ဆိုင်ရာများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်တို့တွင် ကြည့်ရှုလေ့လာကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ပင်မအဆောက်အဦအတွင်း ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများအား ဦးစွာ လှည့်လည်ကြည့်ရှုလေ့လာကြပြီး **(ယာပုံ)** စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယို အစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများစသည့် စုစုပေါင်း ပြခန်း ၄၀ တို့တွင် ခင်းကျင်း ပြသထားမှုများကို ဆက်လက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၁၀ - ၂၀၂၂

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား | ကျပ် ၂၀၀၄၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား | ကျပ် ၂၀၀၅၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၁၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၁၁ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၇၀၅ ကျပ် | ၂၇၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၉၀ ကျပ် | ၂၈၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၀၀ ကျပ် | ၂၀၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၄၅ ကျပ် | ၂၀၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၅၈ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၄၆၉ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၆ . ၁၅၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၄၄၉ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၅၁ . ၆၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၉၅ . ၁၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၅၁၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၆၀၀ | ၉၆၀၀ | ၂၃၉ | ၂၂၉၄၄၀၀ |
| MTSH | ၃၅၅၀ | ၃၅၅၀ | ၄၃၁၅ | ၁၅၃၁၈၇၅၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၈၄ | ၆၅၅၂၀၀ |
| FPB | ၁၉၅၀၀ | ၂၀၀၀၀ | ၈၃၄ | ၁၆၆၁၇၀၀၀ |
| TMH | ၂၇၅၀ | ၂၈၀၀ | ၁၇၆ | ၄၈၇၈၀၀ |
| EFR | ၂၇၅၀ | ၂၇၅၀ | ၃၇၀ | ၁၀၁၇၅၀၀ |
| AHP | ၅၁၀၀ | ၅၀၀၀ | ၉၈၇ | ၄၉၅၅၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# လူမှုစီးပွားဘဝမြှင့်တင်ဖို့ နေကြာအထွက်တိုးအောင် စိုက်ကြစို့

ဦးအောင်နိုင်ဦး (GAD)



## နိဒါန်း

နိုင်ငံတော်အနေဖြင့် ဆီထွက်သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် စားသုံးဆီဖူလုံစေရန် ရည်ရွယ်၍ စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးကော်မတီကို ၂၂-၄-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၁/၂၀၂၂)ဖြင့် “ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေး စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်မှု ကြီးကြပ်ရေးကော်မတီ” အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ပြည်တွင်း စားသုံးဆီဖူလုံရေးနှင့် ပြည်ပသို့ စားသုံးဆီတင်ပို့ ရောင်းချနိုင်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် နေကြာနှင့် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရန်၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးလာရန် တွန်းအားပေး ဆောင်ရွက်လျက်ရှိပြီး တောင်သူများ၏ လိုအပ်ချက်၊ ပုဂ္ဂလိကပိုင်း၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးတွင် နေကြာသီးနှံကို ဧက ၁ ဒသမ ၅ သန်းအထိ တိုးချဲ့စိုက်ပျိုးရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သက်ဆိုင်ရာ အစိုးရအဖွဲ့များ၊ စိုက်ပျိုးရေးပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံတောင်သူကြီးများ၊ အရပ်ဘက်အဖွဲ့အစည်းများက အားသွန်ခွန်စိုက်ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

## နေကြာ

နေကြာသည် ရွှေအိုရောင်အဆင်းရှိ၍ ရုက္ခဗေဒအခေါ် Helianthus Anthus L ဖြစ်ပြီး အင်္ဂလိပ်အခေါ် Sunflower ဖြစ်သည်။ Helianthus သည် Greek စကားလုံး Helios (နေ)၊ Anthos (ပန်း) နှင့် Latin ဘာသာ annuus မှ annual (နှစ်ပတ်လည်) ဟူ၍ဖြစ်သည်။ နေကြာပန်းကို ကမ္ဘာ့နိုင်ငံများ၌ အမြတ်တနိုးတန်ဖိုးထားကြသည်။ တချို့နိုင်ငံများ၌ national flower အဖြစ်လည်းကောင်း၊ state flower အဖြစ်လည်းကောင်း သတ်မှတ်၍ထားရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ ဘီစီ ၂၆၀၀ အစောပိုင်းတွင် မက္ကဆီကိုနိုင်ငံ Tabasco တွင် စတင်စိုက်ပျိုးခဲ့သည်။ စပိန် စူးစမ်းရှာဖွေသူများသည် နေကြာပန်းကိုတွေ့ရှိပြီး ယင်းမျိုးစေ့များကို ဥရောပသို့ သယ်ဆောင်ကာ မိတ်ဆက်ပေးခဲ့သည်။ အစပိုင်းတွင် အလှဆင်အပင်အဖြစ် စိုက်ပျိုးခဲ့ပြီးနောက်ပိုင်းတွင် အစားအသောက်နှင့် ဆေးဘက်ဆိုင်ရာ ရည်ရွယ်ချက်များဖြင့် စိုက်ပျိုးခဲ့သည်။ မြန်မာနိုင်ငံတွင် ဆီစားနေကြာကို ၁၉၇၆ - ၁၉၇၇ ခုနှစ်ခန့်မှစ၍ စိုက်ပျိုးခဲ့ကြပါသည်။

> ❊ **နေကြာစေ့မှာ ၄၅ ရာခိုင်နှုန်းမှ ၅၄ ရာခိုင်နှုန်း အဆီပါဝင်မှုရှိသည့် ဆီထွက်သီးနှံတစ်မျိုးဖြစ်ပြီး ရွှေရောင်အဆင်း၊ ကြည်လင်သော အနံ့အရသာနှင့် နေကြာဆီမှာ လူကြိုက်များသည့် စားသုံးဆီတစ်မျိုးလည်း ဖြစ်ပါသည်။ နေကြာဆီသည် အခန်းအပူချိန်တွင် အရည်ဖြစ်သည်။ သန့်စင်ထားသော နေကြာဆီသည်ကြည်လင်ပြီး ပယင်းရောင်ရှိသည်။ နေကြာစေ့များမှ ထုတ်လုပ်သော နေကြာဆီသည် စားသောက်ကုန်များ၊ အလှကုန်များ၊ ဆေးဝါးနှင့် လူသုံးကုန် ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုကြသည်။ နေကြာဆီတွင် အဓိကအားဖြင့်** linoleic acid၊ polyunsaturated fat **နှင့်** oleic acid၊ monounsaturated fat **ဓာတ်တို့ များစွာပါဝင်**

## နေကြာဆီ

နေကြာစေ့မှာ ၄၅ ရာခိုင်နှုန်းမှ ၅၄ ရာခိုင်နှုန်း အဆီပါဝင်မှုရှိသည့် ဆီထွက်သီးနှံတစ်မျိုးဖြစ်ပြီး ရွှေရောင်အဆင်း၊ ကြည်လင်သော အနံ့အရသာနှင့် နေကြာဆီမှာ လူကြိုက်များသည့် စားသုံးဆီတစ်မျိုးလည်းဖြစ်ပါသည်။ နေကြာဆီသည် အခန်းအပူချိန်တွင် အရည်ဖြစ်သည်။ သန့်စင်ထားသော နေကြာဆီသည်ကြည်လင်ပြီး ပယင်းရောင်ရှိသည်။ နေကြာစေ့များမှ ထုတ်လုပ်သော နေကြာဆီသည် စားသောက်ကုန်များ၊ အလှကုန်များ၊ ဆေးဝါးနှင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုကြသည်။ နေကြာဆီတွင် အဓိကအားဖြင့် linoleic acid ၊ polyunsaturated fat နှင့် oleic acid ၊ mono-unsaturated fat ဓာတ်တို့ များစွာပါဝင်သည်။ ကမ္ဘာ့နေကြာဆီ ထုတ်လုပ်မှုသည် တန်ချိန် ၁၈ သန်းရှိပြီး ယူကရိန်းနှင့် ရုရှားတို့ကဦးဆောင်ကာ ကမ္ဘာ့စုစုပေါင်း၏ ၅၃ ရာခိုင်နှုန်းဖြင့် ထိပ်တန်းထုတ်လုပ်သူများအဖြစ် ပါဝင်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ရုရှား-ယူကရိန်း အကျပ်အတည်းကြောင့် ကမ္ဘာ့နေကြာဆီထုတ်လုပ်မှု ၅၀ ရာခိုင်နှုန်းကျော် ကျဆင်းသွားကာ နေကြာဆီပြတ်လပ်မှု ဖြစ်ပွားခဲ့ပါသည်။ နေကြာဆီအား အပူချိန်နိမ့်သောနေရာတွင် ထားရှိခြင်းသည် ညစ်ညမ်းမှုနှင့် အာဟာရဓာတ်များ ဆုံးရှုံးခြင်းတို့ကို လျှော့ချနိုင်သည်။ နက်မှောင်သောဖန်ဖြင့် ပြုလုပ်ထားသည့် ပုလင်းများ၊ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ထားသော ပလတ်စတစ်ဖြင့် ပြုလုပ်ထားသည့် ပုလင်းများတွင် သိမ်းဆည်းထားနိုင်သည်။

## နေကြာဆီ၏ အကျိုးကျေးဇူးများ

နေကြာဆီ (Helianthus annuus) သည်နေကြာစေ့များမှ ထုတ်ယူထားသော triglyceride (ဖက်တီးအက်စစ်မော်လီကျူးသုံးခုတွဲထားသည့် မော်လီကျူးအစုအဝေး) ဖြစ်သည်။ ဗီတာမင် E အလွန် ကြွယ်ဝသည်။ နေကြာစေ့ ၁၀၀ ဂရမ်ခန့်တွင် ဖောလစ်အက်ဆစ် ၂၂၇ ဂရမ် ပါဝင်သည်။ **ဆယ်လီနီယမ်**ဓာတ်၊ မဂ္ဂနီဆီယမ် စသည့်ဓာတ်သတ္တုပစ္စည်းများ ပါဝင်သည်။ ကျန်းမာရေးအတွက် သင့်လျော်သည့် စားသုံးဆီတစ်ခုဖြစ်သည်။ မှိုတက်နိုင်ခြင်း နည်းပါသည်။ မြေပဲဆီကဲ့သို့ အာဖလာတောက်ဆင် (မှိုဆိပ်) အတွက် စိုးရိမ်ရန်မရှိပါ။ မျိုးစေ့၊ စိုက်ပျိုးသည့်ဒေသ၊ ရာသီဥတု၊ ရိတ်သိမ်းချိန်နဲ့ ဆီထုတ်မှုနည်းစနစ်တွေပေါ်မူတည်ပြီး နေကြာဆီမှာ ပါဝင်သော ဖက်တီးအက်စစ်အမျိုးအစား ပြောင်းလဲမှုရှိပါသည်။ နေကြာဆီ အမျိုးအစားများကို linoleic acid ပါဝင်မှုအရ High – linoleic၊ Mid–oleic၊ High oleic၊ High oleic / high stearic ဟု လေးမျိုးခွဲခြားနိုင်ပါသည်။ **နှလုံးအားကောင်းခြင်း၊ အရေပြားစနစ်အားကောင်းခြင်း၊ အသားအရည်လှပစေခြင်း၊ ဆံကေသာ ကောင်းမွန်စေခြင်း၊ အဆစ်အမျက်ရောင်ရမ်းခြင်းကို ကာကွယ်ခြင်း၊ ပန်းနာရင်ကျပ်ရောဂါသက်သာစေခြင်း၊ ကင်ဆာရောဂါကို ကာကွယ်ပေးခြင်း၊ ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေခြင်း၊ အစာချေစနစ်ကို အားကောင်းစေခြင်း၊ ကိုယ်အလေးချိန် လျှော့ချပေးနိုင်ခြင်း၊ စိတ်ဖိစီးမှုကို လျှော့ချပေးပြီး စိတ်ကျရောဂါကို ကာကွယ်နိုင်ခြင်း** စသည့် အကျိုးကျေးဇူးများကို ရှိနိုင်ပါသည်။

## နေကြာဆီအထွက်တိုးစေရန် ဆောင်ရွက်ရမည့်အချက်များ

စိုက်ပျိုးရေးလုပ်ငန်းတွင် မျိုး၊ မြေ၊ ရေ၊ နည်းသည် လုပ်ငန်းအောင်မြင်မှုအတွက် အခရာပင်ဖြစ်သည်။ နေကြာသီးနှံကို သီးသန့်၊ သီးထပ်နှင့် သီးညှပ်အဖြစ် စိုက်ပျိုးလေ့ရှိကြပါသည်။ **သီးသန့်စိုက်ပျိုးခြင်းသည်** နေကြာသီးနှံကို တစ်နှစ်လျှင် တစ်ရာသီသာ စိုက်ပျိုးနိုင်သော ဒေသများတွင် သီးသန့် စိုက်ပျိုးခြင်းဖြစ်သည်။ **သီးထပ်စိုက်ပျိုးခြင်း**သည် စပါးပြီး သီးထပ်စိုက်ပျိုးခြင်း၊ သက်လျင်၊ သက်လတ် စပါးမျိုးများ ရိတ်သိမ်းအပြီး မြေအစိုဓာတ်မခြောက်မီ ထယ်ထိုးထွန်ယက်၍ စိုက်ပျိုးခြင်းနှင့် စပါးရိတ်သိမ်းပြီး တစ်ပြိုင်နက်ကျင်းတူးစိုက်ပျိုးခြင်းဖြစ်ပါသည်။ (ထယ်ရေးထွန်ရေး ပြုလုပ်ရန်မလိုဘဲ စိုက်ပျိုးခြင်းဖြစ်ပါသည်။) ယာသီးနှံ (မိုးမြေပဲ၊ နှမ်းလျင်၊ သက်လျင် ပဲတီစိမ်း၊ ပြောင်းဖူး) တို့ ရိတ်သိမ်းပြီးနောက် သီးထပ် စိုက်ပျိုးကြခြင်းဖြစ်ပါသည်။ **သီးညှပ်စိုက်ပျိုးခြင်း**သည် သီးညှပ် စိုက်ပျိုးမည်ဆိုပါက နေကြာကို ဂျုံ၊ ပဲတီစိမ်း၊ ကြံ၊ ပဲစင်းငုံတို့ တန်းကြားတွင် ညှပ်၍စိုက်ပျိုးလေ့ရှိပါသည်။ ဂျုံလေးတန်း နေကြာတစ်တန်းတွင် စိုက်ပျိုးနိုင်ပါသည်။ ပဲတီစိမ်းနှင့် သီးညှပ်စိုက်ပျိုးမည်ဆိုပါက ပဲတီစိမ်း လေးတန်း နေကြာ တစ်တန်းတွင် စိုက်ပျိုးရပါမည်။ ကြံနှင့် သီးညှပ်စိုက်ပျိုးမည်ဆိုပါက ကြံပင်နှစ်တန်းကြားတွင် နေကြာတစ်တန်း စိုက်ပျိုးရပါမည်။ ပဲစင်းငုံနှင့် သီးညှပ်စိုက်ပျိုးမည်ဆိုပါက ပဲစင်းငုံ နှစ်တန်းကြားတွင် နေကြာတစ်တန်း စိုက်ပျိုးရပါမည်။ သီးညှပ်စိုက်ပျိုးရာတွင် နေကြာကို တစ်ပင်နှင့် တစ်ပင် တစ်ပေအကွာ စိုက်ပျိုးရပါမည်။ သီးထပ်စိုက်ပျိုးခြင်းသာမက ကုလားပဲကဲ့သို့ သီးနှံများနှင့်လည်း နေကြာကိုရော၍ **သီးရောအဖြစ်**လည်း စိုက်ပျိုးနိုင်ပါသည်။ နေကြာသည် သီးသန့်၊ သီးညှပ်စိုက်နိုင်ပြီး လယ်မြေတွင် စပါးရိတ်သိမ်းအပြီးဖြစ်စေ၊ ယာမြေတွင် မိုးသီးနှံရိတ်သိမ်းအပြီးဖြစ်စေ၊ ကိုင်းကျွန်းမြေများတွင် လည်းစိုက်ပျိုးနိုင်ပါသည်။ မြန်မာနိုင်ငံ၌ ရေဆင်းစပ် မျိုး-(၁)၊ ဆင်းရွှေကြာ - (၂) အထွက်ကောင်းမျိုး (OPV) နေကြာမျိုးနှစ်မျိုးကို စိုက်ပျိုးသင့်သည့် နေကြာများအဖြစ် သုတေသနပြု ဖော်ထုတ်ထားရှိပါသည်။

## ရေဆင်းစပ်မျိုးနေကြာ - (၁)

ရေဆင်းစပ်မျိုးနေကြာ- (၁) သည် ပြည်တွင်းတွင် မျိုးကူးစပ်မွေးမြူ၍ ပထမဆုံး စီးပွားဖြစ်ထုတ်လုပ်သော စပ်မျိုးနေကြာမျိုးဖြစ်ပြီး သက်တမ်းရက် ၈၀ မှ ၈၅ ရက်ရှိသော မျိုးဖြစ်သည်။ အပင်ပေါက် ရာခိုင်နှုန်းမြင့်မားပြီး အပင်သန်စွမ်းကောင်းမွန်သည်။ အပင်အမြင့်မှာ ၄ - ၄. ၅ ပေရှိပြီး ယိုင်လဲမှုဒဏ်ကို ခံနိုင်ရည်ရှိသည်။ နေကြာတွင် ကျရောက်တတ်သော နေကြာရွက်ခြောက်ရောဂါဒဏ်ကို အသင့်အတင့်ခံနိုင်ရည်ရှိသည်။ အပွင့်အရွယ်အစားကြီးမား၍ အချင်း ၅ - ၉ လက်မရှိသည်။ တစ်ပွင့်ပါ အောင်စေ့ ၅၀၀ မှ ၉၀၀ ရှိသည်။ အစေ့အရွယ်အစားကြီးမား၍ အစေ့ ၁၀၀၀ အလေးချိန် ၄၅ ဂရမ်မှ ၅၀ ရှိသည်။ ဆီပါဝင်မှုများ၍ ၄၈ - ၅၁ ရာခိုင်နှုန်းပါဝင်သည်။ တစ်ဧကအထွက် ၅၅ တင်းမှ တင်း ၆၀ ထွက်နိုင်သောမျိုးဖြစ်သည်။

## ဆင်းရွှေကြာ - (၂) အထွက်ကောင်းမျိုး (OPV)

ဆင်းရွှေကြာ -(၂) မျိုးသည် စပ်မျိုးမဟုတ်သော အထွက်ကောင်းမျိုးဖြစ်သည်။ သက်တမ်း ၈၀ မှ ၈၅ ရက်ဖြင့် ရိတ်သိမ်းနိုင်သည်။ အပင်အမြင့်မှာ ၄ - ၄.၅ ပေ ရှိသည်။ အပွင့်အချင်း ၅ - ၈ လက်မ ရှိသည်။ အစေ့ ၁၀၀၀ အလေးချိန် ၅၆ ဂရမ် ရှိသည်။ အစေ့ ၁၀၀၀ အလေးချိန် ၄၂ မှ ၄၅ ဂရမ် ရှိသည်။ ဆီထွက်ရာခိုင်နှုန်း ၄၅ - ၄၈ ရာခိုင်နှုန်းရှိသည်။ တစ်ဧကအထွက် ၂၅ တင်းမှ တင်း ၃၀ ထွက်နိုင်သောမျိုးဖြစ်ပြီး ဒေသမရွေး စိုက်ပျိုးဖြစ်ထွန်းကြောင်း သိရပါသည်။ ထူးခြားသည်မှာ ယိုင်လဲမှုဒဏ်ခံနိုင်ပြီး ရွက်ခြောက်ရောဂါဒဏ် ခံနိုင်ရည်ရှိကြောင်း သိရပါသည်။

*စာမျက်နှာ ၂၁ သို့*

# အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)တွင် တက်ရောက်လျက်ရှိသော သင်တန်းသား သင်တန်းသူများနှင့် မိတ်ဆက်ပွဲ ကျင်းပ

တောင်ကြီး အောက်တိုဘာ ၁၀

**အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)တွင်တက်ရောက်လျက်ရှိသောသင်တန်းသားသင်တန်းသူများနှင့် မိတ်ဆက်ပွဲနှင့် ညစာစားပွဲကို အောက်တိုဘာ ၈ ရက်က အေးသာယာမြို့ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး) မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။**

မိတ်ဆက်ပွဲတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အားကစားနှင့် ကာယပညာ သိပ္ပံ (တောင်ကြီး) ကျောင်းကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ စတင်၍ အားကစားနည်း ၁၀ နည်းဖြင့် ဖွင့်လှစ်ခဲ့ကြောင်း၊ ကျောင်းတော်မှ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားသမား ၃၁၃ ဦး၊ နိုင်ငံ့ကိုယ်စားပြု အားကစားသမား ၃၅ ဦး တို့ကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ အာဆီယံအဆင့် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ၌ ၂၀၁၇ ခုနှစ်တွင် လေးဦး၊ ကြေးတံဆိပ်သုံးခုရရှိပြီး ၂၀၁၈ ခုနှစ်တွင် ၁၃ ဦး ပါဝင်ယှဉ်ပြိုင်ရာ ရွှေတံဆိပ်နှစ်ခုရရှိကာ ၂၀၁၉ ခုနှစ်တွင် ခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ B.Sc(Sports)သို့ တက်ရောက်သော အင်အားမှာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အမျိုးသားတစ်ဦး၊ အမျိုးသမီးခြောက်ဦး စုစုပေါင်း ခုနစ်ဦး တက်ရောက်သင်ကြားပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အထိ B.Sc(Sports) သို့ တက်ရောက်ခဲ့သည့် သင်တန်းသား သင်တန်းသူ ၃၁ ဦး မွေးထုတ် ပေးနိုင်ခဲ့ကြောင်း၊ လူငယ်လူရွယ်များကို မူးယစ်ဆေးဝါးအန္တရာယ်မှ ကာကွယ်ပေးခြင်း၊ နိုင်ငံတော်အတွက် ထူးချွန်ထက်မြက်သော အားကစားသမားများ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ အလှူငွေများ ပေးအပ်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းငွေကျပ် ၁၀ သိန်းကို ပြည်နယ် ဝန်ကြီးချုပ်က ပေးအပ်ရာ အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး) ကျောင်းအုပ်ကြီးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍လည်းကောင်း၊ လင်းမြတ်နိုင် ဆောက်လုပ်ရေးကုမ္ပဏီမှ ငွေကျပ်သိန်း ၃၀၊ ယွန်းပိုးသံစဉ် ဆောက်လုပ်ရေးကုမ္ပဏီမှ ငွေကျပ် သိန်း ၂၀၊ ရေလယ်ကျွန်းဆောက်လုပ်ရေး ကုမ္ပဏီမှ ငွေကျပ် ၁၀ သိန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း) လမ်းဦးစီးဌာနမှ ငွေကျပ် သိန်း ၃၀၊ ရေလယ်ကျွန်းဆောက်လုပ်ရေး ကုမ္ပဏီမှ ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး) ကျောင်းအုပ်က လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများက ဖျော်ဖြေရေး အစီအစဉ်များဖြင့် တင်ဆက်ကြကြောင်း သိရသည်။

**အင်းသားလေး(တောင်ကြီး)**



# ဗိုဗီနမ်အားကစားနည်း ပိုမိုကျွမ်းကျင်မှုရှိလာအောင် ဆက်လက်လေ့ကျင့်

**မော်လမြိုင် အောက်တိုဘာ ၁၀** မွန်ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီမှ ဖွင့်လှစ်သည့် ဗိုဗီနမ်အားကစားသင်တန်း သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၈ ရက်က မော်လမြိုင်မြို့ ပြည်နယ် အားကစားခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက မျိုးဆက်သစ် လူငယ်များကို ဗလငါးတန်နှင့် ဟန်ချက်ညီစွာ ဖွံ့ဖြိုးလာစေရန် အတွက် အားကစားသည် မရှိမဖြစ်လိုအပ်သည့် အခန်းကဏ္ဍက ပါဝင်နေကြောင်း၊ လူငယ်၊ လူရွယ်များ ကျန်းမာသန်စွမ်းပြီး ကိုယ်ကာယ ကြံ့ခိုင်စေရန် အားကစားလှုပ်ရှားမှုများတွင် ပါဝင်ကြရန် လိုအပ်သလို စာရိတ္တဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်၊ ပိုမိုကြံ့ခိုင်အောင် လေ့ကျင့်ပေးကြရန်လည်း လိုအပ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် ဗိုဗီနမ် အားကစားနည်း ပညာရပ်တွေကို ပိုမိုကျွမ်းကျင်မှု ရှိလာအောင် ဆက်လက် လေ့ကျင့်သွားကြရန်နှင့် ထူးချွန်သည့် အားကစားသမားကောင်းများ ဖြစ်လာစေရန် စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် သင်တန်းသား သင်တန်းသူများက ဗိုဗီနမ် အားကစားနည်းကို သရုပ်ပြသခဲ့မှုအပေါ် ကြည့်ရှုအားပေးကြပြီး သင်တန်းဆင်း လက်မှတ်များ၊ သင်တန်းထူးချွန်ဆုနှင့် နည်းပြဆရာများအား ဂုဏ်ပြုဆုငွေများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ချီးမြှင့်ကြကြောင်း သိရသည်။

**ခင်စန်းမြင့် (ပြန်/ဆက်)**

## အခြေခံဆိုင်ကယ်ပြုပြင်နည်း သင်တန်းဖွင့်

**ပန်းတနော် အောက်တိုဘာ ၁၀** ဧရာဝတီ တိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရာတွင် အထောက်အကူပြုစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းရရှိရေး၊ လူနေမှုဘဝ မြင့်မားစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ ဆိုင်ကယ်ပြုပြင်နည်း သင်တန်းကို မင်းဂရုကျေးရွာအုပ်စု မင်းဂရုကျေးရွာ၌ အောက်တိုဘာ ၉ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ငြိမ်းသူ**

*စာမျက်နှာ ၂၀ မှ*

### စိုက်ပျိုးချိန်

အကောင်းဆုံးစိုက်ပျိုးချိန်မှာ စက်တင်ဘာလနှင့် အောက်တိုဘာလဖြစ်သော်လည်း မြေအစိုဓာတ်လုံလောက်စွာရှိပါက စပါးအပြီးစိုက်ပျိုးရာတွင် နိုဝင်ဘာနှင့် ဒီဇင်ဘာလအထိ စိုက်ပျိုးနိုင်ပါသည်။

### မြေအမျိုးအစား

မြေဆီလွှာထက်သန်သည့်သဲနုန်းမြေအမျိုးအစားမှ မြေစေးမြေအမျိုးအစားအထိ စိုက်ပျိုးနိုင်သည်။ မြေချဉ်ငန်ဓာတ် pH တန်ဖိုး ၆ ဒသမ ၀ မှ ၇ ဒသမ ၅ သည် အသင့်လျော်ဆုံးဖြစ်သည်။ ခြောက်သွေ့သည့် ဒေသတွင် မြေစေးမြေအမျိုးအစားကဲ့သို့ ရေထိန်း ထားနိုင်သည့်မြေတွင် စိုက်ပျိုးနိုင်ပါသည်။

### မျိုးစေ့နှုန်းထား

တစ်ဧကလျှင် မျိုးစေ့လေးပြည်မှ ငါးပြည် စိုက်ပျိုးနိုင်သည်။ အတန်းအကွာအဝေးမှာ နှစ်ပေနှင့် ပင်ကြားအကွာအဝေး ကိုးလက်မဖြစ်သည်။ တစ်ကျင်းလျှင် မျိုးစေ့ နှစ်စေ့မှ သုံးစေ့နှုန်း စိုက်သင့်သည်။အပင်သက်တမ်း၁၅ရက်သားအတွင်းတစ်ကျင်းလျှင် တစ်ပင်ချန်၍ အပြီးသားခွဲရန်ဖြစ်ပါသည်။

### မြေသြဇာကျွေးခြင်း

နေကြာပင်သည်ကြီးမားသော အမြစ်အုံရှိသဖြင့် ရေနှင့် အစာအာဟာရဓာတ်ကို များစွာစားသုံးနိုင်သော အပင်မျိုးဖြစ်သည်။ အပင်ကြီးထွားဖြစ်ထွန်းရေး၊ အပွင့်အရွယ်အစား ကြီးမားစေရေး၊ အစေ့အဆန် အောင်မြင်စေရေးတို့အတွက် အရေးကြီးသည်မှာ မြေတွင်းမှ အာဟာရပြည့်စုံစွာ ရရှိရေးဖြစ်သည်။ သို့ဖြစ်၍ နေကြာစိုက်ပျိုးရာတွင် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများကို ထည့်သွင်းပေးရန် လိုပါသည်။ မြေမပြုပြင်မီတစ်ဧကလျှင် နွားချေး၊ ကြက်ချေး သို့မဟုတ် သဘာဝမြေဆွေးများကို လှည်းငါးစီးမှ ၁၀ စီးထည့်ပေးသင့်ပါသည်။ တစ်ဧကလျှင် ယူရီးယားဓာတ်မြေသြဇာ ၁၁၂ ပေါင်၊ တီစူပါမြေသြဇာ ၅၆ ပေါင်နှင့် ပိုတက်ရှ်ဓာတ်မြေသြဇာ ၅၆ ပေါင်ကို မြေပြုပြင်ချိန်တွင် ထည့်ပေးရပါမည်။ ထို့ပြင် အဖူးဝင်ချိန်တွင် ယူရီးယားဓာတ်မြေသြဇာ တစ်ဧကလျှင် ၅၆ ပေါင်နှုန်းထပ်မံထည့်ပေးရန် လိုအပ်ပါသည်။

### အပင်ပြုစုမှု နည်းစနစ်

စိုက်ပျိုးမည့်လယ်ယာမြေကို ထယ်ရေးနက်နက်၊ ထွန်ရေးညက်ညက်ဖြင့် ပြုပြင်ရပါသည်။ အပင်သက်တမ်း ၁၅ ရက်သားအတွင်း တစ်ကျင်း တစ်ပင်ချန်ပြီး အပြီးသားခွဲခြင်း ဆောင်ရွက်ရပါသည်။ အပင်ငယ်စဉ် ပေါင်းမြက်ကင်းစင်အောင် ပြုလုပ်ပေးရပါသည်။ ပိုးနှင့် ရောဂါကျရောက်ပါက သင့်လျော်သည့်ဆေးဖြင့် အချိန်မီ ကာကွယ်ခြင်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။ အပင်ယိုင်လဲမှု မဖြစ်စေရန် အဖူးဝင်ချိန်တွင် ပေါင်တင်ခြင်း ပြုလုပ်ရပါသည်။ ရေလိုအပ်ပါကအဖူး ၇၅ ရာခိုင်နှုန်းဝင်ချိန်နှင့် ပန်း ၇၅ ရာခိုင်နှုန်းပွင့်ချိန်တွင် ရေတစ်ကြိမ်စီ သွင်းပေးရပါသည်။ အလေအလွင့်နည်းအောင် အချိန်မီ ရိတ်သိမ်းခြင်း၊ စနစ်တကျ မျိုးစေ့ခြွေခြင်း၊ ခြောက်သွေ့အောင် နေလှန်းပေးခြင်းများ ပြုလုပ်ဆောင်ရွက်ရပါသည်။

### နိဂုံး

မြန်မာနိုင်ငံ၌ နှမ်း၊ မြေပဲနှင့် နေကြာတို့သည် အဓိက ဆီထွက်သီးနှံများဖြစ်ရာ နေကြာသည် နိုင်ငံတစ်ဝန်းလုံး နေရာမရွေး စိုက်ပျိုးအောင်မြင်နိုင်သည့် သီးနှံဖြစ်ပါသည်။ ယခင်ကတည်းက ပြည်နယ်/တိုင်းဒေသကြီးများ၌ ဆီထွက်သီးနှံနေကြာ စိုက်ပျိုးကာ ဖြစ်ထွန်းအောင်မြင်ခဲ့ပြီး ဒေသခံ တောင်သူကြီးများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားခဲ့သည်ကိုလည်း တွေ့ရှိနိုင်ပါသည်။ ပြည်တွင်းစားသုံးဆီ ဖူလုံရေးနေကြာသီးနှံကို သီးထပ်၊ သီးညှပ်စိုက်ပျိုး ထုတ်လုပ်ကြရန် လိုအပ်လျက်ရှိပါသည်။ နိုင်ငံတော်စားရေရိက္ခာ ပေါများရေးသည် အမျိုးသားရေး ပန်းတိုင်တစ်ရပ်ဖြစ်သည့်အတွက် အလေးအနက်ထားကာ ဆီထွက်သီးနှံနေကြာစိုက်ပျိုး ထုတ်လုပ်မှု တိုးတက်မြင့်မားရေး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စုပေါင်း၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ၂၀၂၃ ခုနှစ် ဒုတိယရာသီ ဆီထွက်သီးနှံစိုက်ပျိုးပြီး ချိန်တွင် နိုင်ငံ၏ ဆီဖူလုံမှု အပြည့်အဝရရှိပြီး ပြည်ပမှစားသုံး ဆီတင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတကာ၏ စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်လာမည်ဖြစ်သည်။ ပြည်တွင်းစားသုံးဆီ ဖူလုံမှုရှိပြီး ပြည်ပသို့တင်ပို့ ရောင်းချနိုင်သည့်အခါ နိုင်ငံ၏ကုန်ထုတ်လုပ်မှု မြင့်မားလာပြီး စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၏ ဝင်ငွေတိုးတက်ရရှိလာမည် ဖြစ်ပါသည်။ ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာမည်ဖြစ်သည့်အတွက် ဆီထွက်သီးနှံနေကြာ အထွက်တိုးရေး ပြည်သူပြည်သားအားလုံး အလေးထားဝိုင်းဝန်း၍ အမျိုးသားရေး ပန်တိုင် တစ်ရပ်အနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါရန် နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။ ။

**ကိုးကား**


- www.moali.gov.mm
- http://www.myanmarseedportal.gov.mm/mm
- https://www.sciencedirect.com/topics/immunology-and-microbiology / helianthus - annuus
- https://en.wikipedia.org/wiki/Sunflower_oil#Composition

# မိုင်းကိုင်မြို့နယ်၌ သျှမ်းစာပေ၊ သျှမ်းရိုးရာသိုင်း၊ သျှမ်းရိုးရာကိန္နရာအက ရက်တိုသင်တန်းဖွင့်

မိုင်းကိုင် အောက်တိုဘာ ၁၀

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ်၌ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့က ကြီးမှူး၍ ကျောင်းသားကျောင်းသူများ၏ သီတင်းကျွတ်ကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုနှင့် စာပေတို့ကို ချစ်မြတ်နိုး တန်ဖိုးထားတတ်စေရန်အတွက် သျှမ်းစာပေ၊ သျှမ်းရိုးရာသိုင်း၊ သျှမ်းရိုးရာကိန္နရာအက ရက်တိုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်းပိုင် အဆောက်အအုံ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူး သန်းထွန်းနှင့်ဌာနဆိုင်ရာများ၊ မြို့နယ်ရှမ်းစာပေယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့ကြသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးက အမှာစကားပြောကြားပြီး မြို့နယ်ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးစိုင်းသိန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော သင်တန်းသားသင်တန်းသူများက သင်တန်းအဖွင့် ရှမ်းသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၁၀ ရက်မှစ၍ ၁၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သျှမ်းစာပေအခြေခံ၊ သျှမ်းရိုးရာလက်သိုင်း၊ တုတ်သိုင်း၊ ဓားသိုင်း၊ နံချပ်ကူသိုင်း၊ ကိန္နရီကိန္နရာအကများကို သင်တန်းဆရာများဖြစ်သော ဦးစိုင်းဘို၊ ဦးစိုင်းငွေအောင်ကျော်၊ ဦးစိုင်းအောင်သူရ၊ဦးစိုင်းအွမ်တို့က ဦးဆောင်၍ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပွင့်ဖြူမြို့နယ် စံပြကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ပြီးစီး

ပွင့်ဖြူ အောက်တိုဘာ ၁၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် Cash For work (CFW) စီမံကိန်းဖြင့် စံပြကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို အောက်တိုဘာ ၈ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှငွေမောင်နှင့် ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများ၊ ကျေးရွာမှ CFW စီမံကိန်းကော်မတီဝင်များသည် စံပြကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားရန် မှာကြားခဲ့ပြီး ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



စံပြကျေးရွာတွင် CFW စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် အရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မထုရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာများပံ့ပိုးကာ ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာ ၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးထံမှ သိရသည်။

ဇင်မာ

# မိုင်းဖြတ်မြို့နယ် ကချင်စံပြ ကျေးရွာသို့အရောက် စာအုပ်များ အခမဲ့ငှားရမ်း

မိုင်းဖြတ် အောက်တိုဘာ ၁၀

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဝန်ထမ်းများသည် ယနေ့ နံနက်ပိုင်းက ကချင်စံပြကျေးရွာသို့အရောက် စာအုပ်များ အခမဲ့ ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် အသိပညာဗဟုသုတများရရှိစေရန်၊ ဘဝအတွေ့အကြုံ သင်ခန်းစာများရရှိစေရန်အတွက် မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ လူငယ်အလုပ်သမားများ ပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များ ခင်းကျင်းပြသပေးရာ ကျေးလက်နေပြည်သူနှင့် ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ရှောလမွန် (မိုင်းဖြတ်)

# လင်းခေးမြို့နယ်ရှိ ကျေးရွာများ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

လင်းခေး အောက်တိုဘာ ၁၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုကွန်ကျေးရွာနှင့် ဒါးဆိပ်ကျေးရွာတို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းက ပြည်နယ်ဦးစီးမှူးများနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်တောင်ပိုင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိအိခင်နှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၅၄၂၅ သန်းဖြင့် ဒါးဆိပ်ကျေးရွာတွင် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ရေပေးရေးကော်မတီများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ခရိုင်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ လင်းခေးခရိုင် မြို့နယ်များရှိ ဦးစီးဌာနဝန်ထမ်းများနှင့် တွေ့ဆုံကာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဦးစီးဌာနလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ ဝန်ထမ်းတစ်ဦးချင်း၏ ရုံးလုပ်ငန်းဆောင်ရွက်ရာ တွေ့ကြုံရသည့် အခက်အခဲများကို မေးမြန်းပြီး လိုအပ်သည်များကို ပြည်နယ်ဦးစီးမှူးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

မောင်ခိုင်

# မိုးညှင်းမြို့၌ ဆောင်းရာသီစိုက်ပျိုးစရိတ် ချေးငွေများ စတင်ထုတ်ချေးပေး

မိုးညှင်း အောက်တိုဘာ ၁၀

ကချင်ပြည်နယ် မိုးညှင်းမြို့၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်ဘဏ်ခွဲမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများကို အောက်တိုဘာ ၇ ရက်က စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါထုတ်ချေးပေးရာတွင် မိုးညှင်းမြို့နယ်အတွင်း ဆောင်းရာသီ၌ အခြားသီးနှံများ၊ မြေပဲနှင့် ပဲမျိုးစုံတို့ကို စိုက်ပျိုးသော တောင်သူများအား ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေ တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ ချေးငွေများ ထုတ်ချေးပေးရာတွင် အချိန်စေ့ချေးငွေများ ပြေကျေစွာ ပေးဆပ်ပြီးသည့် တောင်သူများအား ထုတ်ချေးပေးလျက်ရှိကြောင်း၊ စိုက်ပျိုးစရိတ်ချေးငွေများကို စိုက်ပျိုးချိန်အမီ အကျိုးရှိစွာ သုံးစွဲနိုင်ရေးအတွက် အတိုးနှုန်း တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးခြင်းဖြစ်သည်။

ထိုသို့ ထုတ်ချေးပေးရာတွင် တောင်သူများအား ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ဒီဇင်ဘာလကုန်အထိ ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၂ စု၊ ဆောင်းရာသီစိုက်ပျိုးဧက ၃၅၀၀ အတွက် စုစုပေါင်းငွေကျပ်သိန်း ၃၅၀၀ ကို ထုတ်ချေးပေးရန်လျာထားကြောင်း ခရိုင်မန်နေဂျာ ဦးအောင်နိုင်ထံမှ သိရသည်။

ရွှေမိုးညှင်း

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင်ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၃

လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၄၀၄၃၃၉၉၆၉

ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၆

အီးမေးလ်လိပ်စာ - antiillegaltradeinfo@gmail.com

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၁

လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၆၉၉၆၁၁၁၁၆

ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၇

အီးမေးလ်လိပ်စာ - antiillegaltradeoffice@gmail.com

## ပွင့်ဖြူမြို့နယ်ရှိ ကျောင်းစုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဆောင်ရွက်



**မင်းဘူး အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျောင်းစုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းနှင့် ဝန်ထမ်းများက ကျောင်းစုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းကို ကျောက်ရောမြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ pipe Culvert သုံးစင်တည်ဆောက်နေမှုများ၊ Slab Culvert တစ်စင်းတည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှဌေးမောင်နှင့် တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းတိုးတက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး သတ်မှတ် အတိုင်းအတာပြည့်မီရေး ဆောင်ရွက်ရန်၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် ကျောင်းစုကျေးရွာ၌ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၄၆ ဒသမ ၉၆၅ သန်းအသုံးပြုပြီး အရှည် ၇၆၀၃ ပေ၊ အကျယ် ၁၂ ပေ၊ ထု ကိုးလက်မရှိသော ကျောက်ရောမြေခင်းခြင်းလုပ်ငန်း၊ အချင်း တစ်ပေ၊ အရှည်ပေ ၂၀ ရှိသော pipe Culvert တည်ဆောက်ခြင်းလုပ်ငန်း၊ အရှည် ၁၈ ပေ၊ အကျယ် ၁၃ ပေ၊ အမြင့် ၉ ပေရှိသော Slab Culvert တည်ဆောက်ခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူ၍ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၈ ရက်တွင် ၉၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာသုံးရွာမှ တောင်သူများ၏ စိုက်ပျိုးမြေဧက ၄၀၀ မှ ထွက်ရှိမည့် စိုက်ပျိုးသီးနှံများကို ဈေးကွက်အတွင်းသို့ အချိန်မီ တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း ခရိုင်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို(ကျေးလက်)**

## ထုံးကြီးကျေးရွာ၌ ၄၀၀ ဗို့ ဓာတ်အားလိုင်း တည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး

**ကံမ အောက်တိုဘာ ၁၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံမမြို့နယ် ကျွန်းကလေးကျေးရွာအုပ်စု ထုံးကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း တည်ဆောက်ပြီးစီးမှုကို တာဝန်ရှိသူများက အောက်တိုဘာ ၉ ရက်နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြသီတာထွေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ထုံးကြီးကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းတည် ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များအား မြစိမ်းရောင်အတိုးရငွေဖြင့် ဆောင်ရွက်သော ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်သည့် စာရင်းဇယားများကို စနစ်တကျဆောင်ရွက်ရန်နှင့် ကျေးရွာသူကျေးရွာသားများအား ပွင့်လင်းမြင်သာစွာ ချပြဆွေးနွေးရန် မှာကြားသည်။

ထို့နောက် ကံမမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထုံးကြီးကျေးရွာရှိ အိမ်ထောင်စု ၂၄၄ စုအတွက် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄ ဒသမ ၀၅ သန်း ထုတ်ချေးပေးထားပြီး အဆိုပါစီမံကိန်းအတိုးရငွေမှ ကျပ် ၅ ဒသမ ၉၉၁၉ သန်းနှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းပေ ၁၂၅၀ တည်ဆောက်ခြင်းကို စက်တင်ဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အထွေး**

## ကျောက်ဆည်မြို့နယ်၌ သံကူကွန်ကရစ် ရေပေးပြွန်များဖြင့် အစားထိုးပြန်လည်ပြုပြင်

**ကျောက်ဆည် အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ သီးနှံမျိုးစုံဧက ၄၀၀ ရေပြည့်ဝစွာ ပေးနိုင်ရေး ကွမ်းဆေးမြောင်းမှ ပျက်စီးနေသည့် ရေပြွန်ခြောက်လုံးကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သံကူကွန်ကရစ်ရေပေးပြွန်များဖြင့် အစားထိုး ပြန်လည်ပြုပြင်ပေးခဲ့သဖြင့် စိုက်ပျိုးရေများ ပြည့်ဝစွာ ပေးဝေနိုင်ပြီဖြစ်သည်။

အဆိုပါပျက်စီးနေသည့်ရေပေးပြွန်များမှာ လက်ပန်ပင်ကျေးရွာအနီးရှိ ပေတိုင်အမှတ်(၂၃+၂၅၀)မှ (၃၂+၇၃၆)အတွင်းရှိ ရေပေးပြွန်များဖြစ်ကြောင်းနှင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူပြီး အရှည် ၁၂ ပေ၊ အကျယ်ကိုးလက်မ သံကူကွန်ကရစ် ရေပြွန်လေးလုံး၊ အကျယ် ရှစ်လက်မ၊ သံကူကွန်ကရစ် ရေပြွန်တစ်လုံး၊ အကျယ် ခြောက်လက်မ သံကူကွန်ကရစ်ရေပြွန် တစ်လုံး စုစုပေါင်းရေပြွန်ခြောက်လုံးနှင့် အစားထိုးပြုပြင်ပေးခဲ့ပြီး ရေပြွန်များ ရေရှည်ခိုင်မာရေးအတွက် ရေပြွန်ထိပ်နဖူးစည်းများတွင် ကျောက်သားနံရံစီခြင်းနှင့် စိုက်ပျိုးရေများ လိုအပ်သလို ထိန်းညှိပေးနိုင်ရေး ရေထိန်းတံခါးများပါ တပ်ဆင်ပေးခဲ့သည်။

ကျောက်ဆည်မြို့နယ်၌ ရေပေးပြွန်များအစားထိုး ပြန်လည်ပြုပြင်ပေးခြင်းကြောင့် ကွမ်းဆေးမြောင်းမှ သီးနှံမျိုးစုံဧက ၄၀၀ အတွက် စိုက်ပျိုးရေများ ပေးဝေရာတွင် ရေအလေအလွင့်ဆုံးရှုံးမှု နည်းပါးစွာဖြင့် စိုက်ပျိုးသီးနှံများ အောင်မြင်သည်အထိ လိုအပ်သည့် ရေပမာဏ ပြည့်ဝစွာ ပေးဝေနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



## ထိုင်းနိုင်ငံမှ နေရပ်ပြန် မြန်မာအလုပ်သမားများ ကန့်သတ်ကြပ်မတ်ဆေးကုသမှု ခံယူလျက်ရှိ

**ကော့သောင်း အောက်တိုဘာ ၁၀**

ကော့သောင်းနယ်စပ်ဂိတ်မှတစ်ဆင့် ထိုင်းနိုင်ငံက ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနက် ကိုဗစ်-၁၉ ရောဂါပိုးစစ်ဆေးတွေ့ရှိရသည့် အလုပ်သမားကိုးဦးအား ယမန်နေ့က အသွားအလာကန့်သတ်ထားကာ ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း ခရိုင်ကျန်းမာရေးဦးစီးဌာနမှတစ်ဆင့် သိရသည်။

အောက်တိုဘာ ၂ ရက်က ထိုင်းနိုင်ငံ ရနောင်းမြို့မှ ကော့သောင်းမြို့သို့ လာရောက်လွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနက်မှ အမျိုးသားရှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့တွင် ကျန်းမာရေးဦးစီးဌာန၏ PCR စစ်ဆေးချက်အရ ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးတွေ့ရှိရခြင်းဖြစ်ပြီး ရောဂါပိုးတွေ့ရှိရသူများတွင် ကာကွယ်ဆေးလုံးဝမထိုးနှံရသေးသူများအပြင် အကြိမ်ပြည့်ထိုးနှံပြီးထားသူများလည်း ကူးစက်ခံရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပိုးတွေ့ရှိသူများအား အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိသည့် Quarantine Center များမှတစ်ဆင့် တာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့က ကျန်းမာရေးဝန်ကြီးဌာန လမ်းညွှန်ချက်များနှင့်အညီ သွားရောက်ခေါ်ယူပြီး ခရိုင်ခုတင် ၁၀၀ ပြည်သူ့ဆေးရုံကြီး၏ သီးသန့်လူနာဆောင်၌ ပြောင်းရွှေ့ထားရှိကာ ရောဂါပျောက်ကင်းမှသာ ၎င်းတို့၏နေရပ်ဒေသသို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# မြစ်ကြီးနားမြို့ပေါ်ရှိ ဘုရားစေတီပုထိုးများနှင့် မီးထွန်းပွဲတော်တို့တွင် သီတင်းကျွတ်လပြည့်နေ့ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား

**မြစ်ကြီးနား စက်တင်ဘာ ၁၀**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါနေ့) စက်တင်ဘာ ၉ ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ရှေးဟောင်းသမိုင်းဝင်စေတီပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုသူများ၊ ပြည်သူ့ရင်ပြင်အတွင်းရှိ မီးထွန်းပွဲတော်သို့ လာရောက်လည်ပတ် အပန်းဖြေသူများဖြင့် စည်ကားရာ ည ၆ နာရီမှစတင်၍ အဆိုပါ လူစည်ကားရာနေရာများတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ဌာနဆိုင်ရာများနှင့်အတူ စတုဒိသာဖြင့် ကုသိုလ်ပြု ကျွေးမွေးခဲ့ကြသည်။ **(ယာပုံ)**

ထို့သို့ သီတင်းကျွတ်လပြည့်နေ့တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ကုသိုလ်ကောင်းမှု ပြုကြသူများဖြင့် စည်ကားရာနေရာများသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်နန်ဆိုင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ သီတာရပ်ကွက် ရှေးဟောင်းသမိုင်းဝင်စေတီဖြစ်သည့် ဆုတောင်းပြည့်စေတီတော် ပုရိဝုဏ်အတွင်း ဆိုင်ခန်းငယ်များ ဖွင့်လှစ်ရောင်းချနေမှု၊ ဆုတောင်းပြည့်စေတီတော်၊ ရပ်တော်မူ၊ လျောင်းတော်မူဘုရားတို့တွင် ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်မှုများကို လှည့်လည်ကြည့်ရှု အားပေးကြပြီး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စတုဒိသာအဖြစ် ကြာဆံကြော်ထုပ်များ ဝေငှ၍ ကုသိုလ်ကောင်းမှု ပြုကြသည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့၌ အံတော်ရှင်စေတီတော်သို့ သွားရောက်ပြီး ဆီမီးတစ်ထောင် ကပ်လှူပူဇော်ထားရှိမှု၊ ဘုရားဖူးကုသိုလ်ကောင်းမှု ပြုသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သာဂူကျိုဖြင့် ဧည့်ခံကျွေးမွေးမှုကို ပြည်သူများနှင့်အတူတကွ အားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြစ်ကြီးနားမြို့ မင်းရပ် ရပ်ကွက် ဧရာဝတီမြစ်ကမ်းဘေးရှိ ပြည်သူ့ရင်ပြင်၌ သီတင်းကျွတ်မီးထွန်းပွဲတော်သို့ သွားရောက်ပြီး ဒေသခံပြည်သူများနှင့် အတူတကွ ပါဝင်ဆင်နွှဲခဲ့ကြကာ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ ကုသိုလ်ဖြစ် စတုဒိသာ ဧည့်ခံကျွေးမွေးမှုကို ပြည်သူများအား စတုဒိသာများ ဝေငှကျွေးမွေးကြသည်။



အလားတူ မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့ရှိ ဘုရားကျောင်း၊ ကန်၊ စေတီပုထိုးများတွင် ကုသိုလ်ကောင်းမှုပြုသူများ၊ လာရောက်လည်ပတ်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

# သီတင်းကျွတ်ရုံးပိတ်ရက် ပုဂံညောင်ဦးဒေသသို့ ပြည်တွင်းဘုရားဖူးဧည့်သည် လာရောက်မှုများပြား မြင်းလှည်းစီး၍ ပုဂံမြို့ ရှုခင်းအလှအပများကို ကြည့်ရှုရင်း စိတ်အပန်းဖြေ

**ညောင်ဦး အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သီတင်းကျွတ်ရုံးပိတ်ရက်အတွင်း ပြည်တွင်းဘုရားဖူးဧည့်သည်များ လာရောက်မှုများသဖြင့် ဘုရားစေတီပုထိုးများသို့ မြင်းလှည်းပို့ဆောင် အငှားလိုက်သူများ ဝင်ငွေပိုမိုရရှိမှုကြောင့် လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ပုဂံမြို့ဟောင်း အာနန္ဒာဘုရားအနီးရှိ မြင်းလှည်းအငှား လိုက်သူများထံမှ သိရသည်။



**မြင်းလှည်းဖြင့် လည်ပတ်ဖူးမြော်**

ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်တွင်းဘုရားဖူးဧည့်သည်များသည် သီတင်းကျွတ်ရုံးပိတ်ရက်အတွင်း တစ်ရက်လျှင် လူဦးရေ ငါးသောင်းခန့် လာရောက်ဖူးမြော်ခဲ့ကြောင်းသိရကာ ဘုရားဖူးလည်ပတ်ရာ၌ အချို့က ကိုယ်ပိုင်မော်တော်ယာဉ်များဖြင့် ဖူးမြော်ကြပြီး အချို့ ဘုရားဖူးဧည့်သည်များက ပုဂံညောင်ဦးမြို့၏ ရှုခင်းအလှအပများကို စိတ်အပန်းဖြေသည့်အနေဖြင့် မြင်းလှည်းဖြင့် လည်ပတ်ဖူးမြော်ကြကြောင်း၊ မြင်းလှည်းငှားရမ်းခအနေဖြင့် တစ်နာရီလျှင် ငွေကျပ် ၅၀၀၀ နှုန်း၊ ခရီးအနီးအဝေးပေါ်မူတည်ပြီး ငွေကျပ် ၁၀၀၀၀ နှုန်း၊ တစ်နေကုန်ငှားရမ်းပါက ငွေကျပ် ၃၅၀၀၀ အထိ ဈေးနှုန်းအမျိုးမျိုးဖြင့် ငှားရမ်းပို့ဆောင်ပေးကြောင်းနှင့် ပြည်တွင်းဘုရားဖူးဧည့်သည်များက မြင်းလှည်းဖြင့် လည်ပတ်ဖူးမြော်ကြသူများ၍ ဝင်ငွေကောင်းကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ညောင်ဦးမြို့ပေါ်မှ မြင်းလှည်းအငှားလိုက်သူတစ်ဦးက ပြောသည်။

ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင်ဒေသဖြစ်၍ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်များက ခရီးသွားရာသီချိန်နှင့် ယခုကဲ့သို့ ခါကြီးရက်ကြီး ရုံးပိတ်ရက်ရှည်များတွင် စိတ်ဝင်တစားလာရောက်လေ့လာဖူးမြော်ကြလေ့ရှိပြီး ပုဂံညောင်ဦးဒေသရှိ သမိုင်းဝင်တန်ခိုးကြီးဘုရားများ ဖြစ်သည့် ရွှေစည်းခုံစေတီတော် စွယ်တော်လေးဆူအပြင် အာနန္ဒာ ၊ ဗူးဘုရား ၊ အလိုတော်ပြည့် ၊ ကန်တော့ပလ္လင် ၊ ဓမ္မရံကြီး ၊ စူဠာမဏိ ၊ ဓမ္မရာဇက ၊ မြစေတီ ၊ မနူဟာ ၊ ဂူပြောက်ကြီး ၊ မင်းအိုချမ်းသာ ၊ ထီးလိုမင်းလို ၊ ပြဿဒ်ကြီး ၊ ရှင်အရှဂေါဏ ၊ ငှက်ပစ်တောင်၊ ပြည့်ငါးပြည့်ဘုရားနှင့် ပုဂံပြတိုက်တို့ကို အဓိကလည်ပတ်ဖူးမြော်ကြကြောင်း သိရသည်။

**စိတ်အပန်းဖြေအနားယူ**

ထို့အပြင် ညောင်ဦးမြို့နယ် အနောက်ပုလင်းကျေးရွာအနီး ဖွင့်လှစ်ထားရှိသော ပလင်းကမ်းသာယာ ဆင်စခန်းသို့ သွားရောက်ကာ ဆင်ပြတိုက်ရှိ ဆင်နှင့်ပတ်သက်သော ဒေသန္တရ ဗဟုသုတများကို လေ့လာ၍ သီတင်းကျွတ်လ အခါသမယ ဆင်စာဘူဖေးကျွေးခြင်းနှင့် ဆင်စခန်းအတွင်း စိတ်အပန်းဖြေ အနားယူကြကြောင်း သိရသည်။ ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှု နယ်မြေဒေသရှိ ဘုရားများ ဖူးမြော်ပြီးပါက တစ်ဆက်တစ်စပ်တည်းရှိ ပုပ္ပားတောင်ကလပ်ဘုရားကြီးအား ဝင်ရောက်လည်ပတ်ဖူးမြော်ကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

---

## မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျ ပုံမှန်ဆောင်ရွက်ရန်၊

(၃) တိရစ္ဆာန်ရောဂါကာကွယ်ဆေးများကို ပုံမှန်ထိုးနှံကြရန်၊

(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊

(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဟု သံသယဖြစ်ဖွယ်တွေ့ရှိရပါက နီးစပ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ဆေးကုသမှုအမြန်ဆောင်ရွက်ရန်၊

(၆) ရောဂါဖြစ်တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်း မပြုရန်၊

(၇) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊

(၈) တိရစ္ဆာန်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးခြင်းနှင့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ငဖဲမြို့နယ် မြေလတ်ကျေးရွာ၏ အရှေ့တောင်ဘက်တောထဲတွင် ထိုးသွင်းဒဏ်ရာများဖြင့် အမျိုးသမီးငယ် နှစ်ဦးသေဆုံးလျက်ရှိ

**ငဖဲ အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် တောင်ပေါ်ဒေသတွင် ယမန်နေ့ည ၈နာရီခန့်က မြေလတ်ကျေးရွာ အရှေ့တောင်ဘက် မင်းဘူး-အမ်းကားလမ်းမ မိုင်တိုင် အမှတ်(၄၄/၆)၏ တောင်ဘက် ၃ ဖာလုံခန့် အကွာ တောထဲတွင် ထိုးသွင်းဒဏ်ရာများဖြင့် အမည်မသိ အမျိုးသမီးနှစ်ဦး ပုပ်ပွသေဆုံးလျက် တွေ့ရှိရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ည ၇နာရီ ၄၅ မိနစ်ခန့်က ဂုတ်ကြီးရဲကင်းစခန်းအပိုင် မြေလတ်ကျေးရွာ အရှေ့တောင်ဘက် မင်းဘူး-အမ်းကားလမ်းမ မိုင်တိုင် အမှတ်(၄၄/၆)၏ တောင်ဘက် ၃ ဖာလုံခန့်အကွာ တောထဲတွင် အမည်မသိ အမျိုးသမီးနှစ်ဦး အလောင်းတွေ့ရှိကြောင်း မြေလတ်ကျေးရွာနေ ကျော်ကျော်အောင်က မှုရှာအပြန်တွေ့ရှိကြောင်း ဖုန်းဖြင့်ပြောကြားချက်အရ ဂုတ်ကြီးရဲကင်းစခန်းမှူး ရဲအုပ်လှရွှေ ဦးစီးသောတပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးရာ အသက် (၂၁နှစ်)အရွယ်ခန့် အမျိုးသမီးတစ်ဦးကို ထိုးသွင်းဒဏ်ရာ ၁၁ ချက်ဖြင့်တွေ့ရှိရပြီး အဆိုပါ အမျိုးသမီး၏ အရှေ့ဘက် ပေ ၁၀၀ ခန့်အကွာတွင် အသက်(၁၄နှစ်)ခန့်အရွယ် မိန်းကလေးငယ်တစ်ဦးကို ထိုးသွင်းဒဏ်ရာ ခုနစ်ချက်ဖြင့် ပုပ်ပွသေဆုံးလျက်ရှိသည်ကို စစ်ဆေးတွေ့ရှိရသည်။

အဆိုပါ သေဆုံးသူ အမျိုးသမီးနှစ်ဦးနှင့် ပတ်သက်၍ အနီးဝန်းကျင်ကျေးရွာများရှိ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆက်သွယ်စုံစမ်းခဲ့ရာ ၎င်းတို့မှာ ဘုံးဘောကျေးရွာအုပ်စု ဘုံးဘောကျေးရွာနေ (ဘ) ဦးရဲ၏ သမီး မိုင်ရွှေစင်ရဲ(ခ) မခင်ဝင်း (၂၁နှစ်)နှင့် တစ်ရွာတည်း နေ(ဘ)ဦးလှမောင်၏ သမီး မိုင်နှောင်ပါလှ (၁၄နှစ်) နှစ်ဦးတို့ဖြစ်ကြောင်း၊ ၎င်းတို့နှစ်ဦးသည် ဘုံးဘောကျေးရွာမှ တစ်မိုင်ခွဲခန့် ဝေးကွာသော ဂုတ်ကြီးကျေးရွာနေ မိုင်နှောင်ပါလှ၏အဖိုးဖြစ်သူ ဦးမောင်ထံ လက်ဖက်ခြောက်ပို့ရန် အောက်တိုဘာ ၆ ရက် ညနေ ၅နာရီခန့်က ၎င်းနှစ်ဦး ခြေကျင် သွားရောက်ရာမှ ပြန်လည်ရောက်ရှိခြင်း မရှိဘဲ ပျောက်ဆုံးနေသဖြင့် မိဘများနှင့်ဆွေမျိုးများက လိုက်လံစုံစမ်းရှာဖွေနေစဉ် သေဆုံးသူ အမျိုးသမီးနှစ်ဦးတွေ့ရှိကြောင်း သတင်းအရ အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုရာ မိုင်ရွှေစင်ရဲ (ခ)မခင်ဝင်း နှင့် မိုင်နှောင်ပါလှတို့၏ အလောင်းများဖြစ်ကြောင်း အတည်ပြုသိရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်အရေးယူရန် သက်ဆိုင်ရာက စုံစမ်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မယု(ငဖဲ)

## စဉ့်ကိုင်မြို့နယ်၌ သံလမ်းထိန်းကလစ်ခိုးယူသူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် အောက်တိုဘာ ၁၀**-မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ အောက်တိုဘာ ၉ ရက် မွန်းလွဲ ၂ နာရီက စဉ့်ကိုင်မြို့နယ်၌ မင်းလှကျေးရွာအနီး ရန်ကုန်-မန္တလေးရထားသံလမ်း၊ မိုင်တိုင်အမှတ်(၃၇၁) ဇလီဖားတုံးအမှတ်(၁-၃)ကြားရှိ အဆန်ရထာသံလမ်းမှ သံလမ်းထိန်းကလစ်များ ဖြုတ်ခိုးခံရကြောင်း သတင်းအရ ပလိပ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ သံလမ်းထိန်းကလစ်များကို ဖြုတ်ခိုးသူ ပလိပ်ဘူတာကျေးရွာနေ အောင်ဆန်းဝင်း(ခ)အောင်ဆန်းလင်း(၂၀နှစ်)နှင့် ၎င်း၏ညီဖြစ်သူ လှမောင်ကြီး(ခ) သက်အောင်ကျော်(၁၆နှစ်)တို့ နှစ်ဦးကို ဆာလာအိတ်အတွင်းထည့်ထားသည့် သံလမ်းထိန်းကလစ် ၄၅ ခု၊ တူ တစ် လက်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့ နှစ်ဦးကို ပလိပ်နယ်မြေရဲစခန်း အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓါတ်ပုံ၊ အသံဖိုင်၊ ဗွီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ် (၁၄၄)၊
ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm ၊
Website Address – http://www.accm.gov.mm

# မော်တော်ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရမည့် အချက်များ(နည်းဥပဒေ ၃၂၁)

မော်တော်ဆိုင်ကယ်မောင်းနှင်သူသည် အောက်ပါအချက်များကို လိုက်နာရမည် –

(က) မှတ်ပုံတင်ထားသော မော်တော်ဆိုင်ကယ်ကိုသာ မောင်းနှင်ရမည်။

( ခ) သတ်မှတ်ယာဉ်မောင်းလိုင်စင် ပါရှိရမည်။

( ဂ) မော်တော်ဆိုင်ကယ်၏လက်ကိုင်ကို လက်နှစ်ဖက်ဖြင့်ကိုင်၍ မောင်းနှင်ရမည်။

(ဃ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ နောက်တွင် လူစီးထိုင်ခုံမပါလျှင် လူပိုမတင်ရ။ လူစီးထိုင်ခုံပါရှိလျှင် တစ်ဦးထက်ပိုမတင်ရ။ နောက်ထိုင်ခုံတွင် လိုက်ပါသူသည် မော်တော်ဆိုင်ကယ်ကို ခွစီး၍ ရှေ့သို့မျက်နှာမူလျက် ခြေထောက်ကို မော်တော်ဆိုင်ကယ်၏ တစ်ဖက်တစ်ချက်ရှိ ခြေနင်းခုံပေါ်တွင်တင်၍ စီးရမည်။ ခြေနင်းပေါ်တွင် ခြေတင်စီးရန်မမီသူကို တင်၍မစီးရ။ မော်တော်ဆိုင်ကယ်စီးသူ၏ ရှေ့တွင် မည်သူ့ကိုမျှ မတင်ရ။

( င) မော်တော်ဆိုင်ကယ်၏နောက်တွင် ပစ္စည်းများတင်ပါက ထိုပစ္စည်းသည် နောက်ထိုင်ခုံ၏ ဘေးတစ်ဖက်တစ်ချက်မှ ခြောက်လက်မ (၁၅ စင်တီမီတာ) ထက်ပို၍လည်းကောင်း၊ မော်တော်ဆိုင်ကယ်၏ နောက်ဘီးတာယာအစွန်းမှ တစ်ပေ (၃၁ စင်တီမီတာ) ထက်ပို၍လည်းကောင်း အစွန်းထွက်ခြင်း မရှိစေရ။ ထိုပစ္စည်း၏ အမြင့်သည် မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ ပခုံးထက်မမြင့်စေရ။ တင်ဆောင်သော ပစ္စည်းအလေးချိန်သည် မော်တော်ဆိုင်ကယ်မောင်းနှင်သူက မော်တော်ဆိုင်ကယ်ကို မထိန်းသိမ်းနိုင်လောက်အောင် မလေးစေရ။ အန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများကို မတင်ရ။

( စ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ ရှေ့တွင် မြင်ကွင်းကွယ်နိုင်သည့် မည်သည့်ပစ္စည်းကိုမျှ မတင်ရ။

(ဆ) လမ်းပေါ်တွင် ဖြောင့်တန်းစွာမောင်းနှင်ရမည်။ အခြားမော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များနှင့် ပြိုင်မမောင်းရ။ အုပ်စုဖွဲ့မမောင်းရ။ အခြားယာဉ်မောင်းနှင်သူများ အနှောင့်အယှက်ဖြစ်စေလောက်အောင် မမောင်းရ။

( ဇ) မော်တော်ဆိုင်ကယ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူသည် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် အသက်အန္တရာယ် ကာကွယ်နိုင်စွမ်းမြင့်မားသော မော်တော်ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်ဆင်၍ ဆောင်းထားရမည်။

( ဈ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၊ လိုက်ပါစီးနင်းသူ၏ အဝတ်အစားများသည် ပျံ့လွင့်နေခြင်း၊ အန္တရာယ်ဖြစ်စေနိုင်ခြင်း မရှိစေရ။

(ည) မော်တော်ဆိုင်ကယ်၏ စက်သံကို ဆူညံအောင်မြှင့်၍ မမောင်းရ။ အသံထိန်းကိရိယာဖြုတ်၍ မမောင်းရ။ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာမတပ်ဆင်ရ။

( ဋ) မော်တော်ဆိုင်ကယ်ကို အန္တရာယ်ဖြစ်စေလောက်အောင် အရှိန်ပြင်းစွာ မောင်းနှင်ခြင်း မပြုရ။

( ဌ) ရှေ့မှမော်တော်ယာဉ်နှင့် အန္တရာယ်ကင်းနိုင်သည့် အကွာအဝေးမှ မောင်းနှင်ရမည်။

( ဍ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရ။ နားကျပ် (Ear Phone) အသုံးမပြုရ။

( ဎ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် ထီးမဆောင်းရ။ အမိုးတပ်ဆင်ခြင်းမပြုရ။

(ဏ) မော်တော်ဆိုင်ကယ်ကို လမ်းလယ်မှ မမောင်းနှင်ရ။ လက်ယာဘက်ကပ်၍ မောင်းနှင်ရမည်။ သီးသန့်သတ်မှတ်ထားသော မော်တော်ဆိုင်ကယ်မောင်းနှင်ရန် လမ်းရှိပါက အဆိုပါလမ်းမှ မောင်းနှင်ရမည်။

(တ) ရှေ့မီးအနိမ့်ကို နေ့၊ ည အချိန်တိုင်းတွင်လည်းကောင်း၊ ရှေ့မီးကြီးကို ညအခါ၌လည်းကောင်း ဖွင့်၍မောင်းနှင်ရမည်။ မော်တော်ဆိုင်ကယ်ရှေ့မီးများတွင် နည်းပညာအသုံးပြုထားမှုကြောင့် မီးပြင်းအားသည် အခြားမော်တော်ယာဉ်မောင်းနှင်သူ၏မြင်ကွင်းကို အနှောင့်အယှက် မဖြစ်စေရ။

(ထ) မော်တော်ဆိုင်ကယ်ပေါ်တွင် တိရစ္ဆာန်တင်ဆောင်မောင်းနှင်ခြင်း မပြုရ။

( ဒ) သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရမည်။

( ဓ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲ၍သော် လည်းကောင်း၊ အရက်သေစာ သောက်စားမူးယစ်၍သော်လည်းကောင်း မော်တော်ဆိုင်ကယ်ကို မောင်းနှင်ခြင်း မပြုရ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့်နည်းလမ်း
အမှန်တကယ် ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ။ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ။

# ၂၀၂၃ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲတွင် မြန်မာအသင်း ဂိုးပြတ်နိုင်

**ရန်ကုန် အောက်တိုဘာ ၁၀**

၂၀၂၃ အာရှဖလား ယူ - ၁၇ ခြေစစ်ပွဲအုပ်စု နောက်ဆုံးပွဲများကို အောက်တိုဘာ ၉ ရက်နှင့် ၁၀ ရက် မြန်မာစံတော်ချိန် နံနက်အစောပိုင်းများက ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက မော်လ်ဒိုက်အသင်းကို ခုနစ်ဂိုးပြတ်အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲအောင်မြင်ရန် မျှော်လင့်ချက်မရှိတော့သော်လည်း အုပ်စုနောက်ဆုံးပွဲတွင် မော်လ်ဒိုက်အသင်းကို ခြေအသာဖြင့်ကစားကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်း နည်းပြချုပ်ဦးအောင်ဇော်မျိုးသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး စိုင်းသီဟနိုင် (ဂိုး)၊ သူရဇော်၊ ကောင်းခန့်ဇော်၊ မျိုးထက်ဦး၊ ပြည့်စုံအောင်၊ မြတ်ဘုန်းခန့်၊ ခွန်းချိုထူး၊ ထူးဝေယံ၊ စောမျိုးဇော်၊ လင်းထက်ဦး၊ အောင်ဇော်မျိုးတို့ကို အသုံးပြုခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက ခြေအသာဖြင့်ဖိကစားခဲ့ပြီး ၇ မိနစ်နှင့် ၂၈ မိနစ်တွင် စောမျိုးဇော်၊ ၃၄ မိနစ်တွင် ပြည့်စုံအောင်နှင့် ၄၅ မိနစ်တွင် မြတ်ဘုန်းခန့်တို့က ဂိုးများသွင်းယူခဲ့သည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့သော်လည်း ဆက်လက်ဖိအားပေးနိုင်ခဲ့ပြီး ၆၂ မိနစ်တွင် ပြည့်စုံအောင်၊ ၆၉ မိနစ်တွင် အောင်ဇော်မျိုး၊ ၉၀ + ၁ မိနစ်တွင် မျိုးမင်းခန့်တို့က ဂိုးများ ထပ်မံသွင်းယူခဲ့သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲတွင် ဆော်ဒီအာရေဗျအသင်းကို ခြောက်ဂိုးပြတ်၊ ကူဝိတ်အသင်းကို တစ်ဂိုး - ဂိုးမရှိ၊ အိန္ဒိယအသင်းကို လေးဂိုး-တစ်ဂိုးတို့ဖြင့် အရှုံးနိမ့်ခဲ့ပြီး မော်လ်ဒိုက်အသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုလေးပွဲကစားရာတွင် တစ်ပွဲနိုင်၊ သုံးပွဲရှုံး၊ ရမှတ်သုံးမှတ်ဖြင့် အဆင့် ၄ နေရာသာရရှိပြီး ခြေစစ်ပွဲမအောင်မြင်ခဲ့ပေ။ မြန်မာအသင်းပါဝင်သော အုပ်စု (ဃ)တွင် ဆော်ဒီအာရေဗျအသင်းနှင့် အိန္ဒိယအသင်းတို့က ခြေစစ်ပွဲအောင်မြင်ခဲ့သည်။ ခြေစစ်ပွဲ အုပ်စုပွဲစဉ်များအပြီးတွင် ဂျပန်၊ မလေးရှား၊ ကာတာ၊ ဆော်ဒီအာရေဗျ၊ ယီမင်၊ ဗီယက်နမ်၊ ဩစတြေးလျ၊ တာဂျစ်ကစ္စတန်၊ အီရန်၊ ဥဇဘက်ကစ္စတန်အသင်းတို့မှာ အုပ်စုပထမရကာ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးခြောက်သင်းဖြစ်သော တောင်ကိုရီးယား၊ တရုတ်၊ အာဖဂန်နစ္စတန်၊ အိန္ဒိယ၊ ထိုင်းနှင့် လာအိုအသင်းတို့လည်း ခြေစစ်ပွဲအောင်မြင်ခဲ့သည်။



မြန်မာနှင့် မော်လ်ဒိုက်အသင်း ယှဉ်ပြိုင်နေစဉ်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ - MFF**

# ရန်ကုန်မြို့၌ ရိုတိုတိုက်ကွမ်ဒိုချန်ပီယံရှစ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်နှင့် Rotho ကုမ္ပဏီတို့ ပူးပေါင်းကျင်းပမည့် ရိုတိုတိုက်ကွမ်ဒိုဖိတ်ခေါ်ဖလား(Rotho Taekwondo Championship 2022) ပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့၊ သုဝဏ္ဏ (ဘူရောင်း)တိုက်ကွမ်ဒိုလေ့ကျင့်ရေးစင်တာတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာ ခါးစည်းအနက် (Kukkiwon) ဒန်အဆင့်ရရှိထားသူများနှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ ခါးစည်းအစိမ်းမှ အနီ(၁)ဒီဂရီအထိ ရရှိထားသူများ၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်တွင် မှတ်ပုံတင်သွင်း အသိအမှတ်ပြုထားသော အသင်းအဖွဲ့ဝင်များနှင့် အပြည်ပြည်ဆိုင်ရာ ခါးစည်းအနက် ဖြေဆိုထားသူများလည်း ယှဉ်ပြိုင်ခွင့် ပြုမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲ၌ အမျိုးသား၊ အမျိုးသမီးအတိုက် (Kyorugi)နှင့် ကကွက်(Poomsae)ပြိုင်ပွဲများတွင် သက်ငယ်တန်း(Cadet)အဆင့်၊ ဂျူနီယာတန်း (Junior) အဆင့် ကီလိုတန်းအလိုက် ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲနှင့် ပတ်သက်၍ သိရှိလိုပါက နည်းစနစ်ကော်မတီ၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ၀၉-၇၈၅၀၇၀၀၃၉ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**အာကာစိုး**

❖ *ကျောဖုံးမှ*

ချေပဂိုးရရန် ကြိုးပမ်းလာပြီး ဟံသာဝတီအသင်း ခံစစ်အမှားအယွင်းမရှိ ဖျက်ထုတ်နိုင်ခဲ့သည်။ ဟံသာဝတီအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၅၅ မိနစ်တွင် နောက်ခံလူ ဝင်းမိုးကျော်က သွင်းယူခဲ့သည်။ ရှောဝတီအသင်း လက်ကျန်မိနစ် ၃၀ ကျော်တွင် ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းခဲ့သော်လည်း အခွင့်အရေးများ အသုံးမချနိုင်သည့်အပြင် ဟံသာဝတီအသင်း ခံစစ်မှာလည်း အမှားမရှိသဖြင့် ဟံသာဝတီအသင်းက နှစ်ဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ယခုပွဲအပြီးတွင် ဟံသာဝတီအသင်းက ၁၄ ပွဲကစား ရမှတ် ၂၆ မှတ်၊ ရှောဝတီအသင်းက ၁၃ ပွဲကစား ၂၃ မှတ် ရရှိထားသည်။ ပွဲစဉ် (၁၅) လက်ကျန်ပွဲများအဖြစ် အောက်တိုဘာ ၁၂ ရက် တွင် ရန်ကုန်အသင်းနှင့် မြဝတီအသင်း၊ အောက်တို ဘာ ၁၃ ရက်တွင် ရတနာပုံအသင်းနှင့် GFA အသင်း တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**


လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၂၄)နာရီ HELPLINE ဝန်ဆောင်မှု

အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် ကျားမရေးရာအခြေပြု အကြမ်းဖက်မှုဖြစ်ရပ်များ၊ သက်ငယ်မုဒိမ်းဖြစ်ရပ်များ၊ ပဋိပက္ခဖြစ်စဉ်အတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုတို့နှင့် ပတ်သက်၍ လူမှုရေးနည်းလမ်းအရဖြေရှင်း ဆောင်ရွက်ပေးရန်လိုအပ်ပါက

✓ ကာယကံရှင်ကိုယ်တိုင်သော်လည်းကောင်း၊

✓ သိရှိသူ ပြည်သူများမှလည်းကောင်း

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Helpline ဖုန်းနံပါတ် 1566** သို့ ယုံကြည်စိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ပြီး၊ Viber နံပါတ် ၀၉- ၈၈၉၉၃၁၁၄၄ သို့ Viber Message ပေးပို့၍လည်းကောင်း၊ Helpline - DSW Facebook Page Messenger သို့ Message ပေးပို့၍လည်းကောင်း တိုင်ကြားနိုင်ပါသည်။

**Viber နှင့် Messenger များသို့ ပေးပို့တိုင်ကြားပါက အမည်၊ လိပ်စာ၊ ဖုန်းနံပါတ် ထည့်သွင်းဖော်ပြပေးပါရန်။**

Viber Helpline - DSW (၀၉-၈၈၉၉၃၁၁၄၄)

Helpline 1566

Helpline - DSW

တိုင်ကြားသူ၏အချက်အလက်မပေါက်ကြားရေး အထူးအလေးထားကာကွယ်ပေးသွားပါမည်။


**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၀

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ – က နှင့် ပုဒ်မ ၅၀၅ – က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် (၈)ရပ်ကွက်နေ ကိုထိုက်(ခ) ကျော်သူထိုက်သည် ၎င်းအသုံးပြုသည့် “Nay Su Kyal (Ko Htike)” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် လူသုံးကုန်ပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၀**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော နံရံနှင့်မျက်နှာကြက်တွင် အသုံးပြုသည့် Cement Board များ ၈၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၆၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော Scania Tractor Head အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅,၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၀၁၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၁၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ အကောက်ခွန်မဲ့ Smart Softener ဂျပ်ဖာ ၂၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။







သို့ဖြစ်ပါ၍ အောက်တိုဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲလေးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၁၆၀၀၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# မိုးညိုမြို့၌ ဝိုင်ယာကြိုးအပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့၌ အောက်တိုဘာ ၉ ရက်က ဝိုင်ယာကြိုး အပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၉ ရက် ည ၇ နာရီခန့်က မိုးညိုမြို့ သခင်လှရပ်ကွက်နေ ဦးစောင်းတင်(ခ)လှမင်းထွန်း (၅၀ နှစ်) ပိုင်ဆိုင်သော ကုန်စုံဆိုင်မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ မိုးညိုမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့မှ မီးသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ် နှစ်စီးဖြင့် သွားရောက် ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ၂၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ဦးစောင်းတင်(ခ)လှမင်းထွန်းနေအိမ်ပါ နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး စစ်ဆေးချက်အရ ဦးစောင်းတင်(ခ)လှမင်းထွန်း၏ နေအိမ်ဈေးဆိုင် ကျောက်ဖိနပ်ခုံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ်အိမ်၏ ဘုရားကျောင်းဆောင်တွင် သွယ်တန်းထားသော ဝိုင်ယာကြိုးအပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းအားမိုးညိုမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**



# လားရှိုးမြို့နယ်၌ ကေဘယ်လ်ကြိုး ခိုးယူသူများကို ဖမ်းဆီးအရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၌ အောက်တိုဘာ ၉ ရက်က ကေဘယ်လ်ကြိုး ခိုးယူသူများကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**အမှုဖွင့်အရေးယူထား**

ဖြစ်စဉ်မှာ အောက်တိုဘာ ၉ ရက် နံနက် ၄ နာရီ ၁၀ မိနစ်က လားရှိုးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် အမှတ်(၂)ရပ်ကွက် လားရှိုး–သိန္နီ ကားလမ်းဘေးရှိ ညောင်ပင်အောက်၌ ပုန်းထွန်းကျေးရွာနေ ကျော်ထူး(ခ)ပြည့်ဖြိုးအောင်(၃၂)နှစ်နှင့် ကျောက်ဆည်မြို့နယ် အေးမြကြည်လင်ရပ်ကွက်နေ အောင်ဇင်ဖြိုး(ခ)ပလောင်(၂၈)နှစ်တို့ နှစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်မေးရာ ၎င်းတို့နှစ်ဦးသည် အောက်တိုဘာ ၅ ရက် နံနက် ၄ နာရီခွဲက အမှတ်(၂)ရပ်ကွက် လားရှိုး–သိန္နီကားလမ်းဘေး ရေမြောင်းအတွင်းမှ မြို့နယ်စည်ပင်သာယာရေးဌာနပိုင် မြေအောက်ကေဘယ်လ်ကြိုး ၃၃ ပေခန့်ကို ခိုးယူခဲ့ပြီး အမှတ်(၅)ရပ်ကွက်ရှိ မအိအိခိုင်(၂၉)နှစ်၏ အဟောင်းပစ္စည်းရောင်း/ဝယ်ရေးဆိုင်၌ ရောင်းချခဲ့ကြောင်း သိရှိရသဖြင့် အဆိုပါဆိုင်မှ သက်သေခံပစ္စည်းများကို သွားရောက်သိမ်းဆည်းကာ ကျော်ထူး(ခ)ပြည့်ဖြိုးအောင်၊ အောင်ဇင်ဖြိုး(ခ)ပလောင်နှင့် မအိအိခိုင်တို့ သုံးဦးအား လားရှိုးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# သာပေါင်းမြို့နယ်၌ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်တစ်လုံး ပြိုကျပျက်စီး



**သာပေါင်း အောက်တိုဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ကျားရဲကျေးရွာအုပ်စု မဏ္ဍိုင်ကျေးရွာတွင် ယနေ့ ညနေ ၄ နာရီခွဲခန့်က မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် နေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့သည်။

ထိုသို့ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့်မဏ္ဍိုင်ကျေးရွာနေ ဦးအောင်မင်းဦး အသက် (၄၀ နှစ်) နှင့် အတူနေမိသားစု အသက် (၁၂ နှစ်) အထက် အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး၊ အသက် ၁၂ နှစ်အောက် အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦး၊ စုစုပေါင်း ငါးဦးတို့၏ (ခနိမိုး၊ ခနိကာ၊ ပျဉ်ခင်း) နေအိမ်ဆုံးရှုံးမှုဖြစ်ခဲ့ရပြီး ၎င်းတို့မိသားစုကို နီးစပ်ရာ ဆွေမျိုးများ နေအိမ်တွင် ပြောင်းရွှေ့နေထိုင်ရေး သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နေအိမ်ပြိုကျ ပျက်စီး ဆုံးရှုံးမှုနှင့်ပတ်သက်၍ လူနှင့် တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

**မျိုးဇော်သိန်း (ပြန်/ဆက်)**

# ကျိုင်းတုံ – တောင်ကြီးသွား ကားလမ်းတွင် ဓားပြတိုက်ခဲ့သူများကို ဖမ်းဆီးရမိ

**ကျိုင်းတုံ အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ–တောင်ကြီးသွားကားလမ်း တုံတာမြို့အနီး မိုင်းကာတောင်တွင် စက်တင်ဘာ ၂၃ ရက်က ခရီးသည်တင်ယာဉ်တစ်စီး၊ Wish အမျိုးအစား မော်တော်ယာဉ်တစ်စီး၊ Probox အမျိုးအစား မော်တော်ယာဉ်တစ်စီး စုစုပေါင်း မော်တော်ယာဉ် သုံးစီးကို ဓားပြတိုက်ခဲ့သူများအား အောက်တိုဘာ ၉ ရက်က ဖမ်းဆီးရမိကြောင်း သိရသည်။




ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး၊ ကျိုင်းတုံခရိုင်နှင့်မြို့နယ် ရဲတပ်ဖွဲ့မှူးများ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပူးပေါင်းတပ်ဖွဲ့ဝင်များက တရားခံများ ဖမ်းဆီးရမိရေး ထောက်လှမ်းဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ် မိုင်းပန်လယ်ကျေးရွာအုပ်စု ရွှေညောင်ပင်ကျေးရွာမှ ဘီယာမင် (၂၀ နှစ်)၊ ယာစေး (၂၁ နှစ်)၊ ကျာကျား (၂၀ နှစ်)၊ ဒယေ (၂၀နှစ်)၊ ဂျော်နီ (၁၉ နှစ်) စုစုပေါင်း ပြစ်မှုကျူးလွန်သူ ငါးဦးကို(ဝဲပုံ) သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့၍ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဓားပြတိုက်မှုတွင် ခရီးသွားပြည်သူများထံမှ ငွေကျပ် ၂၉ သိန်းကျော်နှင့် လက်ကိုင်ဖုန်းကိုးလုံး ယူဆောင်သွားကြောင်းသိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေး ရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော် အပ်ပါသည်–

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့်အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်း ရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၅/ ၂၀၂၂) ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူ

**နေပြည်တော် အောက်တိုဘာ ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွာငံနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈) ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂–၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းအပတ်စဉ်(၅/၂၀၂၂) အား (၁၇–၁၀–၂၀၂၂) ရက်နေ့မှ (၂၅–၁၁–၂၀၂၂)ရက်နေ့အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ အသိပေးထားသည်–

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်–၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း– ၀၉–၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်–၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း–၀၂–၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း– ၀၅၇–၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း–၀၅၄–၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း– ၀၇၄–၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ–ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း– ၀၉–၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်–၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း – ၀၄၂– ၂၅၃၇၃၊ ၀၄၂–၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း– ၀၄၃– ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရွာငံ)**
  အမှတ်–၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရွာငံမြို့၊ ဖုန်း– ၀၉– ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့၊ ဖုန်း– ၀၅၉–၂၀၂၄၀၀၉

**သတင်းစဉ်**

# အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မိချောင်းကန်(၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၃)တွင်တည်ရှိသော Super Seven Stars Automotive Co.,Ltd မှ သက်ဆိုင်ရာဘဏ်များ၏ အခွင့်ရကိုယ်စားလှယ်(Dealer)အဖြစ်ဆောင်ရွက်၍ ကုမ္ပဏီပိုင်မော်တော်ယာဉ်များကို အငှားဝယ်အရစ်ကျစနစ် (Hire Purchase) ဖြင့် ရောင်းချခဲ့ပါသည်။ ထိုသို့ သက်ဆိုင်ရာဘဏ်များနှင့် ချိတ်ဆက်ပြီး အငှားဝယ်အရစ်ကျစနစ် (Hire Purchase)ဖြင့် မော်တော်ယာဉ်အား ဝယ်ယူထားသော အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် မော်တော်ယာဉ်ဖိုးကျန်ငွေများပေးသွင်းရန် အကြိမ်ကြိမ် ပျက်ကွက်လျက်ရှိပါသည်-

သို့ဖြစ်ပါ၍ ဤကြေညာချက်ဖော်ပြပါရှိသည့်ရက်မှ ၁၄ရက်အတွင်း ကုမ္ပဏီ/ဘဏ်သို့ အမြန်ဆုံးဆက်သွယ်ပြီး မော်တော်ယာဉ်ဖိုးကျန်ငွေများပေးသွင်းရန်နှင့် သို့မဟုတ် မော်တော်ယာဉ်ကို အမြန်ဆုံးပြန်လည်အပ်နှံရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လိုက်နာဆောင်ရွက်ခြင်းမရှိ ဆက်လက်၍ အောက်ဖော်ပြပါမော်တော်ယာဉ်များအား လက်ခံရယူထားရှိသူ မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ပြင်းထန်စွာ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်းနှင့် မော်တော်ယာဉ်အား မည်သည့်နေရာတွင်မဆို ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

| စဉ် | မော်တော်ယာဉ် ဝယ်ယူသူအမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ | ယာဉ်အမျိုးအစား ယာဉ်နံပါတ် | Bank |
|---|---|---|---|---|---|
| ၁ | ဦးရဲလွင် | ၉/မနမ(နိုင်)၁၀၇၀၇၉ | တိုက်(၇၃-C)၊ အခန်း(၁၀၆)၊ မြကန်သာ(၄)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | 4Q/2714 KIA-Sportage | MCB |
| ၂ | ဒေါ်တင့်တင့်လွင် | ၁၂/ကမရ(နိုင်)၀၀၁၂၃၈ | အမှတ်(B-၆)၊ အခန်း(၄၀၂)၊ စတုတ္ထထပ်၊ မင်းဓမ္မလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ | 3P/7288 KIA-Sorento GT | MCB |
| ၃ | ဦးအောင်မြင့်စိုး | ၇/ပခန(နိုင်)၁၉၆၄၁၁ | အမှတ်(၂)၊ ဈေးကြီးလမ်း၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ | 9P/9027 KIA-Sorento GT | MCB |
| ၄ | ဦးစောလှစိုး | ၇/ညလပ(နိုင်)၁၉၂၂၂၃ | Kဟိန်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ နန/၂၆၊ ၅၈လမ်း၊ စံပြလမ်းနှင့် မင်္ဂလာလမ်းကြား၊ ပြည်ကြီးတံခွန်၊ မန္တလေးမြို့ | 4Q/7923 KIA-Rio | MCB |
| ၅ | ဒေါ်ရူပါသွင် | ၅/စကန(နိုင်)၁၆၂၄၃၅ | ဖြတရော်ကျေးရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး | 6N/9836 KIA-K 3000 | SSS |
| ၆ | ဦးအောင်ကျော်စိုး | ၁၃/တကန(နိုင်)၂၃၇၀၉၈ | ၁/၈၂၊ စဉ့်ဟယ်ရပ်၊ အောင်သပြေ၊ အောင်သစ္စာလမ်း၊ ကျေးလက်ဆေးခန်းရှေ့၊ ရွှေညောင်မြို့ | 4N/2895 KIA-Optima | SSS |

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သီတာဆွေ
အထက်တန်းရှေ့နေ(စဉ်-၃၁၄၇၂)
Super Seven Stars Public Co.,Ltd
ရုံးခန်း-အမှတ်(၃)၊ ရတနာလမ်း၊ မိချောင်းကန် (၃)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၆၉၉၉၇၄၅၄

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ထက်ပိုင် ၉/ပမန(နိုင်)၂၉၆၃၂၇ ၏ နိုင်ငံကူး လက်မှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၇၂၄၀၆၁၈

## ပျောက်ဆုံးကြောင်း

ကျွန်မ မဝိုင်းဝိုင်း ၉/လဝန(နိုင်) ၁၈၉၆၆၂ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၇၇၂၈၂၁၃

## အသိပေးပန်ကြားချက်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ (၄၅)ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ (၁၃)ရက်တွင် ကျင်းပမည်ဖြစ်ပါသည်။ ကိုဗစ်-၁၉ ကာလ ကျန်းမာရေးကန့်သတ်ချက်ကြောင့် နေရာအခက်အခဲရှိသဖြင့် ကန်တော့ခံရုပ်ရှင်သက်ကြီး (၁၅၀) ဦးအထိ ဖိတ်ကြားနိုင်ခြင်းမရှိပါ။ သက်ကြီးဝါကြီး (၃၀)ဦးခန့်သာ ဖိတ်ကြားကန်တော့ပြီး ကျန်သောသက်ကြီးမိဘများအား (၁၄-၁၀-၂၀၂၂)ရက်တွင် ကန်တော့ခံငွေနှင့်ပစ္စည်းများအား ဆက်လက်ပေးအပ် လှူဒါန်းသွားမည်ဖြစ်ကြောင်း အသိပေးပန်ကြားအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး




လမ်းမီးများကို အလင်းရောင်ရှိသောအချိန်များ၌

ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

အလင်းရောင်အားနည်းလာသည့်အချိန်တွင်

လမ်းမီးများကို အလိုအလျောက် ဖွင့်စေပြီး

အလင်းရောင်ပေါ်ထွက်လာပါက

အလိုအလျောက်ပိတ်စေသည့်စနစ်ကို တပ်ဆင်ပါ။

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ ၆၆(B) လမ်း၊ မြေကွက်အမှတ်(ခ-၂)၊ ဦးပိုင်အမှတ် (၂၅-ခ)+(၃၄-က)၊ ဧရိယာ(အလျား ၆၀ပေ x အနံ ၂၉ပေ)၊ (၀ဒသမ၀၃၉၉)ကေရှိ နှစ်(၃၀)ဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဦးအောင်ကျော်မိုး ၉/ရထက(နိုင်)၀၇၁၆၉၆မှ မြို့ပြမြေယာနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်လျက်ရှိကြောင်းနှင့်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်ဇာချို(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၁၄/၁၇)
အမှတ်(၁/၂၁၂)၊ အောင်မေတ္တာ(၄)လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၂၈၁၁၁၆၀၂

## အမှတ်တံဆိပ်အမှန်ဖြစ်ပါကြောင်း

၁၀-၁၀-၂၀၂၂ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၀)ပါ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လျှောက်လွှာခေါ်ယူခြင်း ကြော်ငြာတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ Logo အမှတ်တံဆိပ်အမှန်မှာ အောက်ဖော်ပြပါ Logo အမှတ်တံဆိပ် ဖြစ်ပါကြောင်း။

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသူရလမ်း၊ မြေကွက်အမှတ်(၁၁၇၂)၊(အလျား ၆၀ပေ x အနံ ၄၀ပေ)၊ နှစ်(၆၀)ဂရန်မြေကွက်၊ အမည်ပေါက် ဒေါ်ကြည်လေး ၁၂/ဥကတ(နိုင်)၀၁၉၁၇၀ ပိုင်ဆိုင်သည့် မြေကွက်ပေါ်တွင် တည်ဆောက်ထားသည့် အမှတ် ၁၁၇၂ဟုခေါ်တွင်သော ၂ခန်းတွဲ(၆)ထပ် RC တိုက်မှ မြေရှင်ပိုင်ဆိုင်သည့် ခေါင်းရင်းခန်း (၅)လွှာ အခန်းအမှတ် (၀၅-၀၁) အား ပိုင်ဆိုင်သည့် ဦးကျော်မင်းထွန်း ၁၂/ဥကတ(နိုင်)၁၅၇၈၀၂ ၊ ဒေါ်နန်းအိခိုင် ၁၂/ဥကတ(နိုင်)၁၈၇၂၉၀ တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူသည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် နှစ်ဦးနှစ်ဘက် သဘောတူညီပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသည့် မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ စ၍ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇင်မောင်လင်း(LL.B,D.I.L,PGD Social Work,PGD Applied Psychology)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၃၂)
ဒေါ်အေးသန္တာအောင်(LL.B) ဒေါ်ဝင့်ရှင်းပ
အထက်တန်းရှေ့နေ(စဉ်-၃၄၃၉၂) အထက်တန်းရှေ့နေ(စဉ်-၅၁၂၉၅)
IDEAL LEGAL CONSULTANT FIRM
အမှတ် ၄၊ ၁၄၆လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၂၅၂၂၉၂၀၁၀၊ ၀၁-၈၂၉၀၁၈၈

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့် နေရာများ (နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝ ကျော်တက်ခြင်း မပြုရ -

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသော နေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့်ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင်မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက် (Yellow Box) နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မကွေးမြို့၊ ဈေးလယ်စိုးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅-A၊ ရေနံချောင်းရပ်)၊ ဦးပိုင်အမှတ် (၃၉)၊ ဧရိယာ ၀ဒသမ ၀၆၂ကေရှိ မြေကွက်ကို ဦးကျော်ထွန်း အမည်ဖြင့် မြေဂရန်သက်တမ်းတိုး/အမည်ပြောင်းဂရန်အား ဤရုံးသို့ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများဖြင့် မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် လည်းကောင်း၊ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မကွေးမြို့၊ မကြီးကန်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၁၆၅၇-ကၢန္တားကူးတောင်)၊ ဦးပိုင်အမှတ် (၅၅/၁-ခ)၊ ဧရိယာ ၀ဒသမ ၀၈၂ကေရှိ မြေကွက်ကို ဒေါ်မြစန္ဒာမောင်မောင် အမည်ဖြင့် ခွဲစိတ်/အမည်ပြောင်းမြေဂရန်အား ဤရုံးသို့ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများဖြင့် မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လည်းကောင်း၊ မကွေးခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မကွေးမြို့၊ ရွာသစ်၊ ပွဲကြိုရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၈၊ သံကြိုးရုံရပ်)၊ ဦးပိုင်အမှတ် (၁၇-ခ/၁)၊ ဧရိယာ ၀ဒသမ ၀၄၆ ကေရှိ မြေကွက်ကို ဦးဝင့်သူအမည်ဖြင့် မြေဂရန်သက်တမ်းတိုးအား ဤရုံးသို့ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများဖြင့် မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လည်းကောင်း၊ မကွေးခရိုင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနတွင်လည်းကောင်း၊ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အလိမ္မာ စာမှာရှိ

## ဒုတိယ ဗိုလ်မှူးကြီးစံထွန်းဦး(ငြိမ်း)(DSA 19th Intake)
## ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
### အသက်(၆၈)နှစ်

ဖျာပုံမြို့နယ်၊ ကြက်ဖမွေးစောင်းကျေးရွာနေ (ဦးအုန်းမောင်-ဒေါ်အေးရီ)တို့၏သား၊ ကျိုင်းတုံမြို့နယ်၊ ယန်းလောကျေးရွာ(ဦးနန်ရှဲ)-ဒေါ်နန်းတစ်တို့၏သားသမက်၊ ဒေါ်နန်း နွံ(ခ) ဒေါ်နန်းငယ်ငယ်ဦး၏ ချစ်လှစွာသောခင်ပွန်း၊ စိုင်းရာဇာဦး 2nd Engineer- ဒေါ်နီနီ၊ နန်းအင်ကြင်းဦး၊ နန်းငုဝါဖူးပွင့်ဦး၊ စိုင်းကောင်းစေသော်တို့၏ ကျေးဇူးရှင် မွေးသဖခင်ကြီး၊ မြေး စိုင်းအောင်မြတ်ကြွယ်(ခ)တုန်တုန်နှင့် မြေးလေး ချစ်ချစ်တို့၏အဘိုး ဒုတိယဗိုလ်မှူးကြီး စံထွန်းဦး(ငြိမ်း)သည် ၉-၁၀-၂၀၂၂ရက် (တနင်္ဂနွေနေ့) ည ၈ နာရီတွင် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် နေအိမ်၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၂၂ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ ကေ့ွကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တအင်္ဂိရ
### သက်တော်(၉၀)နှစ်၊ သိက္ခာတော်(၇၀)ဝါ

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မဏိရတနာရာမမြတောင်ကျောင်းကြီး၏ အဓိပတိ မဟာနာယက၊ ဩဝါဒါစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ သမ္မတစာချကျောင်း ပဓာနနာယက၊ ဘဒ္ဒန္တအင်္ဂိရမဟာထေရ် မြတ်ကြီးသည် (၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်) ၉-၁၀-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၈း၄၁နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့်ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်၊ ၁၅-၁၀-၂၀၂၂ရက်(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် သာစုကိုဋ္ဌ ပူဇာသဘင် ဆင်ယင်ကျင်းပပြီး အေးရိပ်ငြိမ် သုသာန်သို့ ပင့်ဆောင်၍ နံ့သာထင်းမျိုးစုံတို့ဖြင့် မီးသဂြိုဟ်ပူဇော်မည်ဖြစ်ပါကြောင်း တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမတို့အား အကြောင်းကြားအပ်ပါသည်။

**ဈာပနပူဇော်ပွဲ ကျင်းပရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အကြောင်းကြားစာ

ရေတာရှည်မြို့နယ်၊ ရေတာရှည်မြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၅)၊ ရွာမရပ်၊ ဦးပိုင်(၁၁၂/က) မြေဧရိယာ (၀ဒသမ၀၆၁)ဧကရှိမြေအား ဦးဒီနေ့စ် ကူမာရ်ပါ(၂)ဦး အမည်ဖြင့် မြေငှားဂရန် သက်တမ်းတွင်း အမည်ပြောင်း လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများအနေဖြင့် မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ကြေညာသည့်ရက်မှ ၁၅ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူကို မြေငှားဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ရေတာရှည်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီး စံထွန်းဦး(ငြိမ်း)
### B.Sc,D.S.A(19 th Intake)၊ကြည်း-၁၄၃၂၅
### အသက်(၆၈)နှစ်

နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ နှမ်းခင်းကြီးရပ်ကွက်၊ အမှတ်(န/၂၄၆)နေ ဒေါ်နန်းနွံ့(ခ)ဒေါ်နန်းငယ်ငယ်ဦး၏ခင်ပွန်း၊ စိုင်းရာဇာဦး-ဒေါ်နီနီ၊ နန်းအင်ကြင်းဦး၊ နန်းငုဝါဖူးပွင့်ဦး၊ စိုင်းကောင်းစေသော်တို့၏ မွေးသဖခင်၊ စိုင်းအောင်မြတ်ကြွယ်၊ ချစ်ချစ်တို့၏အဘိုးဖြစ်သူ ဒုတိယဗိုလ်မှူးကြီး စံထွန်းဦး(ငြိမ်း)သည် ၉-၁၀-၂၀၂၂ရက်(တနင်္ဂနွေနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ချစ်သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

**စစ်တက္ကသိုလ် အပတ်စဉ်(၁၉)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ဦးဝင်းငွေ(ဟင်္သာတမြို့)
## ဥက္ကဋ္ဌ-အထက(၂)ကျောင်းသားဟောင်းအဖွဲ့
### ရွှေငွေးလေးမိသားစု
### အသက်(၇၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ လက်သမားမြောက်ရပ်ကွက်၊ ရွှေစေတီလမ်း၊ အမှတ်(၄၀)နေ (ဦးကျော်ဟိန်း-ဒေါ်မြရီ)တို့၏သား၊ (ဦးကျန့်ရှောင်-ဒေါ်တင်အေး)တို့၏သားသမက်၊ ဦးစိန်ငွေး-(ဒေါ်သန်းဦး)၊ ဦးမြငွေး-(ဒေါ်စန်းမြင့်)၊ ဦးငွေငွေး-(ဒေါ်မြင့်မြင့်တင်)၊ ဦးအောင်ကျော်ငွေးတို့၏ညီ၊ ဒေါ်ခင်ခင်ငွေး၏အစ်ကို၊ (ဒေါ်သန်းသန်းအေး)၏ခင်ပွန်း၊ ဒေါက်တာဇော်မင်းထွန်း-ဒေါ်သင်းသင်းခိုင်တို့၏ဖခင်၊ မောင်ဖြိုးငွေးပြည့်စုံ၊ မအိမ့်သဉ္ဇာငွေးတို့၏အဘိုးသည် ၇-၁၀-၂၀၂၂ရက် (သောကြာနေ့) ည ၁၀:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၂၂ရက် (တနင်္ဂနွေနေ့)တွင် ဟင်္သာတထန်းပင်ကုန်းသုသာန်၌ ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းငွေး(ဟင်္သာတမြို့)
### ရွှေငွေးလေး မိသားစု

ဒေါက်တာ ဇော်မင်းထွန်း-ဒေါ်သင်းသင်းခိုင် တို့၏ဖခင် ဦးဝင်းငွေးသည် ၇-၁၀-၂၀၂၂ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**ဦးစိုးခိုင်-ဒေါ်တင်နု မိသားစု**
**မင်းဘူးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၁၁၀) ဧကရှိ ဒေါ်ရင်ရင်သက် ၁၂/ရကန(နိုင်)၀၁၆၅၆၈(ဘ)ဦးအေးသက် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၀၃၈၆) ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၆၀/၂၀၂၁(၂၅-၁-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက် ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်သန္တာမိုး ၉/ကပတ(နိုင်) ၂၃၇၄၉၁(ဘ)ဦးတင်ရှိန်မှ ဦးတင့်ခိုင် ၁၂/အစန(နိုင်) ၀၀၂၇၄၃နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ သုခလမ်း၊ အမှတ်(၄၈၅/ဘီ)၊ မြေကွက်အမှတ်(၃/ဒု၄၈၅/ဘီ)၊ ဧရိယာ ဧက(၄၀ x ၅၀)၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ချမှတ်ပေးသော ပါမစ်မြေကွက်နှင့် အဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်ခင်အုန်းဆီမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်စွာမိုး ၈/သရန(နိုင်) ၀၄၇၃၄၈က ဝယ်ယူရန်သဘောတူညီ၍ အပိုင်ဝယ်ယူရန် စရန်ငွေအားပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်တို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးအောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၀)**
**ဖုန်း-၀၉-၅၀၄၀၆၃၂၊ ၀၉-၆၉၇၇၇၇၉၉၉**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာကြီး
## ဦးအုန်းမြင့်
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
### မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
### (မြို့မကျောင်းသားဟောင်း)
### ကညွတ်ကွင်းမြို့
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးထွန်းစိန်-ဒေါ်လှမေ)တို့၏သား၊ (ဦးခင်မောင်-ဒေါ်မြကျင်)တို့၏သားသမက်၊ (ဦးလှမောင်-ဒေါ်ခင်လှ)၊ (ဦးဝင်းကြည်-ဒေါ်တင်လှ)၊ (ဦးစံမြင့်-ဒေါ်မြင့်မြင့်ရီ)၊ (ဦးမျိုးမြင့်)-ဒေါ်ခင်ဆွေတို့၏ညီ/မောင်၊ (ဦးထွန်းရီ)-ဒေါ်နွဲ့နွဲ့ဝေ၊ ဦးအေးဟန်-(ဒေါ်ခင်မြမြ)၊(ဦးကျော်မြင့်-ဒေါ်ခင်ကြည်ကြည်)တို့၏ အစ်ကို၊ ဒေါ်ယုဝင်းလှိုင်၊ ဦးအောင်ခိုင်တို့၏ချစ်လှစွာသောကျေးဇူးရှင် မွေးသဖခင်၊ တူ၊ တူမ ၂၆ယောက်တို့၏ ဦးလေး၊ ဒေါ်တင့်တင့်ကြည်(အထပြ-ငြိမ်း၊ အထက-၃၊ ဒဂုံ)၏ ချစ်လှစွာသောခင်ပွန်း ဦးအုန်းမြင့် သည် ၉-၁၀-၂၀၂၂ရက် (တနင်္ဂနွေနေ့) နေ့ မွန်းလွဲ ၁:၄၅နာရီတွင် Grand Hantha ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဒေါ်သန်းညွန့်@Daphne
### အသက် (၈၃) နှစ်

ရန်ကုန်မြို့နေ စက်ရှင်တရားသူကြီး ဦးဖိုးလုံး - ဒေါ်မမလေးတို့၏မြေး၊ ပလေဒီယံဦးစံညွန့် - ဒေါ်နီနီတို့၏သမီး၊ ကျောက်ဖြူမြို့ ဦးမောင်ကြီး(သစ်ထုတ်လုပ်ရေးမန်နေဂျာ)- ဒေါ်အုန်းမြိုင်တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့နေ ဦးအုန်းကျော်[လ/ထ အင်ယာ(ငြိမ်း)လမ်း/သု ဆောက်လုပ်ရေး]၏ဇနီး၊ (ဒေါ်ခင်မမညို) အထပြ(ငြိမ်း)၊ (ဒေါ်မမစန်း)အလပြ(ငြိမ်း)၊ (ဒေါ်ဝေဝေသင်း) နိုင်ငံခြားရေးရုံးတို့၏ အစ်မကြီး၊ ဦးကျော်စွာဝင်း - ဒေါ်မေဖြူကျော်၊ ဦးကျော်လင်းဟန် - ဒေါ်နန္ဒာအောင်၊ ဦးရဲသူရထွန်း - ဒေါ်ရူပါတို့၏ မွေးသမိခင် ကျေးဇူးရှင် မြေး ခြောက်ယောက်တို့၏ အဘွားသည် ၁၀-၁၀-၂၀၂၂(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၂၂ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သိန်းညွန့်(ဓာတုဗေဒဝန်ရုံး၊ ငြိမ်း)
### အသက်(၈၀)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ သူနာပြုတက္ကသိုလ်၊ ဝန်ထမ်းအိမ်ရာ(တိုးချဲ့)နေ (ဦးဘိုးကြွယ်-ဒေါ်သန်းတင်) တို့၏ သမီးကြီး၊ (ဦးမြစိန်-ဒေါ်ညွန့်ညွန့်)တို့၏သမီးချွေးမ၊ ဗိုလ်ကြီးအောင်ကြည်(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ပါမောက္ခ ဒေါ်အေးအေးကြည်(ပါမောက္ခ/ဌာနမှူး၊ စိတ်ကျန်းမာရေး သူနာပြုစုမှုပညာဌာန၊ သူနာပြုတက္ကသိုလ်၊ ရန်ကုန်)၊(ဦးသိန်းထိုက်)တို့၏ မိခင်၊ (ဦးကံညွန့်)၏ညီမ၊ (ဦးတင်ထွန်း)၊ ဦးစံလွင်-ဒေါ်အေးသန်း၊ (ဦးထိန်ဝင်း)-ဒေါ်ခင်ခင်အေး၊ ဦးကံထွန်း-(ဒေါ်တင်တင်လှ)၊ ဒေါ်စိန် အေးတို့၏ အစ်မကြီးသည် (၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့) ၉-၁၀-၂၀၂၂ရက် (တနင်္ဂနွေနေ့)နံနက် ၆:၁၇နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၂၂ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ ဇေယျာသိဒ္ဓိလမ်း၊ အမှတ် (၁၆၅) ဟုခေါ်တွင်သော (၂)ခန်းတွဲ(၆)ထပ်တိုက်၏ ၆-လွှာ၊(တိုက်ရှေ့မျက်နှာမူလျှင်-ယာဘက်)၊ အကျယ်အဝန်း(၁၂ပေခွဲ x၆၀ပေ)ရှိ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်းကို လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြု သူများဖြစ်သော ဒေါ်အေးအေးမော် ၁၂/ဒပန(နိုင်) ၀၃၇၈၂၅ နှင့် ဦးအောင်ကိုကို ၁၂/ဒပန(နိုင်)၀၆၇၆၈၂ တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးသန့်ဇင်ကို ၉/ရမသ(နိုင်)၁၃၅၅၉၀ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်ကို ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ် ၅/၁၁၊ ဘီ(မြေညီ)၊ဇျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊၀၉-၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

## ဒေါ်သန်းစိန်(ထားဝယ်)
## အသက်(၉၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်နောက်ရပ်ကွက်၊ (၈၈)လမ်း၊ အမှတ်(၄၃၊ ပထမထပ်)နေ (ဦးဘွန်စွမ်(ခ)ဦးထိန်ရှင်း)၏ဇနီး၊ ဦးမျိုးနိုင်(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်မာလာလွင်တို့၏ မိခင် ဒေါ်သန်းစိန်သည် ၉-၁၀-၂၀၂၂ရက် ည ၁၁:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါက်တာ တင်ဦးလှိုင်
### (ဦးစီးအရာရှိ၊ မြို့နယ်ဦးစီးမှူး)မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
### ကျောက်ပန်းတောင်းမြို့၊ ညောင်ဦးခရိုင်
### အသက်(၄၇)နှစ်

သာစည်မြို့နယ်၊ ညောင်ရမ်း၊ ဝွေးကုန်းအရှေ့ရွာနေ ဦးအေးသောင်-ဒေါ်မေ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ လလ ၆၂(၁+၂)နေ ဦးထွန်း-ဒေါ်အမ တို့၏မြေး၊ ဦးမြင့်-ဒေါ်သန္တာ(လ/ထ ကထိက၊ စစ်ကိုင်းပညာရေးကောလိပ်)၊ ဒေါ်ခင်သီတာ(ချမ်းသာအောင် ကား)၊ ဒေါက်တာ မောင်မောင်စိုး(ပါမောက္ခ၊ တရုတ်ဘာသာဌာန)တို့၏ညီ/မောင်၊ ဒေါ်သင်းသင်းလှိုင်( အင်ဂျင်နီယာ၊ သုခထွန်း္ခေါင် ဆောက်လုပ်ရေး)၏ အစ်ကို၊ ဒေါက်တာ စိန်လှိုင်(အရိုးအထူးကု)-ဒေါ်စန်းစန်း(အထပြ၊ အထက-၄)တို့၏သားကြီးသည် ၈-၁၀-၂၀၂၂ရက် (စနေနေ့)ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၂၂ရက် (တနင်္လာနေ့)ညနေ ၃နာရီတွင် ကျောက်ပန်းတောင်းမြို့ မီးသဂြိုဟ်စက်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက် အမှတ် ၈၃၈၊ ဧရိယာ ၀ဒသမ ၀၈၂ ဧကရှိ ဦးအောင်စိုး အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်မေမြတ်မွန် (ဘ)ဦးနိုင်မိုး ၁၃/မပန(နိုင်) ၀၃၉၆၅၀ မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
### ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
### ၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၀နှင့်ဆက်နွယ်သည့်
### ၂၀၂၁ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၄

| | | |
|---|---|---|
| ၁။ မအိအိမွှေး | နှင့် | ဒေါ်ချိုချိုငွေး |
| ၂။ မအိအိဖွေး | | |
| (ကွယ်လွန်သူဒေါ်မာမာဝင်း၏ အမွေဆက်ခံသူများ) | | |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ပင်လုံရပ်ကွက်နေ တရားရှုံး ဒေါ်ချိုချိုငွေး (ယခုနေရပ်လိပ်စာမသိရှိသူ)သိစေရမည်။

၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ် ၁၁၀ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၂ခုနှစ် အောက်တိုဘာလ ၂၈ ရက်(၁၃၈၄ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၂ခုနှစ် အောက်တိုဘာလ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သင်းသင်းလွင်)
ဒုတိယခရိုင်တရားသူကြီး
ပြင်ဦးလွင်ခရိုင်တရားရုံး

သင့်သွေး ဖြင့် အသက် ကယ်ပါ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၄၀၇)ဟုခေါ်တွင်သော မြေတိုင်း ရပ်ကွက်အမှတ်(၃၉/B)၊ မြေကွက်အမှတ်(၂၉၃)၊ အကျယ်အဝန်း(၄၀ x ၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်ကြီးအနက်မှ (ခေါင်းရင်းဘက်အခြမ်း)၊ (၂၀ x ၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ဦးအောင်သိန်း(BR-015280) ၁၂/သဃက(နိုင်) ၁၀၁၈၈၆ကိုယ်တိုင်မှ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်း၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးနေဝင်းအောင် ၁၂/ပဘတ(နိုင်) ၀၀၃၀၈၇က အပြီးအပိုင် ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်းခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငွေးငွေးဝင်း(LL.B,D.I.L,WIPO(Switzerland))**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၆)**
**အမှတ်(၂၇)၊ နိဂြောဓလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၇၈၅၀၃၇၅၅၈**

**ယနေ့တပ်မတော်က နိုင်ငံတော်တာဝန်ကို ရယူထမ်းဆောင်နေရခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်။ ယခင်အစိုးရတာဝန်ရှိသူတွေ၊ ရွေးကောက်ပွဲကိုယ်စားလှယ်တွေနဲ့ ရွေးကောက်ပွဲမှာ တာဝန်ရှိသူအသီးသီးတို့က အခြေခံဥပဒေနဲ့ တည်ဆဲဥပဒေတွေကို ချိုးဖောက်ခဲ့တဲ့အတွက် ဒီလိုဖြစ်ခဲ့ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တည်ထောင်စ ဒီမိုကရေစီစနစ် ညှိုးနွမ်းခဲ့ရပါတယ်။ ဒီလိုကိစ္စတွေ ထပ်မဖြစ်ဖို့လိုပါတယ်။ ဒီမိုကရေစီအနိုင်ကျင့်မှု၊ ဒီမိုကရေစီအမည်ခံ အာဏာရှင်စနစ်ထူထောင်မှု၊ အဖွဲ့အစည်း(Institution)ထက် ပုဂ္ဂိုလ်ရေးဩဇာထူထောင်မှုတွေ ထပ်မံမပေါ်ပေါက်အောင် ဆောင်ရွက်ရပါမယ်။ ရွေးကောက်ပွဲတွေမှာ ကြီးမားတဲ့ မဲမသမာမှုတွေမဖြစ်အောင် ဆောင်ရွက်ရပါမယ်။ ဒီအတွက် ခုချိန်မှာ အခြေခံအုတ်မြစ် တည်ဆောက်ဖို့လိုပါမယ်။ အခြေခံရမယ့်အချက်တွေ ခိုင်မာဖို့လိုပါမယ်။ ဒါတွေကို ဆောင်ရွက်နိုင်ဖို့ ပြည်သူလူထုနဲ့ ပြည်ထောင်စုနိုင်ငံရဲ့အနာဂတ်ကောင်းကျိုးကို ရည်မှန်းပြီး ကျွန်တော်တို့အစိုးရက ဆောင်ရွက်လျက်ရှိပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး(၂/၂၀၂၂)တွင်ပြောကြားချက်များမှ ကောက်နုတ်ချက်)

၃၁-၇-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



# မုဒုံမြို့နယ်ရှိ ကန်ကြီးမင်္ဂလာကန်တော်၌ မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကျင်းပ

**မုဒုံ အောက်တိုဘာ ၁၀**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ်ရှိ သမိုင်းဝင် ဆံတော်ရှင် ကန်ကြီးစေတီတော်မြတ်ကြီး၏ (၁၄၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲကို ကန်ကြီး မင်္ဂလာကန်တော်၌ ယမန်နေ့က ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ကန်ကြီးစေတီဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တကေတုဝါရနှင့် ဂေါပကအဖွဲ့ဝင်များက အထင်ကရကန်ဖြစ်သည့် ကန်ကြီးမင်္ဂလာကန်တော်အား ရှိခိုးဦးတိုက်ကန်တော့ပြီး ပြိုင်ပွဲကိုစတင်ခဲ့ရာ မုဒုံမြို့ပေါ်ရပ်ကွက်များမှ ရွှေဘိုလှေလှော်အသင်းနှင့်

*စာမျက်နှာ ၈ ကော်လံ ၅* ❍

ယနေ့ သတင်းအညွှန်း

**စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၃၈၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**
ပြည်တွင်းသတင်း စာ - ၁၁
.......................
**ကမ္ဘာ့စားနပ်ရိက္ခာနှင့် ကုန်ဈေးနှုန်းများ ကျဆင်းနေသည့်တိုင် အမြင့်ဆုံးအဖြစ် ဆက်လက်ရှိနေဆဲ ဈေးနှုန်းများ**
နိုင်ငံတကာရေးရာ စာ - ၁၄
.......................
**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၃၂ ဦး တွေ့ရှိ**
ပြည်တွင်းသတင်း စာ - ၁၅

# MNL ပြိုင်ပွဲတွင် ရောဝတီအသင်းကို ဟံသာဝတီအသင်း နှစ်ကျော့စလုံးအနိုင်ယူ

**ရန်ကုန် အောက်တိုဘာ ၁၀**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၅) တတိယနေ့အဖြစ် ရောဝတီအသင်းနှင့် ဟံသာဝတီအသင်းတို့ အောက်တိုဘာ ၁၀ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ဟံသာဝတီအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အမှတ်ပေးဇယား အဆင့်ရပ်တည်မှုအတွက် အရေးပါသည့် ပွဲဖြစ်သည့်အပြင် ရမှတ်တူနှစ်သင်း ထိပ်တိုက်တွေ့ဆုံသည့်ပွဲတွင် ဟံသာဝတီအသင်းက ရောဝတီအသင်းကို နှစ်ကျော့စလုံး အနိုင်ယူခဲ့သည်။ ရောဝတီအသင်းသည် ပွဲဆက်များနေသဖြင့် ယခုပွဲတွင် အမာခံကစားသမားအများစုကို အနားပေးကာ လူငယ်ကစားသမားများဖြင့် ပွဲထွက်ခဲ့သဖြင့် ဟံသာဝတီကို ယှဉ်ကစားရာတွင် အခက်အခဲရှိခဲ့ပြီး အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ဟံသာဝတီအသင်း သည် ကိုကိုနိုင် (ဂိုး)၊ ရွှေလှိုင်ဝင်း၊ ရဲရင့်အောင်၊ ရန်နိုင်အောင်၊ ဝင်းမိုးကျော် စသည့်အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ရောဝတီအသင်းမှာမူ အမာခံကစားသမားအဖြစ် အသင်းခေါင်းဆောင် အောင်နိုင်ဝင်းအပါအဝင် အနည်းငယ်သာ ပါဝင်ခဲ့သည်။ ပွဲအစ ကိုးမိနစ်မှာပင် ဟံသာဝတီအသင်း ဂိုးစတင်ရရှိခဲ့ပြီး နေမိုးနိုင်က သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရောဝတီအသင်းကလည်း

*စာမျက်နှာ ၂၆ ကော်လံ ၁* ❖



ရောဝတီအသင်းနှင့် ဟံသာဝတီအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-MNL